MYANMAR
# ICT
JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNIC
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 12 MAR 25 - 31,
WWW.ICT.COM.MM

KONICA MINOLTA
Authorized Distributor:
GANDAMAR
O.A. & Business System
Hot Line : 383932, 383934



**Range Rover** 2013

**MOTOROLA** RAZA MAXX

**Nikkon** D700

## Apple နှင့် Samsung ကြားက Smart Watches တိုက်ပွဲ

## လှိုင်တက္ကသိုလ်နယ်မြေ MICT Park ထဲမှာ လာရောက်ဆွေးနွေးပွဲ လုပ်ခဲ့တဲ့ Googleမှ Mr. Eric Schmidt

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို Business Airport အဖြစ် ဆောင်ရွက်သွားမည်

## အသွင်သစ် အမြင်သစ်ဖြင့် ထုတ်လွှင့်မည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

360,000 Kyats
Silver, Gold, Platinum, Platinum+, Prepaid Plan
* Limited Stock
* Limited Area
* Terms & Condition Apply
270,000 Kyats
Gold+ Plan Only
Broadband WiMAX Service

REDLINK COMMUNICATIONS
Yangon ICT Fair (Computer & Mobile) နှင့် မြန်မာနှစ်သစ်ကူးအကြို
PROMOTION
22nd - 31st March 2013

YANGON ICT FAIR ( COMPUTER & MOBILE )
22-24 MARCH 2013
TATMADAW HALL ( BOOTH NO. C 1 )
နှင့်
RedLink Sales Offices များ နှင့်
Sales Agents များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။

Sales Offices
* Pearl Condo : 09 73031684 ~ 85
* BAK (IT Mall) : 09 43170015
* Junction Square : 09 43170016
* Chaw Twin Gone : 01 660304, 664282
* Junction Maw Tin : 09 431 38326

Certificate No. TH 10/5319

Photography: ကိုအောင်ပြည့်


AOC
Art Of Colors
Be Slim, Be IPS to Become Fashion
New Arrival AOC's IPS series Monitor
www.aoc.com
iF product design award 2012
3 year Warranty
Incredible 178° Wide Viewing Angle
Precise Colour
Solid Panel
57 SERIES Boost your view with award-winning design and exceptional IPS display technology.
67 SERIES Stand-out style and exceptional IPS display technology will please those who seek perfection.
New Products
i2757FM 27"
LED - IPS Panel Technology
Resolution -1920x1080@60Hz
Contrast Ratio - 20,000,000:1
Response Time - 5ms
Input Connector - VGA, Twin HDMI Ports
Speaker - Yes
Power Consumption - Power On <20W, Standby <0.5W
i2267Fw 22"
LED - IPS Panel Technology
Resolution -1920x1080@60Hz
Contrast Ratio - 50,000,000:1
Response Time - 5ms
Input Connector - VGA, Twin HDMI Ports
Speaker - Yes
Power Consumption - Power On <20W, Standby <0.5W
STAR UNIVERSE
AUTHORISED IT DISTRIBUTOR
58B Myanma Gon Yaung Housing Than Thu Mar Road Tamwe Township 11211 Yangon Myanmar.
Telephone: 01.430.013, 01.549.193, 09.7305.6015


AVTECH
AVC183
kpc189
AVK584
kpc138
kpc148
AVC700
kpc131
AVK544
kpc132
kpc139
Distributed by Sky World Co.,Ltd.
#011A, Shwemyayar Complex, Myayargone Street, Mingalartaungnyunt. Tsp., Yangon, Myanmar.
Tel: 018619168, 09 43099000, 09 7164857, 09 5113005, 09 5081714


VANGUARD
SAP
Business Services and Process Consulting
We specialise in the implementation and support of ERP solution for small to medium sized enterprises(SMEs).
We implements and intergrates customised SAP Business One Solutions to help clients increase profitability and improve operational efficiencies.
Our Approach:
Comprehensive Planning
Expert Customization
Swift Deployment
Seamless Integration
Reliable Support
Other Services:
Internal Audit (Specialised in ERP environment)
Business Planning & Analysis
Financial Reporting
Corporate Training
Business Intelligent
Lead Consultants
Mr. Timothy Latt, B.Bus, M.Bus(ERP), CPA (Australia)
Mrs. Anita Kyu Kyu, B.E(Electronics), Grad Dip, IT(Australia)
C08-78 Kyaik Ka San Rd, Tarmway,Yangon.
Ph: 09 448 538 648, 09 518 7306
Email: tim.latt@vanguardmm.com

# စက်သုံးဆီ အသုံးပြုရာတွင် ကိုယ်တိုင်ဆီထည့် အသုံးပြုနိုင်သော e-filing Station Software စနစ်ဖြင့် အသုံးပြုနိုင်ပြီဟု သိရ


Image Credit: www.socialmediaexaminer.com

e-filing Software စနစ်မှာ ဆီပန့်ခ်နှင့် ကွန်ပျူတာကို တိုက်ရိုက် ချိတ်ဆက် ထားသောစနစ် ဖြစ်သည်။ တချို့ဆိုင်တွေက ဆီထည့်တာ မပြည့်သလိုပဲ။ တစ်ဆိုင်နဲ့ တစ်ဆိုင် ဆီထည့်တာ မတူဘူး။ အဲဒါကြောင့် ဆိုင်ရွေးပြီး လိုက်ထည့် ရတယ်ဟု Taxi ဒရိုင်ဘာ တစ်ဦးထံမှ သိရသည်။ ယင်းကိစ္စရပ်များကို မကြာခဏ ဖြစ်တတ်ကြသည်ဟု စုံစမ်း သိရသည်။ ယင်းစနစ်ကို ရန်ကုန်တိုင်း ဒေသကြီး အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များတွင် ကိုယ်တိုင် ဆီဂေါက်ကိုင်၍ ဆီထည့် အသုံးပြုနိုင်ပြီဟု အင်ဖိုစစ် မြန်မာမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ထုတ်လုပ်မှုပိုင်း အကုန်လုံး ပြီးစီးသွားပါပြီ။ မကြာခင်မှာ ရန်ကုန်မြို့တွင် ရှိသော ဆီဆိုင်များမှ စတင်စမ်းသပ် အသုံးပြုတော့မည် ဖြစ်ပြီး ဆီပန့်ခ်နှင့် ကွန်ပျူတာ ချိတ်ဆက်ပြီး ကိုယ်တိုင် ဆီဂေါက်ကိုင်ပြီး ဆီထည့်နိုင်ပြီ ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်၏ ပြောကြားချက်အရ သိရပါသည်။

မန္တလေးမြို့တွင်လည်း ပြုလုပ်သွားမည်ဟု သိရပြီး e-filling Station စနစ်မှ ဆီပန့်ခ်နှင့် ကွန်ပျူတာကို တိုက်ရိုက် ထိန်းချုပ်ထားသောကြောင့် ဆီပို ထွက်ခြင်းကို ထိန်းချုပ်သည်ဟု သိရသည်။ ထိုစနစ်ကို လက်ရှိ ငွေသားနှင့် အသုံးပြုနိုင်မည် ဖြစ်သော်လည်း နောက်နောင်များတွင် Master ကတ်၊ MPU ကတ်၊ Visa ကတ်စနစ် များဖြင့် အသုံးပြုရာ၌ ဘဏ်များတွင်ရှိသော POS စနစ်နှင့် ဆီဆိုင်သုံး Software စနစ်များဖြင့် ချိတ်ဆက်၍ ဆောင်ရွက်နိုင်မည် ဖြစ်သည်ဟု သိရသည်။ "ဒီစနစ်ကို ကတ်စနစ်နဲ့ အသုံးပြုနေတာကတော့ နိုင်ငံတော်တော်များများမှာ အသုံးပြု နေကြပြီ"ဟု အထက်ပါ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ပါသည်။

# ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို Business Airportအဖြစ် ဆောင်ရွက်သွားမည်

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် Business Airport အဖြစ်ဆောင်ရွက်သွားရန် နိုင်ငံတကာ စံချိန်စံညွှန်းအရ အဖွဲ့နှင့် စိစစ်ခဲ့ပြီး၊ လုပ်ငန်းရှင်များအား တင်ဒါ ခေါ်ယူဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ထိုသို့ ပြုလုပ်ရာတွင် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များကို ဖိတ်ခေါ် ရှင်းလင်းခြင်း၊ ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ လေဆိပ် ဖွံ့ဖြိုးရေး စီမံကိန်းအတွက် အကြို အရည်အချင်း ဆန်းစစ်ရန် ကုမ္ပဏီများ ခေါ်ယူခြင်းနှင့် အကြိုအရည်အချင်း အောင်မြင်သော အဖွဲ့အစည်းအမည် ကြေညာခြင်း အစရှိသော လုပ်ငန်းများကို ဆောင်ရွက်သည့်အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ၂၀၁၃ခုနှစ်၊ မတ်လ (၁၄)ရက်နေ့တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနနှင့် တင်ဒါရှင်များ Pre-Bid Conference ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် တင်ဒါ တင်သွင်းမည့် နောက်ဆုံးရက်ကို ၂၀၁၃ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့အထိ သတ်မှတ်ထားပြီး၊ အဆိုပြုလွှာများ အကဲဖြတ်မှုကို ဇွန်လပိုင်း၊ (၅)ရက်နေ့အထိ သတ်မှတ်ကာ ရွေးချယ်ခံသော တင်ဒါရှင်နှင့် လုပ်ငန်းညှိနှိုင်း ဆွေးနွေးမှုကို စတင် ဆောင်ရွက်သွားမည်ဟု အဆိုပါ ဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

# နိုင်ငံကူးလက်မှတ်ကို (၁၀)ရက်အတွင်း ရရှိအောင် ဆောင်ရွက်နေပြီဟု သိရ

မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးမှ မြန်မာနိုင်ငံကူး လက်မှတ် ပတ်စ်ပို့များကို မတ်လကုန်မှ စတင်ကာ လျှောက်ထားသူများအတွက် (၁၀) ရက်အတွင်း ရရှိအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်ဟု သိရသည်။

ယခင်က မြန်မာနိုင်ငံကူး လက်မှတ် ပတ်စ်ပို့လျှောက်ထားမှု ကြာမြင့်ချိန်သည် ရက် ၃၀ကြာခဲ့သော်လည်း ယခုအခါ ဖြေလျှော့ပေးမှုများ အရ (၁၀)ရက် အတွင်း ရရှိအောင် ဆောင်ရွက်ပေးမည်ဟု ပတ်စ်ပို့ရုံးမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောပြချက် အရသည်။

မြန်မာနိုင်ငံကူး လက်မှတ် ပတ်စ်ပို့များ လျှောက်ထားရာတွင် မတ်လ ၁၈ရက်နေ့မှ စတင်၍ ဖြေလျှော့ပေးမှု အနေနှင့် ပညာရေး ကင်းရှင်း ထောက်ခံချက်များ ဖြေလျှော့ပေးလိုက်ပြီး ဘဏ္ဍာရေးနှင့် အခွန်ဂန်ကြီးဌာနမှ ရယူရသော အမြတ်ခွန်ပုံစံ ပုံစံ ၁၉နှင့် ပုံစံ ၁၇ စာရွက်စာတမ်း အထောက်အထား အစရှိသည်တို့ကိုလည်း ယခုလ အတွင်းတွင် ဖြေလျှော့မှု ပေးလိုက်ပြီ ဖြစ်ကြောင်း ယခင်က ပတ်စ်ပို့ လျှောက်ထားရာတွင် သက်ဆိုင်ရာ ဂန်ကြီးဌာနများမှ ထုတ်ပြန်သော ထောက်ခံစာနဲ့ စာရွက်စာတမ်းများကို ရယူပြီး အဆင့်ဆင့် စိစစ်ရသည့် အတွက် မြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးနိုင်မှု အချိန်ကြာမြင့်ခဲ့ပြီး ယခုအခါတွင် လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ပြီဟု အထက်ပါ တာဂန်ရှိသူများထံမှ သိရသည်။

ထိုသို့ လျှော့ချရာတွင် မြန်မာနိုင်ငံကူး လက်မှတ် လျှောက်ထားသည့် လျှောက်လွှာ ပုံစံများကို ပုံစံ ၁၄ရွက် ဖြည့်သွင်းခဲ့ရာမှ လျှောက်လွှာပုံစံ ၅ ရွက်အထိ လျှော့ချခဲ့ပြီး အထောက်အထားများ ပူးတွဲလျှောက်ထားရန် မလိုတော့ကြောင်း သိရပါသည်။ နိုင်ငံကူး လက်မှတ် လျှောက်ထားရာမှာ ကုန်ကျစရိတ် ငွေကျပ် နှစ်သောင်း သုံးထောင်ခန့်သာ ဖြစ်ပြီး လျှောက်ထား သူများမှာ မိမိတို့၏ ကိုယ်ရေး မှတ်တမ်း ပုံစံများကို မှန်ကန်စွာ ဖြည့်စွက် လျှောက်ထားပါက လွယ်ကူစေမည်ဟု သိရသည်။ ယခု ပတ်စ်ပို့ လျှောက်ထားရာတွင် လျှောက်ထားသူ အနေနှင့် စာရွက်စာတမ်းအတွက် သန်းခေါင်စာရင်းနဲ့ မှတ်ပုံတင် မူရင်းတို့ကို ယူဆောင်လာရုံနဲ့ ပတ်စ်ပို့လျှောက်ထားနိုင်မှာ ဖြစ်သည်ဟု သတင်းရရှိသည်။




Gallery 65တွင် ပန်းချီဆရာ ပေါ်သိမ်း၏ တစ်ကိုယ်တော်ပန်းချီပြပွဲ "INTUITION"ကို ပြသသွားမည် ဖြစ်ပြီး ပန်းချီကားပေါင်း ၅၀ ပါဝင်မည်ဟု သိရသည်။ ပြပွဲကို ဧပြီ (၁)ရက်နေ့မှ (၃၀)ရက်နေ့အထိ နေ့စဉ် မနက် ၁၀နာရီမှ ညနေ ၆နာရီအထိ ပြသသွားမည် ဖြစ်သည်။ သူသည် လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် အခြေချနေထိုင်ပြီး ပန်းချီကားများ ရေးဆွဲလျက်ရှိသည်။ ဤပြပွဲသည် ပန်းချီဆရာ ပေါ်သိမ်း၏ Gallery 65တွင် ပြုလုပ်သော ဒုတိယအကြိမ်မြောက် ပန်းချီပြပွဲဖြစ်ပါသည်။

## မသန်စွမ်းသူများအတွက် အွန်လိုင်းရေဒီယို အသစ်တစ်ခု စတင်နေပြီဟု သိရ

မသန်စွမ်းသူများအား အသိပညာပေး အစီအစဉ်များ ပါဝင်သော MILI Online ရေဒီယို စတင် နားဆင်နိုင်ပြီဟု MILI Online ရေဒီယို မြန်မာနိုင်ငံ မသန်စွမ်းသူများ အရေးဆောင်အဖွဲ့၏ Websiteများအရ သိရသည်။ အဆိုပါ Onlineတွင် အမြင်အာရုံ ချို့ယွင်းအားနည်းသူများအား ဦးစား ပေးထားသော အစီအစဉ် တစ်ရပ်ဖြစ်ပြီး ၎င်းတို့ နေ့စဉ်လိုအပ်သော သတင်း အချက်အလက်များ ဗဟုသုတများနှင့် အပန်းဖြေနားဆင်နိုင်သော တေးသီချင်းများအပြင် နိုင်ငံခြား မီဒီယာများ ပါဝင်သည်ဟု သိရသည်။ ထို့အပြင် မသန်စွမ်းသူများ၏ အနုပညာရပ် အစီအစဉ်များ တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက် ဖျော်ဖြေမှုများကိုလည်း ပေးပို့ တင်ဆက်နိုင်သည်ဟု သိရသည်။ မသန်စွမ်း သူများအတွက် ပြင်ပ အနုပညာရှင်များနှင့် အချက်အလက်များကို စီစဉ် တင်ဆက် ပေးလို သူများသည် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့သို့ သတင်း အချက်အလက်များကို အခမဲ့ လာရောက် ထည့်သွင်း နိုင်ပါကြောင်း သတင်းပါးလိုက်ပါသည်။

## FEC ရုပ်သိမ်းရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီ

ဒေါ်လာအစားထိုးသုံး ငွေကြေးအဖြစ် သုံးစွဲနေသော FECကို ရုပ်သိမ်းရန် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုလိုက်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ပြောပါသည်။ FEC ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်သို့ သဝဏ်လွှာ ပေးပို့ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမေရိကန်ဒေါ်လာနဲ့ တန်ဖိုးတူ သတ်မှတ်ပြီး တန်ဖိုးအတိုင်း ပြန်လည် ထုတ်ပေး၍ ဈေးကွက်မှာ ပြန်လည် ရုပ်သိမ်းတော့မည် ဖြစ်ကြောင်း ၎င်းက လွှတ်တော်တွင် တင်ပြခဲ့ကြောင်း သိရသည်။ အမေရိကန်ဒေါ်လာအစား ကြားခံသုံးစွဲလျက်ရှိသော FEC ငွေများအား ဈေးကွက်အတွင်းမှ ငွေလဲနှုန်းထား အမျိုးမျိုးဖြစ်နေခြင်းကို တားဆီး သွားရန်အတွက် ဒေါ်လာနှုန်းထားအတိုင်း ယခုလအတွင်း ပြန်လည် လဲလှယ်ပေးမည်ဟု ထပ်မံ ပြောကြားပါသည်။ ၂၀၁၃ခုနှစ် မတ်လတွင် ပြည်သူများကို အသိပေး ကြေညာချက် ထုတ်ပြန်သွားပြီး ဗဟိုဘဏ်၊ ပုဂ္ဂလိကဘဏ်နဲ့ ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းပြီး စနစ်တကျ စီမံ ဆောင်ရွက်သွားမည်ဟု ဦးစိုင်းဘိုအောင်က ပြောပါသည်။

## နေ့စဉ်ပြောင်းလဲနေသော နိုင်ငံတကာ ငွေကြေးတန်ဖိုးများ ကြည့်ရှုနိုင်သည့် Software

Currency Exchange apk Beta Version 1.0ဟုဆိုသော Software ဖြင့် ဗဟိုဘဏ်မှ နေ့စဉ် ထုတ်ပြန်သော ငွေကြေးဈေးနှုန်းများကို ဖော်ပြနိုင်သည်ဟု သိရသည်။ အဆိုပါ Softwareကို Android Version 2.2ဖြင့် ထုတ်လုပ်ထားပြီး http://myanmarcurrencyexchange.googlecode.com/files/ison.apkတွင် Download လုပ်နိုင်ပါသည်။ အဆိုပါ Softwareသည် ကြည့်ရှုသော နေ့အတွက် ဗဟိုဘဏ်က ထုတ်ပြန်ထားသော Exchange Rateကို ရရှိမည်ဟု သိရသည်။ အဆိုပါ Softwareကို အသုံးပြုရာတွင် Internet Connectionကို On ထားရမည် ဖြစ်သည်ဟု သိရပါသည်။ ၎င်း Softwareကို အသုံးပြုရာတွင် သုံးစွဲသူများ အနေဖြင့် နောက်ဆုံး ထွက်ရှိထားသော နိုင်ငံတကာ ငွေကြေး အနှုန်းအထားကို သိရှိလိုပါလျှင် Tab နှစ်ခုထဲမှ Currency ဟူသော Tabကို ရွေးပြီး နောက်ဆုံးနေ့ဆိုသော Checkကို ရွေးပြီး ခေတ္တ စောင့်ဆိုင်းရမည် ဖြစ်သည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL


## WHO WE ARE

### MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

### EDITORIAL TEAM

| | |
|---|---|
| CEO<br>Editor in Chief | Phyo Min Min |
| Editor | Than Htay |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay |
| | APT, TZO, Nay Aung Latt, iGeek, Key |
| Translator | Nyi Nyi Naing |
| Reporter | Daiwe, Jet Sin, Myo Zin, Min Khant |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

### ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Kyaw Lwin Htun, Ei Hnin Phyo, Moe Thidar Hlaing, Hnin Wai Aung |

### CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Thein Linn |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။


# Sony Xperia Z မိတ်ဆက်ပွဲ


Image Credit: stuffmideast.com

SONYရဲ့ ရေစိုခံ Smartphone အမျိုးအစားဖြစ်သော Sony Xperia Zကို TMW Enterprise Limitedမှ စတင် ဖြန့်ဖြူးမည် ဖြစ်ပြီး ထိုသို့ ဖြန့်ဖြူးခြင်းနှင့် ပတ်သက်ပြီး အသိပေး မိတ်ဆက်ခြင်း အခမ်းအနား Xperia Z Launch Partyကို Kandawgyi Palace Hotelရဲ့ Member Clubတွင် မတ်လ ၁၆ရက်နေ့က ကျင်းပခဲ့ကြောင်း သိရပါသည်။ ထိုအခမ်းအနားသို့ အနုပညာရှင်များ၊ စာနယ်ဇင်းများ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်ကြီးများနှင့် Mobile Phone အရောင်းဆိုင်မှ Dealerကြီးများ တက်ရောက်ခဲ့ကြောင်း သိရှိရပြီး တက်ရောက်လာသူများကို TMW Enterprise Limitedမှ Sony Xperia Handsetများကို အမှတ်တရ လက်ဆောင်အဖြစ် ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရပါသည်။ ဈေးနှုန်းအားဖြင့် 599,000ခန့်ဖြင့် Showroomတွေမှာ ဝယ်ယူရရှိနိုင်ပါသည်။

# Silicon Power Computer and Communications Inc.နှင့် Golden Power Technology လှူပ်ရှားမှုများ

Silicon Power Computer & Communications Inc.နှင့် Golden Power Technology Co., Ltdတို့ ပူးပေါင်း၍ Silicon Power Road Show 2013ကို 2013 Marchလ 16 ရက်နေ့တွင် Traders Hotel (Myanmar Ballroom II)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပွဲအစတွင် Silicon Power Productsရဲ့ နည်းပညာများကို Video Fileဖြင့် ပြသပြီး Dancerများ၊ Modelများက SP Productsများဖြင့် မိတ်ဆက်ခဲ့ပါသည်။ အဖွင့် အစီအစဉ်များ ပြီးနောက် Golden Power Technologyမှ Director ဦးသန့်ဇင်ထွေးမှ အဖွင့်အမှာစကား ပြောပြီး Taiwanမှ Deputy Manager Ms Sarah Linမှ အဖွင့် အမှာစကား ပြောကြားခဲ့သည်။ Ms Sarah Linမှ Golden Power Technologyသို့ Annual Excellent Partner 2013 Awardနှင့် AUTHORIZED DISTRIBUTOR CERTIFICATEကို ပေးအပ်ခဲ့ပြီး ကြွရောက်လာကြသော Dealersများနှင့် Media အသီးသီးမှ ပညာရှင် များအား ညစာဖြင့်၊ Dancerများ၊ Models Show အစီအစဉ်များဖြင့် ဖျော်ဖြေခဲ့ပြီး Taiwanမှ Account Manager Ms Aurora Linက Silicon Power Productsနှင့် ပတ်သက်ပြီး Presentations ပြုလုပ်ခဲ့ပါသည်။ ထို့နောက် အထူးအစီအစဉ် တစ်ခုအနေဖြင့် SP Love Angel Photo Contest ရွေးချယ်ပွဲကို တက်ရောက်လာကြသော ဧည့်ပရိတ်သတ်များထဲမှာ Pose အကောင်းဆုံး ပြုလုပ်နိုင်သူ (၁)ဦးကို External Hard Disk 500GB တစ်လုံးကို မေတ္တာလက်ဆောင် ပေးအပ်ကာ အထူးဆု (၅) ဆုကိုလည်း ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် Silicon Power Dealer Awarding Ceremony အစီအစဉ် စတင်ကာ ရောင်းအားအကောင်းဆုံး Dealer (၁၅)ဆိုင်အား အသီးသီး ဆုချီးမြှင့် ပေးအပ်ခဲ့ပါသည်ဟု သိရသည်။

Golden Power Technology Co., Ltd နှင့် Silicon Power Computer & Communications Inc. တို့ ပူးပေါင်းပြီး မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးသက်ငယ် သင်တန်းကျောင်းသို့ ကျောင်းသုံး ဗလာစာအုပ်များ၊ ဘောပင်များ၊ Memory Stickများနှင့် အလှူငွေများကို သွားရောက် လှူဒါန်းခဲ့ပါသည်။ စုစုပေါင်း ကျပ်ငွေ(၁၅)သိန်းကျော်ကို ကျောင်းအုပ် ဆရာမထံသို့ ပေးအပ်လှူဒါန်းခဲ့သည့်နှင့် တစ်ပြိုင်နက် ရွှေပြည်သာ မြို့နယ်ရှိ မြင်သီလရှင် စာသင်ကျောင်းသို့ ကျောင်းသုံး ဗလာစာအုပ်များ၊ ဘောပင်များ၊ Memory Stickများနှင့် အလှူငွေများကို သွားရောက် လှူဒါန်းခဲ့ပါသည်။ စုစုပေါင်း ကျပ်သိန်း (၃၀)ကျော်ကို ကျောင်းထိုင် သီလရှင်ဆရာလေးထံသို့ ရေစက်ချ ဆက်ကပ်၍ နှစ်နေရာပေါင်း လှူဖွယ်ပစ္စည်း ကျပ်(၄၅)သိန်း ကို (၁၇) ရက်၊ (၃)လပိုင်း၊ (၂၀၁၃)ခုနှစ်တွင် လှူဒါန်းခဲ့ပါသည်ဟု သိရသည်။

# ရွှေပြည်တံခွန် တယ်လီကွန်ယက် အဆင့်မြင့် မိုဘိုင်းလ်ဖုန်း နည်းပညာသင်တန်း ကျောင်းဆင်းပွဲ



ရွှေပြည်တံခွန် တယ်လီကွန် အများပိုင် ကုမ္ပဏီလီမိတက်ရဲ့ UMTS/ LTE Principles and Application Training Couse Batch သင်တန်းဆင်းပွဲကို မတ်လ ၂၂ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ရွှေပြည်တံခွန် တယ်လီကွန် အများပိုင် ကုမ္ပဏီလီမိတက်ရဲ့ (Chairman and Managing Director)ဦးလွင်နိုင်ဦး၊ သင်တန်းနည်းပြ ဆရာများဖြစ်သော ဦးသန်းထိုက်အေး၊ Mr.Jean-Marc Phan Vanတို့မှ တက်ရောက်ချီးမြှင့် စကားပြောကြားခဲ့ပါသည်။ ထို့နောက် ရွှေပြည်တံခွန် တယ်လီကွန်ယက် အဆင့်မြင့် မိုဘိုင်းလ် သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

# 77 Mobile & IT Mall မန္တလေးတွင် တပေါင်းလပြည့်နေ့နှင့် တပ်မတော်နေ့ အထူးဈေးရောင်းပွဲ ကျင်းပမည်

77 Mobile & IT Mallတွင် မတ်လ ၂၆ရက်နေ့မှ ၂၇ ရက်နေ့အထိ အထူး ဈေးရောင်းပွဲ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဈေးရောင်းပွဲတွင် Notebook, Desktop, All in One အစရှိသော ကွန်ပျူတာ Brand ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။ Notebook ဝယ်ယူသူများအတွက် လက်ဆောင် (၁၀)မျိုး၊ Desktop ဝယ်ယူသူများအတွက် လက်ဆောင် (၇)မျိုးအပြင်၊ သက်ဆိုင်ရာ Brand များမှ ပေးသော လက်ဆောင်ပစ္စည်းများကိုပါ ရရှိနိုင်မည် ဖြစ်သည်။ ငွေကျပ်(၁)သိန်းနှင့် အထက် ဝယ်ယူသူများအတွက် Grand Lucky Draw အစီအစဉ်ကို ကျင်းပသွားမည် ဖြစ်ပြီး ညနေ (၅)နာရီတွင် မဲနှိုက်ပေးသွားမည် ဖြစ်သည်။ အထူးလျှော့ဈေးများ အနေဖြင့် External HDD (500)GBကို (၅)သောင်းကျပ်၊ 22" LED Color TV Monitorကို (၁)သိန်းကျပ်ဖြင့် KMD IT Martတွင် ညနေ (၃)နာရီ၌ မဲဖောက်ရောင်းချပေးသွားမည် ဖြစ်သည်။

KMD Mobileတွင်လည်း Handset များအတွက် ကြိုက်တာယူ(၁၃,၀၀၀) ကျပ်နှင့် Feature Phone မျိုးစုံကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ ဒါ့အပြင် ငွေဖြည့်ကဒ် (၁သောင်း)တန်ကို ၉၆၀၀ကျပ်၊ (၅)ထောင်တန်ကို ၄၈၀၀ကျပ်ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

Happy Time Happy Hour အစီအစဉ်အနေဖြင့် နံနက် (၁၀)နာရီ တွင် Handset တစ်လုံးကို (၅)ထောင်ကျပ်ဖြင့် KMD Mobileမှ မဲနှိုက် ရောင်းချပေးသွားမည် ဖြစ်ကြောင်းသိရသည်။ အသေးစိတ်သိလိုပါက 77 Mobile & IT Mall ဖုန်း-၀၂-၆၀၂-၃၉၊ ၆၀၃-၆၀၊ ၂၁၀-၄၀၊ ၂၁၀-၄၉သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

# Google Inc၏ အမှုဆောင်ဥက္ကဋ္ဌ ဖြစ်သူ Mr.Eric Schmidt မတ်လ ၂၂ရက် MICT Parkတွင် ဆွေးနွေးပွဲပြုလုပ်ခဲ့

မင်းခန့်၊ ညီညီနိုင်၊ ဒေဝီ







Google Company၏ အမှုဆောင်ဥက္ကဋ္ဌ ဖြစ်သူ Eric Schmidtနှင့် အဖွဲ့သည် မတ်လ ၂၂ရက်နေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ အပါအဝင်၊ ကွန်ပျူတာလေ့လာသူ မျိုးဆက်သစ် IT လူငယ်များနှင့် MICT Parkတွင် တွေ့ဆုံခဲ့ပါသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒဲရစ်မစ်ချယ် လည်း တက်ရောက်လာခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မြန်မာကွန်ပျူတာ ပညာရှင်များအသင်း အတွင်းရေးမှူး ဦးသောင်းစုငြိမ်းမှ MICT Parkအား ၂၀၀၁ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်းနှင့် ယခုပွဲတွင် မြန်မာ IT လောကမှ အနာဂါတ်တွင် ခေါင်းဆောင်များ ဖြစ်လာကြမည့် လူငယ်ပညာရှင်များ တက်ရောက်လာကြကြောင်း မိတ်ဆက်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ် ဒဲရစ်မစ်ချယ်မှ တက်ရောက်လာသူများကို Eric Schmidtနှင့် Google Incအကြောင်း မိတ်ဆက် ပြောကြားပေးခဲ့ပါသည်။ ဆွေးနွေးပွဲ တက်ရောက်လာသူ လူငယ် IT ပညာရှင်များ၊ သတင်း Mediaသမားများနှင့် အခြားနယ်ပယ်များမှ လူငယ်ပညာရှင်များ၏ မေးမြန်းချက်များကို အမှုဆောင်ဥက္ကဋ္ဌ Mr.Eric Schmidtမှ ပြန်လည် ဖြေကြားဆွေးနွေးပေးခဲ့ပါသည်။

Mr.Eric Schmidtမှ တက်ရောက်လာသူလူငယ်များ၏ မေးခွန်းများကို ဖြေကြားရာတွင် မြန်မာနိုင်ငံသည် လူငယ်လူရွယ်များစွာနှင့် နည်းပညာများလည်း ရှိနေသည့်အတွက် ခေတ်မီတိုးတက်သော နိုင်ငံအသစ်တစ်ခု ဖန်တီးရန် အခွင့်အရေးများရှိနေကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာပြည်၏ အင်တာနက်ဆိုင်ရာ ပညာရပ်များအား ယခုထက် ပိုမို၍ တိုးမြှင့်အသုံးပြုသွားနိုင်ရန်နှင့် Networkများကို လျင်မြန်စွာ အဆင့်မြှင့်တင်သွားရန်တို့ကို ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။ မြန်မာပြည်သူအများစုမှာ Online ထိတွေ့မှုများနှင့် အလှမ်းဝေးနေခဲ့ရသောကြောင့် နည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဝင်ရောက် ထိုးဖောက်နိုင်မှု အားနည်းနေခဲ့ပြီး၊ မြန်မာနိုင်ငံ၏ နည်းပညာ လုပ်ငန်းစွမ်းဆောင်ရည် ပိုမို တိုးတက်စေလိုခြင်းနှင့် ကမ္ဘာ့နိုင်ငံ အသီးသီးရှိ သတင်းအချက်အလက်များကို အချိန်မီ ကြည့်ရှုသိမြင်နိုင်ရန်၊ နေရာဒေသအသီးသီးရှိ မိမိတို့ လုပ်ဖော်ကိုင်ဖက်များနှင့် အမြဲတမ်း ချိတ်ဆက်နိုင်မှုများအား လူတိုင်း လုပ်ကိုင်နိုင်စေရေးတို့ကို ရည်ရွယ်၍ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း Eric Schmidtက ပြောပါသည်။ ထို့အပြင် ယခုအချိန်တွင် Googleကို www.google.com.mm ဟူသော မြန်မာနိုင်ငံကိုယ်စားပြု ဒိုမိန်းဖြင့် အသုံးပြု၍ရနေပြီ ဖြစ်သည်။ Eric Schmidtသည် ဇန်နဝါရီလအတွင်း မြောက်ကိုရီးယားနိုင်ငံသို့လည်း သွားရောက်ခဲ့ပြီး အင်တာနက်ဆိုင်ရာ လွတ်လပ်ခွင့်ရရှိရေးအကြောင်း ပြောကြားခဲ့သည်ဟု သိရပါသည်။

Ericကို ၁၉၅၃ခုနှစ်၊ ဧပြီလ ၂၇ရက်နေ့၌ အမေရိကန်နိုင်ငံ၊ Washington, D.Cတွင် မွေးဖွားခဲ့ပြီး၊ လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သော Google၏ ဥက္ကဋ္ဌဖြစ်ပါသည်။ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၇.၅ ဘီလီယံကြွယ်ဝပြီး၊ ၁၃၈ ယောက်မြောက် ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင် တစ်ယောက်လည်း ဖြစ်သည်။ Princeton Universityမှ B.S Electrieal Engineeringဘွဲ့ရရှိခဲ့ပြီး၊ University of California Berkeleyမှ MS Electrical Engineering ၊ Ph.D in Computer Science ဘွဲ့များ ရရှိခဲ့ပါသည်။ နိုင်ငံရေးပါတီအဖြစ် ဒီမိုကရက်တစ်ပါတီဝင် တစ်ယောက်ဖြစ်ပြီး၊ ဇနီးသည် Wehdy Boylနှင့် သမီးနှစ်ယောက်မွေးဖွားခဲ့သည်။ သို့သော် Eric တို့၏ အိမ်ထောင်ရေးမှာ ၂၀၁၁ခုနှစ်အတွင်း ကွာရှင်းပြတ်စဲခဲ့ကြသည်။

Ericသည် ၁၉၈၃ ခုနှစ်အတွင်း Sun Microsystemsကုမ္ပဏီတွင် ပထမဆုံး Software Managerအဖြစ် လုပ်ကိုင်ခဲ့ပြီး၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ Novell ၏ Chief Executive Officer တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ၂၀၀၁ ခုနှစ်အတွင်းမှစတင်၍ Google CEO အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ Ericသည် ၂၀၀၆ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း Apple၏ Board of Director အဖြစ်ဆောင်ရွက်ခဲ့ဖူးပြီး ၊ Carnegie Mellon Universityနှင့် Princeton Universityတို့၏ Board of Trustees အဖြစ်လည်း တာဝန်ယူ လုပ်ကိုင်ခဲ့ကြောင်း သိရပါသည်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

## Laptop Acer Aspire E1-431G

ဂျက်ဆင်



Kyats
430,000

ဈေးကွက် အတွင်းသို့ ရောက်ရှိလာသော Acerရဲ့ Series အသစ် Aspire E-431(G) ဖြစ်ပါတယ်။ ဈေးနှုန်း ချိုသာပြီး လျင်မြန်စွာ အသုံးပြုနိုင်မယ့် စွမ်းဆောင်ရည်မြင့် Notebookကို မျှော်လင့်နေသူများအတွက် အံဝင်ခွင်ကျ ဖြစ်စေမယ့် Series အသစ် ဖြစ်ပါတယ်။ Notebook၏ Body ကာဗာကို အနက်ရောက် အပြောင်ဒီဇိုင်းနှင့် ပြုလုပ်ထားပြီး Touch Padနှင့် လက်တင်နေရာများကို ငွေရောင်ဖြင့် ပေါင်းစပ် ပြုလုပ်ထားတဲ့ ဒီဇိုင်းက စွဲဆောင်မှုရှိပြီး အကြမ်းခံမှုကို ခံစားမိစေပါတယ်။ Intel Pentium Dual Core B960 ( 2.3 GHz )ရှိပြီး Intel Sandy Bridge ဖြစ်တာမို့ Power သုံးစွဲမှုကို လျော့ချပေးပြီး HDကို ကောင်းမွန်စွာ ထောက်ပံ့ပေးပါတယ်။ Processorကို အထောက်အကူပြုမယ့် 2 GB DDR3 Memoryနှင့်အတူ Nvidia Geforce GT630M 1GB Graphic သီးခြား ပါဝင်တဲ့အတွက် Graphic ဦးစားပေး အသုံးပြု လုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ သိုလှောင်မှု ပမာဏ 500GB Hard Diskနှင့်အတူ DVD Writer (Super Multi)ကို တပ်ဆင် ထားပေးပါတယ်။ ကြည်လင်တဲ့ ရုပ်ထွက်တွေ ပေးမယ့် 14" HD Screenနှင့်အတူ Webcam, Card Reader, HDMI Portတို့ကို စုံလင်စွာ တပ်ဆင်ထားပြီး မြန်နှုန်းမြင့် ချိတ်ဆက်မှုများအတွက် Wireless LAN, LANတို့ကို ထည့်သွင်း ထားပေးပါတယ်။ Battery 6 Cell ဖြစ်ပြီး ဈေးနှုန်းချိုချိုနှင့် အကြမ်းခံသော Notebookကို ရှာဖွေနေသူများအတွက် အာမခံ သက်တမ်း (၂)နှစ်ဖြင့် ဈေးကွက်အတွင်းရှိ Acer၏ Dealer, Reseller ဆိုင်များတွင် ဝယ်ယူ ရရှိနိုင်ပါသည်။

## Laptop Dell Inspiron 17-3721

ဂျက်ဆင်

USD
499



### အားသာချက်

ဆွဲဆောင်မှု ရှိစေမယ့် ဒီဇိုင်းလေးနဲ့အတူ Laptopရဲ့ Performanceကိုလည်း ကောင်းကောင်း ရရှိမှာ ဖြစ်ပါတယ်။ View Anglesကိုလည်း ကျယ်ကျယ်ဝန်းဝန်း ရရှိမှာဖြစ်ပြီး Resolution အနေနဲ့လည်း 1600 x 900အထိ ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။ Keyboard Size ကြီးတဲ့အတွက် Userတွေ အဆင်ပြေပြေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

### အားနည်းချက်

Graphicsပိုင်း အားနည်းချက် အနည်းငယ်ရှိပြီး Audio ပိုင်းမှာလည်း ပြည့်ဝမှု မရှိပါဘူး။ Battery သက်တမ်းလည်း နည်းတာတွေ့ရပါတယ်။

### အသေးစိတ် ဖော်ပြချက်

Dell Inspiron 17-3721ရဲ့ Processor ပိုင်းကိုတော့ 1.9 GHz အမြန်နှုန်း ရှိတဲ့ Intel Core i3-3227U CPUက Support လုပ်ပေးမှာ ဖြစ်ပါတယ်။ RAM အမျိုးအစား ကတော့ 1600 MHz DDR3 အမျိုးအစားဖြစ်ပြီး 4GB ထည့်သွင်းပေးထားပါတယ်။ Graphics ပိုင်းကတော့ HD Videoတွေနဲ့ Games ကစားခြင်းတွေကို တင်ဆက်ပေးနိုင်ဖို့အတွက် Intelရဲ့ HD Graphics 4000ကို အသုံးပြုပေးထားပါတယ်။ Operation Systemကိုတော့ Microsoft Windows 8ကို အသုံးပြုပေးထားပါတယ်။ Data သိမ်းဆည်းဖို့အတွက် Storage Spaceကိုတော့ 5400 rpm အမြန်နှုန်းရှိတဲ့ 500 GB Hard Drive တစ်လုံး တပ်ဆင် အသုံးပြုပေးထားပါတယ်။ Laptop Panel အမျိုးအစားကတော့ HD LED Panelကို အသုံးပြုထားပြီး Screen Size 17.3 လက်မ အကျယ် ရရှိမှာ ဖြစ်ပါတယ်။ Screen Resolution အနေနဲ့ကတော့ 1600x900 ရရှိမှာ ဖြစ်တဲ့အတွက် Resolution အမြင့်ပိုင်းကို အသုံးပြုရမှာ ဖြစ်ပါတယ်။ Audio စနစ်ကတော့ Stereo Speakerကို အသုံးပြုပေးထားပြီး Built in Digital Microphones ပါရှိပါတယ်။ Optical Drive အနေနဲ့ကတော့ 8x အမြန်နှုန်း ရှိတဲ့ DVD/RW အမျိုးအစားကို အသုံးပြုပေးထားပါတယ်။ Built in Webcam ပါရှိပြီး 1.0MP HD Webcamကို အသုံးပြုပေးထားပါတယ်။ Wireless ချိတ်ဆက်မှု အတွက်ကတော့ 802.11b/g/n အသုံးပြုနိုင်တဲ့ Built in Wi-Fi ပါရှိပြီး Bluetooth ချိတ်ဆက်ဖို့ အတွက်ကတော့ Bluetooth 4.0+LEကို တပ်ဆင် ပေးထားပါတယ်။ ဒါ့အပြင် အခြား Deviceတွေနဲ့ ချိတ်ဆက်ဖို့အတွက် USB 3.0, USB 2.0, HDMI, Ethernet Portတွေ တပ်ဆင် ပေးထားပြီး Memory Card Slots အတွက်ကတော့ 6-1 Card Reader တစ်ခု ပါရှိပါတယ်။

### ဒီဇိုင်း

Dell Inspiron 17-3721ရဲ့ ကိုယ်ထည် အတိုင်းအတာကတော့ အလျား 16.2 လက်မ x အနံ 10.6 လက်မနဲ့ အထု 1.12 လက်မနဲ့ အလေးချိန် 6ပေါင်သာ ရှိပါတယ်။

### Battery Life

Dell Inspiron 17-3721မှာ အသုံးပြုပေးထားတဲ့ Battery အမျိုးအစားကတော့ 4-cell/2.8Ah (40 WHr) Lithium Ion Battery အမျိုးအစား သုံးထားပြီး Wi-Fi အသုံးပြုမယ်ဆိုရင် 3 နာရီ 58 မိနစ်စာလောက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

Dell brandတွေက ဒီဇိုင်းနဲ့ အရည်အသွေး ကောင်းတဲ့အတွက် လူကြိုက်များကြပါတယ်။ အခုလည်း Dell Inspiron 17-3721ကိုလဲ USD 500 အောက် ချိုသာတဲ့ ဈေးနှုန်းနဲ့ Userတွေ အကြိုက်တွေ့စေမယ့် ဒီဇိုင်းလေးနဲ့ ထွက်ရှိလာပါတယ်။ ကျောင်းသားတွေ အတွက်လည်း အဆင်ပြေသလို သာမန် ရုံးသုံး၊ အိမ်သုံး Userတွေအတွက်လည်း ပေါ့ပေါ့ပါးပါး Performance ကောင်းကောင်းနဲ့ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

## Laptop HP B007AU Laptop




အမေရိကန် Brandကို ကြိုက်နှစ်သက်တဲ့ Customerများအတွက် HPရဲ့ Screen 14" ရှိသော B007AUနှင့် မိတ်ဆက်ပေးချင်ပါတယ်။ ၎င်း Laptopဟာဆိုရင် AMD Processorကို အသုံးပြုထားပြီး သူရဲ့ CPU အမြန်နှုန်းဟာဆိုရင် Dual core E1-1200 (1.4GHz)ထိ ရရှိမှာ ဖြစ်ပါတယ်။ Memory ပမာဏကိုလည်း 4GB DDR3ကို အသုံးပြုပေးထားသောကြောင့် အသုံးပြုသူအတွက် စိတ်ကျေနပ်မှုကို ရနိုင်ပါတယ်။ Performance မြင့်မြင့် ရရှိမည်ဖြစ်၍ အသုံးပြုသူများ၏ စိတ်ကျေနပ်မှုကို ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။ မိမိရဲ့ များပြားလှသော Dataများကို မပျောက်မပျက် ထိန်းသိမ်းနိုင်ရန်အတွက် 500GB SATA ပါဝင်ပြီး 5400rpmဖြင့် အလုပ်လုပ်ပေးမှာ ဖြစ်တယ်။ ATI Radeon HD7310 အနေဖြင့် 1GB ရရှိသောကြောင့် ရုပ်ထွက်ကို ပိုကောင်းမွန်စေပါတယ်။ Audioပိုင်း ဆိုင်ရာက ကြည်လင်ပြတ်သားတဲ့ SRS Premium Sound Systemကို အသုံးပြုထားပါတယ်။ DVD Super Multi DL Drive, 15.6" HD LED, Resolution (1366x768) LEDက ခန့်ညားတဲ့ ဒီဇိုင်းနဲ့ လိုက်ဖက်ညီပါတယ်။ USB 2.0 x 3 Port, HDMI, VGA, Wi-Fi, Card Reader, Webcam, Bluetoothတို့ ပါဝင်ပါတယ်။ 4 Cell Li-ion Batteryကို အသုံးပြုထားသောကြောင့် Battery Life Timeက Up to 4 Hour အသုံးပြုနိုင်ပါတယ်။ Warranty အနေနဲ့လည်း 1 Year Fully ရရှိမှာ ဖြစ်ပါတယ်။ GPT (Golden Phoenix Technology Co., LTD)၏ Dealer ဆိုင်များတွင် ဝယ်ယူနိုင်ပြီး ဖုန်း- 01-392-576သို့ အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါတယ်။

## PC Dell All-in-One 23 inches



Kyats
750,000

Processor Core i5 CPUကို တပ်ဆင် ထားပါတယ်။ M-3210နှင့် (2.5 GHz) ထွက်ရှိမှာ ဖြစ်ပါတယ်။ Ram 4GB DDR3 ဖြစ်တာကြောင့် မြန်နှုန်းမြင့် Speed နှင့်အတူ Storage ပမာဏ 1000GB ဖြစ်လို့ Data များစွာကို သိမ်းဆည်းနိုင်ပါတယ်။ Graphic အနေနဲ့ Intel HD Graphic 2500 ထွက်ရှိမှာပါ။ USB 8 Port ပါဝင်တာကြောင့် USB hub မလိုပဲ အသုံးပြုနိုင်ပါတယ်။ Bluetooth, Webcam, mic, HDMI, VGA, PS2 Portနှင့် Keyboard & Mouse ပါဝင်မှာ ဖြစ်ပါတယ်။ Display အကျယ် 23လက်မ ရှိတာကြောင့် မြင်ကွင်း ကျယ်ကျယ် ကြည့်ချင်သူများ အနေနဲ့ အသင့်တော်ဆုံးပဲ ဖြစ်ပါတယ်။ Windows 7 Home Premium ဖြစ်ပြီး ဈေးနှုန်းသင့် 750,000/- ကျပ်ဖြင့် SCS Computer Ph: 01-290-384,09-730-001-01တွင် ဝယ်ယူ ရရှိနိုင်ပါတယ်။

## Camera Nikon D7000




ညီညီနိုင်

Nikon D7000ဟာ 16.2MP ပါဝင်ပြီး 1080P Full HD Videoတွေကို 24fps 1 Full-Time Autofocusနဲ့ ရိုက်ကူးနိုင်မှာ ဖြစ်ပါတယ်။ အလင်းအမှောင် ချိန်ညှိဖို့အတွက် ISO Range 100-25600အထိ ပါဝင်ပြီး Nikon DX Cameraတွေထဲမှာ အကောင်းဆုံး အနေအထားပဲ ဖြစ်ပါတယ်။ ဓာတ်ပုံတွေကို 6fps (Frame Per Seconds)နှုန်းနဲ့ ဆက်တိုက်ရိုက်နိုင်မှာ ဖြစ်ပြီး 2016-Pixel 3D Colour Matrix Metering System 39-Point Auto-Focus Systemတို့လည်း ပါဝင်ပါတယ်။ ဖုန်နဲ့ ရေငွေ့ရိုက်ခြင်းက ကာကွယ်ပေးဖို့ Magnesium Alloyကိုယ်ထည်နဲ့ Nikon D7000မှာ အကျယ် ၃လက်မရှိတဲ့ 921k dot LCD Screen ပါဝင်ပြီး SD Card Slot နှစ်ခုပါပါတယ်။ ကင်မရာရဲ့ အလေးချိန်ကတော့ Battery Pack အပါအဝင် 780g ရှိပြီး EN-EL15 Batteryကို အသုံးပြုထားပါတယ်။ Battery Lifeကတော့ ပုံပေါင်း ၁ဂ၅ဂပုံလောက် ရိုက်ကူးနိုင်မှာ ဖြစ်ပြီး ဈေးနှုန်းကတော့ USD 1115ခန့်လို့ သိရပါတယ်။ ပေါ့ပါး အကြမ်းခံပြီး ရုပ်ထွက်ကောင်းမွန်တဲ့အပြင် ကင်မရာ ကောင်းကောင်း တစ်လုံးအတွက် သင့်တင့်တဲ့ ဈေးနှုန်းနဲ့ Nikon D7000ကို ကင်မရာချစ်သူများ ကြိုက်နှစ်သက်ကြလိမ့်မည်လို့ မျှော်လင့်ပါတယ်။

Ref: www.photographyblog.com

## Tablet Samsung Galaxy Note 10.1 Verizone Wireless




Samsungရဲ့ အရည်သွေးမြင့် Android Tablet အမျိုးအစားဖြစ်ပြီး 4G LTE Network စနစ်ကိုပါ ကောင်းကောင်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Tabletမှာ Built in Spenနဲ့ အခြားအသုံးဝင်တဲ့ Featureတွေလည်း ထည့်သွင်း ပေးထားပါတယ်။ Display Screen 10.1 လက်မရှိပြီး 1280 x 800 Resolution ရရှိမှာ ဖြစ်ပါတယ်။ Built in Multi Screen Feature ပါရှိပြီး Application နှစ်ခုကို Screenပေါ်မှာ နှစ်ခြမ်းပိုင်းပြီး တပြိုင်နက်ဖွင့် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Tabletမှာ ထည့်သွင်း အသုံးပြုပေးထားတဲ့ Processorကတော့ 1.4-GHz quad-core Exynos 4412 Processorကို အသုံးပြုထားပြီး RAM 2GB ထည့်သွင်းပေးထားပါတယ်။ Android Versionကတော့ 4.1 Jelly Bean Versionကို အသုံးပြုရမှာ ဖြစ်ပါတယ်။ Storage Memory အနေနဲ့ကတော့ 16 GB ရရှိမှာဖြစ်ပြီး 64 GB အထိ Upgrade လုပ်နိုင်ပါတယ်။ Tablet ကိုယ်ထည် အတိုင်းအတာကတော့ အလျား 10.3 လက်မ၊ အနံ 7.1 လက်မနဲ့ အထု 0.4 လက်မသာရှိပြီး အလေးချိန် 1.4 ပေါင် ရှိတဲ့အတွက် ပေါ့ပေါ့ပါးပါး သယ်ဆောင်သွားလို့လည်း ရပါတယ်။ Camera အသုံးပြုဖို့ အတွက်ကတော့ Back Camera 5.0 MPနဲ့ Front Camera 1.9 MP ရရှိမှာ ဖြစ်ပါတယ်။ Battery အမျိုးအစားကတော့ Li-ion 7,000mAh Batteryကို အသုံးပြုပေးထားပြီး Wi-Fi Connection အသုံးပြုမယ်ဆိုရင် 8 နာရီ 57 မိနစ်အထိ အသုံးပြုနိုင်ပါတယ်။

## Tablet Toshiba Excite 10 SE



Toshiba Excite 10 SEဟာ မျက်နှာပြင် ၁ဂလက်မ အရွယ်အစားရှိပြီး Android OSသုံး၊ Tablet တစ်လုံးပဲ ဖြစ်ပြီး Android 4.1.1 Telly Beanကို အသုံးပြုထားပါတယ်။ CPU Speed 1.6GHzရှိတဲ့ Nividia Tegra 3 Quad Core Processorက သွက်သွက်လက်လက်နဲ့ အကောင်းဆုံး စွမ်းဆောင်မှုတွေ ပေးမှာပါ။ 1GB RAM ပါဝင်ပြီး Onboard Storage Memory အနေနဲ့ 16GB ပါဝင်ပါတယ်။ Micro USB 2.0 Port တစ်ခုနဲ့ Micro SD Card Slot တစ်ခု ပါဝင်ပြီး Connectivity အနေနဲ့ Bluetooth 3.0 ပါဝင်တဲ့အပြင် 802.11 b/g/n သုံးမျိုးနဲ့ Wi-Fi ချိတ်ဆက်လို့ ရမှာမို့ အသုံးပြုရတာ အဆင်ပြေစေမှာပါ။ ဒါ့အပြင် GPS, Gyroscope, Accelerometer, Ambient Light Sensorနဲ့ Digital Compassတို့လည်း ပါဝင်ပါတယ်။ အလေးချိန်အနေနဲ့ ၁.၄ပေါင်ပဲ ရှိလို့ ပေါ့ပေါ့ပါးပါး သယ်ဆောင်သွားလို့ ရမှာပါ။ ကင်မရာကတော့ နောက်ဘက်မှာ 3MP ကင်မရာနဲ့ ရှေ့ဘက်မှာ 1.2MP ကင်မရာနှစ်လုံး ပါဝင်ပါတယ်။ Resolutionအနေနဲ့ 1280x800 Pixel (149PPi Pixel Density)ရှိတာမို့လို့ ရုပ်ထွက်လည်း ကောင်းမွန်ပါတယ်။ ဈေးနှုန်းကတော့ USD 350ခန့်လို့ သိရပါတယ်။

Ref: reviews.cnet.com



အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

# Mobile MOTOROLA RAZR MAXX



အမေရိကန် Brandတွေကိုမှ ကြိုက်နှစ်သက်တဲ့ စမတ်ဖုန်း သုံးစွဲသူတွေအတွက် Motorola Razr Maxx စမတ်ဖုန်းကို မိတ်ဆက်ပေးလိုက်ရပါတယ်။ Motorolaရဲ့ Razr စီရီး ဖုန်းတွေထဲကမှ တစ်ခုဖြစ်တဲ့ Razr Maxx စမတ်ဖုန်းဟာဆိုရင် စွမ်းဆောင်ရည် မြင့်မားတဲ့ Dual-Core Processorနှင့်အတူ စမတ်ကျပြီး ခေတ်မီ ဆန်းသစ်တဲ့ ဒီဇိုင်းပုံစံဖြင့် ဖန်တီး ပေးထားပါတယ်။ စမတ်ဖုန်းတစ်လုံးမှာ ပါဝင်တဲ့ အဆင့်မြင့် နည်းပညာတွေကို စုံလင်စွာ ထည့်သွင်း ပေးထားတာကိုလည်း တွေ့ရပါတယ်။ Razr Maxxကို ၂၀၁၂ ခုနှစ် မေလမှာ မိုဘိုင်းဖုန်းဈေးကွက်ထဲသို့ ဖြန့်ချိပေးခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာတော့ ပြည်တွင်းဈေးကွက်ထဲမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါပြီ။

## Display

Razr Maxxရဲ့ Display အမျိုးအစားကတော့ OLED အမျိုးအစားကို အသုံးပြုပေးထားပြီး Super AMOLED Advanced နည်းပညာကို အခြေခံ ထားတဲ့အတွက် ရုပ်ထွက် အရည်အသွေးပိုင်းကို ကောင်းမွန်စွာ ပေးစွမ်းနိုင်ပါတယ်။ ၄.၃လက်မ အရွယ်အစားရှိတဲ့ Capacitive Touchscreen မျက်နှာပြင်ကို အသုံးပြုထားပြီး Multi Touch စနစ်ကို အခြေခံ ထားပါတယ်။ ဖုန်းရဲ့ မျက်နှာပြင်ကို အထိအခိုက် အပွန်းအပဲ့ဒဏ်မှ ကာကွယ် ပေးမယ့် Corning Gorilla Glassကိုလည်း တပ်ဆင် ထားပါသေးတယ်။ Resolutionအနေနဲ့ 540x960 Pixels ရရှိပါတယ်။

## Connectivity

GSM ကွန်ရက်စနစ်သုံး စမတ်ဖုန်း အမျိုးအစားဖြစ်ပါတယ်။ 2G Networkမှာ ဆိုရင်တော့ (GSM 850/900/1800/1900)နှင့် 3G Networkမှာ ဆိုရင်တော့ (HSDPA 850/900/1900/2100) အစရှိတဲ့ ကွန်ရက်စနစ်တွေကို ထောက်ပံ့ပေးပါတယ်။ SIM Card အမျိုးအစားကတော့ Micro SIM ကဒ်အမျိုးအစား ဖြစ်ပါတယ်။ GPRS, EDGE, Bluetooth v4.0 with A2DP, Micro USB v2.0 အစရှိတဲ့ စနစ်တွေကို ထည့်သွင်း ပေးထားပါတယ်။ ဝါယာလက် အင်တာနက် ချိတ်ဆက်ဖို့အတွက် Wi-Fi 802.11 b/g/n, DLNA, Wi-Fi Hotspot စနစ်တွေကို အသုံးပြုနိုင်မှာပါ။

## Hardware & OS

Dual Core Processorကို တပ်ဆင်ပေးထားပြီး 1.2GHz အမြန်နှုန်းက ဖုန်းတစ်လုံးရဲ့ စွမ်းဆောင်ရည်တွေကို လျင်မြန် တိကျစွာ လုပ်ဆောင်ပေးပါလိမ့်မယ်။ အချက်အလက်တွေကို သိမ်းဆည်း ပေးဖို့အတွက် Internal Storageက 16GBအထိ ထည့်သွင်းပေးထားတဲ့အတွက် ထိပ်တန်းအဆင့်ရှိ စမတ်ဖုန်းတွေရဲ့ Storage ပမာဏနဲ့ တူညီနေတာကို တွေ့ရပါတယ်။ RAMကတော့ 1GB ရှိပါတယ်။ ဖန်သားပြင်ပေါ်က ပုံရိပ်တွေကို ကြည်လင်ပြတ်သားစွာ ခံစား ကြည့်ရှုနိုင်ရန်အတွက် PowerVR SGX540 (GPU)က တာဝန်ယူ လုပ်ဆောင်ပေးပါလိမ့်မယ်။ Micro SD ကဒ်ကို 32GBအထိ ထပ်မံ တိုးချဲ့ အသုံးပြုနိုင်ပါသေးတယ်။ Android OS v2.3.6 (Gingerbread)ကို အသုံးပြုပေးထားပြီး OSကို အဆင့်မြှင့်ပြီး သုံးချင်သူတွေအတွက် Android OS v4.0 (Ice Cream Sandwich)ကို Upgrade ပြုလုပ်နိုင်ပါတယ်။

## Design & Body

ပါးလွှာပြီး စမတ်ကျတဲ့ဖုန်းကို ကိုင်ဆောင်ချင်သူတွေ အတွက်တော့ Razr Maxxက အသုံးပြုချင်စရာလေးပါ။ ဖုန်းကိုယ်ထည်ပိုင်းကို အနားသတ် ထောင့်ချိုးပုံစံနှင့် ဖန်တီးပေးထားတဲ့အတွက် စတိုင်ကျပြီး ဆန်းသစ် လှပတဲ့ ဒီဇိုင်းပုံစံလေးပါ။ ဖုန်းရဲ့ ပါးလွှာမှုဟာ 8.99mm အထိရှိပြီးတော့ ရေစိုဒဏ် ခံနိုင်တဲ့ စမတ်ဖုန်း အမျိုးအစားပါ။ ဖုန်းနောက်ကျောဘက်ကို DuPont Kevlar Fiberဖြင့် ပြုလုပ်ထားတဲ့အတွက် အကြမ်းခံ နိုင်ရည်အား ရှိပါတယ်။ ဖုန်းအရွယ်အစားကတော့ အရှည် ၅.၁၅လက်မ၊ အကျယ် ၂.၇၁လက်မ၊ အထူ ဝ.၃၅လက်မ အနေအထားရှိပြီး အလေးချိန် ၁၄၅ ဂရမ် ရှိပါတယ်။

## Camera

သင့်ရဲ့ ပျော်ရွှင်ဖွယ်ရာ ကောင်းတဲ့ အဖြစ်အပျက်လေးတွေကို အမှတ်တရ ဓာတ်ပုံအဖြစ် ပုံဖော်ပေးမယ့် ကင်မရာရဲ့ အရည်အသွေးက 8MP အရည်အသွေး ရှိပါတယ်။ အပျော်တမ်း ကင်မရာတွေမှာ ပါဝင်တဲ့ Featuresတွေကို စုံလင်စွာ ထည့်သွင်း ပေးထားတဲ့အချက်က Razr Maxxရဲ့ အားသာချက် တစ်ခုပါပဲ။ ကင်မရာရဲ့ Features တွေကတော့ (Auto Focus, LED Flash, Touch Focus, Geo-Tagging, Face Detection, Image Stabilization) အစရှိတဲ့ စနစ်တွေ ပါဝင်ပါတယ်။ HD အရည်အသွေးရှိတဲ့ ဗီဒီယို တွေကိုလည်း 1080p@30fps နှင့် ရိုက်ကူး နိုင်ပါလိမ့်မယ်။ Video Calling ပြုလုပ်ဖို့အတွက် ဒုတိယ ကင်မရာငယ်ရဲ့ စွမ်းရည်က 1.3MP ရှိပါတယ်။

## Music & Video

အသံပိုင်းဆိုင်ရာ စနစ်အတွက် MP3/AAC+/WAV/WMA အစရှိတဲ့ အသံဖိုင်တွေနှင့် ဗီဒီယိုစနစ် အတွက် MP4/H.263/H.264/WMV အစရှိတဲ့ ဗီဒီယိုဖိုင်တွေကို ထောက်ပံ့ပေးပါတယ်။ FM Radio စနစ် ပါဝင်ခြင်း မရှိပဲ Internet Radioကိုတော့ နားဆင်နိုင်ပါတယ်။

## Battery

Razr Maxx ရဲ့ ဘက်ထရီစွမ်းအားကို Sony Xperia Zနှင့် Samsung Galaxy SIIIတို့နှင့် နှိုင်းယှဉ် ကြည့်မယ်ဆိုရင် Razr Maxxရဲ့ Li-ion 3300 mAh ဘက်ထရီက သာလွန် ကောင်းမွန်နေတာ တွေ့ရပါ လိမ့်မယ်။ အားနည်းချက်ကတော့ ဘက်ထရီကို ဖြုတ်တပ် ပြုလုပ်လို့ မရပါဘူး။ Stand-by အနေအထားနှင့် နာရီပေါင်း ၆၀ဂုနာရီနှင့် ဖုန်းပြောဆိုချိန်မှာတော့ ၁၇နာရီ ၄၀ မိနစ်အထိ ခံနိုင်ရည်ရှိတယ်လို့ ဖော်ပြထားပါတယ်။

# Mobile HTC One X



Kyats
399,000

HTC One Xဟာ လှပသေသပ်တဲ့ ဒီဇိုင်းနဲ့ ဆွဲဆောင်မှု ရှိတဲ့ Smart Phone တစ်လုံးပါ။ Screen Resolution 720x1280 ရှိတဲ့အတွက် Screen အရွယ်အစားနဲ့ မျက်နှာပြင်အကျယ် 4.7inches ရှိပြီး Resolutionမျှတကိုက်ညီမှု ရှိပြီး စွမ်းအားအပြည့်နဲ့ Quad-Core Nvidia Tegra 3 Chipsetကို အသုံးပြုထားတဲ့အတွက် ကောင်းမွန်မြန်ဆန်တဲ့ Performanceတွေရဖို့ အသေအချာပါပဲ။ ဒါ့အပြင် 10802P Full HDတွေပါ ရိုက်ကူးနိုင်မယ့် 8MP Cameraက အထူးကောင်းမွန်လှပြီး စက်သေနပ် ပစ်သလို အမြန်နှုန်းနဲ့ ဓာတ်ပုံတွေ တစ်ဖျတ်ဖျတ် ရိုက်ကူးလို့ ရတယ်လို့ ညွှန်းထားပါတယ်။

ကင်မရာ စဖွင့်လိုက်ရင် Start-up Timeအတွက် အချိန် ၁စက္ကန့်ပဲ ယူမှာဖြစ်လို့ လျှပ်တစ်ပြက် ရိုက်ချက်နဲ့ပ ဓာတ်ပုံတွေ ရိုက်ကူးဖို့ အမြဲအဆင်သင့် ဖြစ်နေမှာပါ။ Web-Browsing Speedကိုလည်း အထူးကောင်းမွန်အောင် ပြုလုပ်ထားတဲ့အပြင် HD Videoတွေ ရိုက်ကူးနေရင်းကလည်း ဓာတ်ပုံရိုက်ကူးလို့ရမှာ ဖြစ်တယ်လို့ သိရပါတယ်။ အသံစနစ်နဲ့ ပတ်သက်ရင်တော့ HTC One Seriesတွေ အားလုံးမှာ Beats Audio TM စနစ်တွေ ပါဝင်ပြီး ဖုန်းပြောတဲ့အခါမှာ တင်မက သီချင်း၊ ဗီဒီယိုတွေ ဖွင့်တဲ့အခါနဲ့ ဂိမ်းကစားတဲ့နေရာမှာပါ ကောင်းမွန်တဲ့ အသံစနစ်တစ်ခုရဲ့ ကြည်လင် ပြတ်သားတဲ့ အရသာကို ခံစားနိုင်မှာ ဖြစ်ပါတယ်။

Storage Memory 32GB ပါဝင်ပြီး 1GB RAM ပါဝင်ပါတယ်။ Operating Systemအနေနဲ့ Andriod OS Version 4.0 (Ice Cream Sandwich)ကို အသုံးပြုထားပြီး Version 4.1.1 (Jelly Bean)ကို Upgrade ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ Bluetooth Version 4ကို အသုံးပြုထားပြီး USB 2.0 Portလည်း ပါဝင်ပါတယ်။

Wi-Fi ချိတ်ဆက်ဖို့အတွက်ကတော့ 802.11 a/b/g/n Standard လေးမျိုးစလုံးနဲ့ ချိတ်ဆက်လို့ ရပါတယ်။ Batteryကတော့ 1800mAh Li-Po Batteryကို အသုံးပြုထားပါတယ်။ ဝယ်ယူလိုတယ်ဆိုရင်တော့ ဖုန်း - ဝ၁-၃၇၈-၄၃၁(ရန်ကုန်)နဲ့ ဝ၁-၁၂ဝ-၃၄၆၃(မန္တလေး)တို့ကို ဆက်သွယ်ပြီး ဝယ်ယူနိုင်ပါတယ်။

## Monitor **Acer** Monitor S200HLAbd



ရုံးသုံးဖို့ပဲ ဖြစ်ဖြစ်၊ အိမ်သုံးအတွက်ပဲ ဖြစ်ဖြစ် နေရာယူ သက်သာပြီး ဒီဇိုင်းလည်း လန်းလန်းလေးမှ ကြိုက်တယ်၊ သာလွန်ကောင်းမွန်တဲ့ ရုပ်ထွက်နဲ့လည်း ဖြစ်ချင်တယ် ဆိုတဲ့ Customerတွေအတွက် Acerမှ ထုတ်လိုက်တဲ့ Acer S series Monitor ဖြစ်ပါတယ်။ Ultra Thin, Ultra Elegant ဒီဇိုင်းမို့ ပါးလွှာ ကြော့ရှင်းပြီး နေရာယူ သက်သာလို့ သင့်ရဲ့ ကွန်ပျူတာ စားပွဲပေါ်မှာ ရှုပ်နေမှာ မဟုတ်ပါဘူး။ မှင်သက်လောက်အောင် ကောင်းမွန်တဲ့ Contrast Ratio 100,000,000 : 1 ပါဝင်ပြီး Wide Screen (16:9)ကို သုံးထားပါတယ်။ Resolutionကတော့ 1600X 900 60Hzနဲ့ Response Timeက 5msမို့ Gameတွေကို ပိုမို အသက်ဝင် လှုပ်ရှားစေမှာပါ။ Screen Size 20"နဲ့ Full HDကို ထောက်ပံ့ပေးနိုင်လို့ ရုပ်ရှင်ရုံမှာ ကြည့်ရသည့်အလား ဖျော်ဖြေမှု ရသအစစ်ကို ပေးပါတယ်။ Viewable Angleကတော့ 160° Vertical / 170° Horizontal ဖြစ်ပါတယ်။ Brightness ကတော့ 250 cd/m2 ပါဝင်ပါတယ်။ Analog D-Sub ပါဝင်မှုက သင့်လိုအပ်ချက်နဲ့ ကိုက်ညီမှာပါ။ Display Sizeကတော့ 20" (51cm) ဖြစ်ပါတယ်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဂရုပြုပြီးထုတ်လုပ်ထားတာမို့ Mercury Free Materialsတွေ သုံးစွဲထားတာဖြစ်ပြီး၊ White LED Technologyကို သုံးထားပါတယ်။ ပါဝါစားတာကို ၆၈ ရာခိုင်နှုန်း လျှော့ချပေးလို့ စွမ်းအင်သုံးစွဲမှုကို ချွေတာပေးပါတယ်။ ဈေးနှုန်းကတော့ ၁၀၅,၀၀၀ကျပ် ဝန်းကျင်လို့ သိရပြီး ဝယ်ယူအားပေးချင်သော Customer များအနေဖြင့် Acer (ရွှေလမင်းနဂါးကုမ္ပဏီ)၏ Dealerနှင့် Reseller ဆိုင်ကြီးများမှာ ဝယ်ယူရရှိနိုင်ပါတယ်။

## Projector **Acer** Projector P1223



Acerမှ အစဉ်တစိုက် ဝယ်ယူအားပေးကြသော Customerများအတွက် ရုံးသုံး၊ ကျောင်းသုံး၊ လုပ်ငန်းသုံးရန်အတွက် Acerမှ အသစ်ထပ်မံ ထုတ်လုပ်လိုက်တဲ့ Pojector P1223 အမျိုးအစား ဖြစ်ပါတယ်။ P1223 Projector အမျိုးအစားမှာ ဈေးနှုန်းသင့်တင့်၍ ဒီဇိုင်းပုံစံ အသစ်ဖြစ်တာမို့ သုံးစွဲသူတွေ ကြိုက်နှစ်သက်စေမှာပါ။

Resolution အနေနဲ့ Native XGA (1024 x 768) ပါဝင်လို့ ပုံမှန် Projectorများထက် Resolutionကို ကောင်းကောင်း ကြည့်ရှုခံစားနိုင်ပြီး Contrast Ratioမှာ 7500 : 1 အထိပါရှိလို့ Resolution ကောင်းကောင်း၊ Contrast Ration မြင့်မြင့် ကြည့်ရှု အသုံးပြုနိုင်ပါတယ်။ ပုံမှန်ထက် ပိုကောင်းမွန်တဲ့ Brightnessမှာ 3200 ANSI lumers အထိ ရရှိပြီး Lamp Lifeလို့ ခေါ်တဲ့ မီးသီးသက်တမ်းကတော့ Standard Mode အနေဖြင့် 3,500 Hours အထိရှိပြီး Eco Mode အနေဖြင့် 5,000 Hours အထိအသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် ထပ်မံတိုးပြီး Exteme Eco Mode အနေနဲ့ 6000 Hours အထိ အသုံးပြုနိုင်ပါတယ်။ Input interface အနေဖြင့် D-Sub, Composite Video, S-Video, HDMI, PC Audio ပါဝင်တာမို့ လိုအပ်တဲ့အခါ အသုံးပြုတဲ့အပြင် Output Interface အနေဖြင့် D-Sub, Pc Audioကိုပါ တွဲဖက် အသုံးပြုနိုင်ပါတယ်။ DLP 3D ပါဝင်တာမို့ ပြည့်စုံကောင်းမွန်တဲ့ ရုပ်ထွက်ကို ပိုင်ဆိုင်နိုင်မှာပါ။

ကောင်းစွာ စွမ်းဆောင်နိုင်သော စွမ်းရည်၊ လှပသော ဒီဇိုင်းများကြောင့် လက်မလွှတ်သင့်သော Projector တစ်မျိုး ဖြစ်ပါတယ်။ ဝယ်ယူအားပေးချင်သော Customerများ အနေဖြင့် Acer (ရွှေလမင်းနဂါးကုမ္ပဏီ)၏ Dealerနှင့် Reseller ဆိုင်ကြီးများမှာ အာမခံ သက်တမ်း ပစ္စည်းနှင့် လက်ခ အခမဲ့ (၁)နှစ်ဖြင့် ဝယ်ယူရရှိနိုင်ပြီး ဈေးနှုန်း အနေနဲ့ ၅၁၀,၄၀၀ကျပ်ဝန်းကျင်လို့ သိရပါတယ်။

## Blu-ray Player **Denon** DBT-1713UD

Kyats
**450,000**



DENONမှ 2013 Model အဖြစ် ထုတ်လုပ်လိုက်တဲ့ Denon DBT-1713UD Blu-Ray Playerဟာ Blu-Ray Discs, DVD, CD, Super Audio CD (SACD), DVD-Audio (DVD-A) Discs စတဲ့ Disc Formatမျိုးစုံ ဖတ်နိုင်တဲ့ Universal Disc Player တစ်လုံးပဲ ဖြစ်ပါတယ်။ ဒီ Playerမှာ HDMI Cable ပါဝင်သလို Network ချိတ်ဆက်ဖို့အတွက် Network Port ပါဝင်ပြီး You tubeလိုမျိုး Onlineပေါ်က ဗီဒီယိုဖိုင်တွေကို 1080P 24FPSနဲ့ Full HD Video အဖြစ် ကြည့်ရှုနိုင်မှာ ဖြစ်ပြီး 3D ရုပ်ရှင်တွေကိုလည်း ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ Denon DBT-1713UDရဲ့ Remote Controlမှာ ရိုးရှင်းပြီး အသုံးဝင်တဲ့ Fatureတွေ ပါဝင်ပါတယ်။ ဒီ Remote Controlကို သုံးပြီးတော့ပဲ Online Video Serviceတွေပေါ်က Video Fileတွေကို Control လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သင့်ရဲ့ Smart Phoneကို အသုံးပြုပြီးတော့လည်း DBT-1713UDကို Control လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို လုပ်နိုင်ဖို့အတွက်တော့ Remote Applicationကို Downloadလုပ်ရမှာ ဖြစ်ပြီး iPhone, iPadတို့လို iOS Deviceတွေအပြင် Android Deviceတွေပေါ်မှာ အဲဒီ Applicationကို တင်ပြီး Smart Phone/ Mobile Deviceတွေနဲ့ Denon DBT-1713UDကို Control လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဝယ်ယူလိုတယ် ဆိုရင်တော့ Sound Tech Audio & Home Entertainment ဖုန်း - 01-252-066မှာ ဆက်သွယ် ဝယ်ယူရရှိနိုင်ပါတယ်။

## Headset **HTC** RC E240 Wire Headset



ဓာဒီ

Keyလေးခု ပါဝင်သည့်အတွက် Music Remote Centrol တစ်ခုလို သုံးစွဲနိုင်သည်ဟု သိရသည်။ 3.5mmရှိ Audio Jock အသုံးပြုထားပြီး Flat Cableကို သုံးထားကြောင်း သိရသည်။ ၎င်းသည် HTC၏ နောက်ဆုံး ထွက်ရှိလာသော Productလေး ဖြစ်ပြီး RCE240 Wired Headsetတစ်ခုဖြစ်သည်ဟု သိရသည်။ Answer, Call, Play Back Musicတို့ကို Buttonလေးများဖြင့် အလွယ်တကူ ထိန်းချုပ်နိုင်သည့်အတွက် ဖုန်းအဝင်ခေါ်ဆိုမှုများကို အလွယ်တကူ ပြောနိုင်ပါသည်။

HTC၏ မူပိုင် Design Stereo Headset တစ်ခုဖြစ်ပြီး Stereo Qualityကို အပြည့်အဝ နားဆင်ခံစားနိုင်သည်ဟု သိရသည်။ RC E240 Wired Headset၏ Beats Audio၏ အသံအရည်အသွေး ပံ့ပိုး လုပ်ဆောင်နိုင်သော စွမ်းဆောင်ရည်သည် သုံးစွဲသူကို နှစ်မြိုက်သဘောကျစေနိုင်ကြောင်း သိရသည်။ အရောင်မှာ အဖြူရောင်နှင့် အနက်ရောင်ရှိပြီး Flat Cable Headset ဈေးနှုန်းမှာ ၂၀,၀၀၀ကျပ် ရှိပြီး HTC Concept Storeနှင့် Mobile ဆိုင်အချို့တွင် ဝယ်ယူရရှိနိုင်ပြီဟု သိရပါသည်။



Game Review




ညီညီနိုင်

FIFA Soccer 13ကတော့ ဘောလုံးကန်ဖို့ အားသန်တဲ့ Gamerတွေအတွက် PS 3မှာတင်မက Xbox 360မှာပါ ကစားနိုင်သလို Wii U Versionမှာဆိုရင် Touch-Based Featureတွေပါ ပါဝင်ပြီး Electronic Arts (EA)က ထုတ်လုပ်လိုက်တဲ့ ဘောလုံးဂိမ်းပဲ ဖြစ်ပါတယ်။ ဒီဂိမ်းကို EAက Beta Version အဖြစ် ဖြန့်ချိလိုက်တုန်းကလည်း မိတ်ဆက်ပေးခဲ့ဖူးပြီး အခုအချိန်မှာတော့ Full Version အဖြစ် ရရှိနိုင်ပြီဖြစ်လို့ အသေးစိတ် ထပ်မံ တင်ဆက်ရခြင်းပဲ ဖြစ်ပါတယ်။ အရင်ဖြန့်ချိခဲ့တဲ့ Versionတွေထက် များစွာ သာလွန်တဲ့ ဆန်းသစ်ပြောင်းလဲမှုတွေ ပြုလုပ်ထားပြီး အထူးသဖြင့် တိုက်စစ်ဆင် ကစားတဲ့နေရာမှာ သေသပ်ကောင်းမွန်လာအောင် ပြုလုပ်ထားပါတယ်။ ဘောလုံးအသင်းပေါင်း ၅၀၀ကျော် ရွေးချယ်ကစားနိုင်ပြီး ကစားသမားပေါင်း ၁၅,၀၀၀ခန့် ပါဝင်တယ်လို့ သိရပါတယ်။ အလိမ်အခေါက်၊ ဘောလုံးရယူဖို့ နေရာယူမှုနဲ့ Free Kickကန်ရာမှာ ပိုမို တိကျစေဖို့ အထူးပြုပြင်ထားတယ်လို့ သိရပါတယ်။ ဒါ့အပြင် Playerတွေရဲ့ စွမ်းရည်တွေကိုလည်း လက်ရှိခြေစွမ်းတွေနဲ့ အညီ Upgrade ပြုလုပ်ပေးထားပါတယ်။ ဒါ့အပြင် ဒိုင်လူကြီးတွေကိုလည်း ပြစ်ဒဏ်ဘော၊ လူကျွံဘော သတ်မှတ်ခြင်းများကို အရင်ကထက် ပိုမို တိကျပြီး မျှတအောင် တစ်နည်းအားဖြင့် ဒိုင်လူကြီးများရဲ့ ဆုံးဖြတ်ချက်တွေ တိကျမှန်ကန်လာအောင် ပြုလုပ်ပေးထားပါတယ်။ အထူးသဖြင့် တိုက်စစ် ကစားသမားများတွေရဲ့ စွမ်းရည် ပိုမို ကောင်းမွန်လာပြီး 1 Vs 1 လိမ်ခေါက်ဖြတ်ကျော်မှုတွေနဲ့ ဘောလုံးလမ်းကြောင်းအပေါ် မူတည်ပြီး လူမကျွံအောင်နဲ့ လွတ်လွတ်ကျွတ်ကျွတ် ဘောလုံးပေးပို့လို့ ရအောင် နေရာယူနိုင်မှုတွေ သိသိသာသာ ကောင်းမွန်လာလို့ တိုက်စစ်အားသန်တဲ့ Gamerတွေ ပိုမို သဘောကျမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး။ EAက FIFA Soccer 13မှာ ဂိုးသမားတွေရဲ့ စွမ်းရည်ကိုလည်း မြှင့်တင်ပေးထားပါတယ်။ တစ်ခုတော့ ရှိပါတယ်။ Free Kick အကန်ခံရတော့မယ် ဆိုရင်တော့ သတိထားပါ။ အရင်ကထက် ပိုမို အန္တရာယ်ရှိပြီး မမျှော်လင့်ထားတဲ့ ကန်ချက်တွေနဲ့ ဂိုးသမားတွေကို ဒုက္ခပေးမယ့်အပြင် Free Kickကန်ဖို့ ဘောလုံးတည်တဲ့ နေရာမှာ Player သုံးယောက်နေရာယူထားပြီး တစ်ဖက်ခံစစ်သမားတွေနဲ့ ဂိုးသမားတို့ကို အာရုံနောက်စေမယ့် အယောင်ပြ ဖြတ်ပြေးတာတွေလည်း ပြုလုပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် တိုက်ရိုက်ကန် မသွင်းဘဲ ဂိုးသွင်းဖို့ အကောင်းဆုံး အနေအထားဖြစ်အောင် ပေးပို့ပေးမှုတွေလည်း ရှိလာမှာ ဖြစ်ပါတယ်။ ခြုံငုံပြီး သုံးသပ်ရရင်တော့ သေသပ်တိကျတဲ့ ဘောလုံး ပေးပို့မှုတွေ အံ့အားသင့်ဖွယ် တစ်ဦးခြင်း ထိပ်တိုက်လိမ်ခေါက်ဖြတ်ကျော်မှုတွေအပြင် ကောင်းမွန်လှတဲ့ Free Kick ကန်ချက်တွေနဲ့ ပြင်ပက ဘောလုံးလောကရဲ့ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုတွေ လာရောက်ရိုက်ခတ်နေတဲ့ FIFA Soccer 13ဟာ Soccer Gameကို ကြိုက်နှစ်သက်တဲ့ Gamerတွေကို စိတ်ကျေနပ်မှု ပေးစွမ်းနိုင်မှာပါ။




ညီညီနိုင်

The Walking Dead Survival Instinctကတော့ အသက်ရှင် ရပ်တည်ဖို့ အတွက် ဘာမဆို လုပ်ရမယ့် First-Person-Action-Adventure-Game အမျိုးအစား ဖြစ်ပါတယ်။ AMC TV Channelရဲ့ အောင်မြင်မှုများစွာ ရခဲ့တဲ့ TV Seriesကို အခြေခံထားတာ ဖြစ်ပြီး မူလအစကတော့ ရုပ်ပြဇာတ်လမ်း တစ်ခုပဲ ဖြစ်ပါတယ်။ Gameရဲ့ ကျောရိုးအနေနဲ့ အဓိက ဇာတ်ကောင် Daryl Dixonနဲ့ သူရဲ့ညီ Merle Dixonတို့နှစ်ယောက် သူတို့ရဲ့ အသက်ရှင် ရပ်တည်မှုအတွက် အမှားမခံနိုင်တဲ့ ရွေးချယ်မှုတွေနဲ့အတူ ခြောက်လှန့်မှုတွေ၊ ခွင့်မလွှတ်နိုင်တဲ့ လက်စားချေ တိုက်ခိုက်မှုတွေကို သယ်ပိုးပြီး Zombileတွေ ကြီးစိုးနေတဲ့ Georgia နယ်တစ်လျှောက်ကနေ Atlantaအထိ ခရီးရှည်ကြီး တစ်ခုကို ထွက်ရပါလိမ့်မယ်။ Gameကစားသူက Darylအနေနဲ့ ကစားရမှာဖြစ်ပြီး အစားအစာနဲ့ ရေရှာဖွေမှုတွေကိုပါ လုပ်ရမှာ ဖြစ်ပါတယ်။ အိပ်မက်ဆိုးတစ်ခုကို ရက်စက်ကြမ်းတမ်းစွာ တိုက်ခိုက်မယ့် လမ်းမထက်က အသေကောင်တွေရဲ့ကြားမှာ သူတို့ထက် ရက်စက်နိုင်မှ ရှင်သန်ပါလိမ့်မယ်။ Zombileတွေဟာ သေနတ်သံနဲ့ အလင်းရောင်တို့ကနေ သင့်ကို ရှာဖွေ တိုက်ခိုက်မှာ ဖြစ်ပါတယ်။ အနီးကပ် တိုက်ခိုက်မှုနဲ့ အဝေးက တိုက်ဖို့အတွက်ပါ လက်နက်မျိုးစုံ သုံးစွဲရမှာ ဖြစ်ပြီး သွားရာလမ်းတစ်လျှောက်မှာလည်း ကိုယ့်လိုပဲ အသက်ရှင်ဖို့ တိုက်ခိုက်နေရတဲ့ လူတွေနဲ့ တွေ့ဆုံရမှာဖြစ်လို့ ကူညီမလား၊ ဒုက္ခပေးမလား ဆိုတာကိုတော့ ပုံသေသတ်မှတ် ယုံကြည်ထားလို့ ရမှာမဟုတ်ပါဘူး။ ဒီဂိမ်းကို မတ်လ ၁၉ရက်နေ့မှာ ဖြန့်ချိလိုက်ပြီဖြစ်လို့ မကြာခင် လက်တွေ့ ဆော့ကြည့်နိုင်တော့မှာ ဖြစ်ပြီး PC၊ PS3၊ Wiiuတို့အပြင် Xbox 360မှာပါ ဆော့ကစားနိုင်မှာမို့ လက်မလွှတ်သင့်တဲ့ ဂိမ်းတစ်ခုပါပဲ။

MYANMAR ICT JOURNAL အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
THE WEEK OF MAR 25 - 31, 2013
TRENDINGON

## Smart Box **Gigastone** Smart Box A2




ပြည်တွင်းဈေးကွက် အတွင်းသို့ Gigastone အမှတ်တံဆိပ် Mobile Wireless Smart Box တစ်မျိုး ဝင်ရောက်လာပါတယ်။ ဒီ Wireless Smart Boxကို Apple Deviceများနှင့် ချိတ်ဆက်ပြီး အသုံးပြုမည် ဆိုပါက iTune Software မလိုဘဲ Movie, Photos, Musicနှင့် Document အစရှိတဲ့ ဖိုင်တွေကို ကြိုးမဲ့ (Wireless) သိမ်းဆည်းနိုင်မှာ ဖြစ်ပြီး ကြိုးမဲ့ ချိတ်ဆက်ပြီးတော့လည်း ပြန်လည်ဆွဲယူ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Windows OS, Mac OS နှင့် Android OS အစရှိတဲ့ OSတွေ အသုံးပြုထားတဲ့Laptop,PC,Smartphone,Taablet စတဲ့ Deviceမျိုးစုံနဲ့ ချိတ်ဆက် အသုံးပြုနိုင်ပါတယ်။ Wi-Fi ချိတ်ဆက်၍ အသုံးပြုတဲ့အခါမှာလည်း 802.11 b/g/n Standard သုံးမျိုးနဲ့ ချိတ်ဆက်လို့ ရပြီး Device ခြောက်ခု တစ်ပြိုင်နက်ထဲ ချိတ်ဆက်ဆွဲယူ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ OSB SDHC Card ပေါက် ပါဝင်၍ Memoryကို 32GBအထိ ထည့်သွင်း အသုံးပြုနိုင်ပါတယ်။ 2500mAh ရှိတဲ့ Li-ion ဘက်ထရီ ထည့်သွင်းထားပြီး Hi-Speed Coifi စနစ် အသုံးပြုထားတဲ့အတွက် မိုဘိုင်းလ်ဖုန်းတွေကို တစ်နာရီအတွင်း 1000က mAh အထိ အားပြန်သွင်းပေးနိုင်မှာ ဖြစ်ပါတယ်။ ကြိုးနဲ့ ချိတ်ဆက် အသုံးပြုနိုင်ဖို့အတွက် USB 3.0 USM Adapter with Detachable USB 3.0 Cableတွေလည်း ပါဝင်ပါတယ်။ ပစ္စည်းအမျိုးအစား ကောင်းမွန်သော Gigastone Wireless Smart Boxကို အသုံးပြု ဝယ်ယူလိုပါက ကိုဘီနီး (Sony Games)၊ ဘားလမ်း (အထက်)၊ အမှတ် (၂၅၉)၊ ဖုန်း - 256-417သို့ ဆက်သွယ် ဝယ်ယူနိုင်ပါတယ်။

## notebook **Asus** ZenBook UX51V

မင်းခန့်



ASUS ZenBook UX51V ရဲ့စွမ်းရည်တွေကတော့ ခံ့ညားတဲ့ဒီဇိုင်း၊ စိတ်ကြိုက်သုံးစွဲနိုင်မှု၊ ကောင်းမွန်ဆန်းသစ်တဲ့ Keyboard ၊ အသံထွက်ကောင်းမွန်တဲ့ Speaker ၊ Battery သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်မှုတွေဖြစ်ပါတယ်။ အားနည်းချက်တွေကတော့ ဈေးနှုန်းကြီးမားမှု၊ Cooling Fan မပါရှိမှု၊ Touch Screen မပါဝင်မှုတွေဖြစ်ပါတယ်။ ဈေးနှုန်း ကြီးမြင့်တယ်ဆိုတာကလည်း ZenBook UX51V တစ်လုံးကို ဒေါ်လာ ၉၉၄.၄၀ ဖြစ်တာကြောင့်ပါ။ ယေဘူယျ ကြည့်မယ်ဆိုရင်တော့ ZenBook UX51V တစ်လုံးဟာ ၁၅.၆ လက်မ အရွယ်အစားရှိတဲ့ မြန်နှုန်းမြင့် Notebook တစ်လုံးလို့ဆိုနိုင်ပါတယ်။ တကယ်တမ်းမှာလည်း ZenBook UX51Vဟာ IPS Display၊ Core i7quad-core processor တွေတပ်ဆင်ထားပြီး၊ ရုပ်ထွက်ကောင်းမွန်မှုတွေနဲ့ အသုံးပြုရလွယ်ကူမှုတွေကို မြင်ရမှာပါ။ ZenBook UX51V မှာ Memory pair လုပ်နိုင်မှုက 128 GB အထိအောင်ရှိပါတယ်။ ZenBook UX51V ဆိုတာကလည်း Display ကို ၁၅.၆ လက်မရှိပြီး၊ အလေးချိန်ကိုလည်း ၄.၆ ပေါင်ပဲရှိအောင် ဖန်တီးထားတာပါ။ Body ပိုင်းအနေနဲ့လည်း Aluminium အသားပေးသုံးစွဲ တည်ဆောက်ထားပြီး၊ Unibody လို့ခေါ်တဲ့ ဒီဇိုင်းမျိုးဖန်တီးထားပါတယ်။ Display ရဲ့အပေါ်ဖုံးဟာလည်း ထူထဲပြီး အပျက်အစီး ထိခိုက်မှုတွေကို အကောင်းဆုံးကာကွယ်ပေးနိုင်မှာပါ။ သတိမူရမဲ့အချက်ကတော့ ကြမ်းတမ်းတဲ့မျက်နှာပြင်နဲ့ ထိခိုက်မှုမရှိအောင် ထိန်းသိမ်းဖို့ပါပဲ။ တကယ်လို့ သားရေ Cover တစ်ခုခုကို သုံးမယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်မှာပါ။ ZenBook UX51Vဟာ စိတ်လှုပ်ရှားဖို့ကောင်းတဲ့ ဒီဇိုင်းအသစ်တစ်ခုဖြစ်ပြီး၊ တကယ်တမ်းလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ စဉ်းစားချင့်ချိန်ရမဲ့ အချက်တစ်ခုကတော့ သူ့ရဲ့ဈေးနှုန်းပါ။ သူ့ရဲ့ Upgrade စွမ်းဆောင်ရည်ကိုတော့ ကန့်သတ်ထားတာတွေ့ရပါတယ်။ ZenBook UX51Vကို ဖွင့်ကြည့်မယ်ဆိုရင်တော့ Screwdriver ရှိမှ အဆင်ပြေမှာပါ။ Media နဲ့ Upgrade အပိုင်းတွေကို သုံးဖို့အတွက်ကတော့ RAM တစ်ခု ပါဝင်ပါသေးတယ်။ Port အနေနဲ့ကတော့ USB 3.0 Port ၊ HDMI ၊ mini-Display Port တွေ တပ်ဆင်အသုံးပြုနိုင်မှာပါ။ သူ့ရဲ့ထူးခြားချက်ကတော့ Internal Optical Drive မပါဝင်တာဖြစ်ပြီး၊ ပုံထွက်အားလုံးဟာ ဘယ်ကနေ ညာကို ရွှေ့လျားမှာပါ။ Keyboard ရဲ့ဒီဇိုင်းကတော့ Chiclet-style ဖြစ်ပြီး၊ LED မီးလုံးတွေနဲ့ အလှဆင်ထားတာတွေ့ရမှာပါ။ ဒါ့အပြင် Numeric Keypad ကိုလည်း သီးခြားတည်ဆောက်ထားပါတယ်။ Keypad တွေရဲ့မျက်နှာပြင်ကို ချောမွေ့ညီညွတ်အောင် ပြုလုပ်ထားတာကြောင့် သုံးစွဲချိန်ကြာမြင့် လာခဲ့ရင်တောင် ခလုတ်ချောင်ခြင်း၊ လှုပ်ခြင်းတွေ မရှိနိုင်လောက်ပါဘူး။ Clicking နဲ့ပတ်သက်လို့ကတော့ တပြေးညီမြန်နှုန်းနဲ့ လုပ်ဆောင်နိုင်မှာပါ။ ကျွန်တော့်အမြင်မှာတော့ ZenBook UX51Vဟာ အရမ်းကြည့်ကောင်းတဲ့ IPS(In-Plain Switching) တစ်ခုဖြစ်ပြီး၊ ကြည်လင်ပြတ်သားတဲ့ ရုပ်ထွက်ကို ရှုထောင့်မျိုးစုံကနေ ခံစားကြည့်ရှုနိုင်မှာပါ။ Brightness နဲ့ Color ပိုင်းလည်း ညီမျှလွန်းတာကြောင့် မှန်လို အလင်းပြန်ခြင်းမျိုးတွေလည်းမဖြစ်နိုင်ပါဘူး။ Display Resolution က ၁၉၂၀×၁၀၈၀ Pixels ရှိလို့ အကောင်းမွန်ဆုံး Image တွေကိုပေးစွမ်းနိုင်ပါလိမ့်မယ်။ အားနည်းမှု နောက်တစ်ချက်ဖြစ်တဲ့ Touch လုပ်နိုင်မှုမရှိတာကတော့ အဓိကပြစ်ချက်လို့ ဆိုရပါမယ်။ Sound အပိုင်းမှာတော့ Separate Speaker တွေက Bass အသံတွေနဲ့ Stero အသံတွေကို သီးခြားထုတ်ပေးမှာပါ။ ဒါကြောင့် ZenBook UX51Vဟာ အားသာချက်များစွာနဲ့ လူကြိုက်များတဲ့ Notebook တစ်ခုအဖြစ် ဈေးကွက်မှာ နိုင်နိုင်မာမာ ရပ်တည်လျက်ရှိပါတယ်။











အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

Game Review







# STAR TREK

ရထား

လာပြန်ပြီ Star Trek: The Game တဲ့၊ စီးရီးအလိုက် ထွက်တဲ့ဂိမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ Action ဂိမ်းမျိုးကြိုက်တဲ့ ဂိမ်းမာတွေအတွက်ကတော့ Aprilလထဲမှာ Star Trek နဲ့အဆင်ပြေလောက်ပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေပါ ထွက်ထားတဲ့ Star Trekဂိမ်းကို ရုပ်ရှင်ထုတ်လုပ်ရေး Companyတစ်ခု ဖြစ်တဲ့ Paramount Digital Entertainmentနဲ့ Namco Bandai Companyနှစ်ခုက တာဝန်ယူထုတ်ပေးမှာဖြစ်ပြီး၊ Developer တွေကလဲ ဂိမ်း Developer အင်းအားစုဖြစ်တဲ့ Digital Extremesက ဖန်တီးထားတာဆိုတော့ အရမ်းမိုက်တဲ့ Action ဂိမ်းတစ်ခုလို့ ပြောလို့ရနေပါပြီ။ ထွက်ပြီးသား Star Trek စီးရီးတွေကလဲ ကောင်းပြီးသားဆိုတော့ ဒီနှစ်အတွက် Star Trek: The Gameကို ဘယ်လိုပြင်ဆင်ထားလဲဆိုတာ Aprilလထဲမှာ စောင့်ကြည့်ရဦးမှာပါ။ ဂိမ်းတစ်ခုမှာ အရေးကြီးဆုံးတစ်ခုက ရုပ်ထွက်ကောင်းဖို့ပါပဲ။ Star Trekရဲ့ ဂိမ်း Engineကို ကောင်းအောင် ပြင်ဆင်ထားတဲ့အတွက် ရုပ်ထွက်က ပြောစရာမလိုတော့ပါဘူး။

April 23, 2013ရက်နေ့မှာ ထွက်လာတော့မယ့် ဒီ Actionကို Preview ကြည့်မယ်ဆိုရင် Star Trekရဲ့ ထွက်ပြီးသား ရုပ်ရှင်ဇာတ်လမ်းတွေ အတိုင်းပဲလို့ ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုရင် ထွက်ပြီးသား Star Trek ရုပ်ရှင်ကားထဲက ဇာတ်လမ်းသဘောကို အခြေခံပြီး ဒီ The Gameကို ဖန်တီးလိုက်တာပါ။ ခေတ်လွန် သိပ္ပံကားတွေ ထဲကလိုအာကာသပေါ်မှာ သွားနေတဲ့ယာဉ်ပျံတွေ၊ အာကာသစခန်းတွေနဲ့ ရန်သူတွေကို မြင်တွေ့ရမှာပါ။ ဒီဂိမ်းရဲ့ ဇာတ်လိုက်နှစ်ယောက်ကို တစ်ယောက်နဲ့ တစ်ယောက် စွမ်းရည်မတူအောင် လုပ်ပေးထားတာတွေက Digital Extremesရဲ့ အကြံတွေ ဖြစ်ပါလိမ့်မယ်။ တစ်ယောက်က Kirk၊ နောက်တစ်ယောက်က Spockလို့ ခေါ်ပါတယ်။ သူတို့တွေက သေနတ်နဲ့တိုက်ခိုက်တာ ကျွမ်းတဲ့လူရယ် စိတ်စွမ်းအားနဲ့ တိုက်ခိုက်လူအဖြစ် ကစားသူက ထိန်းချုပ် ကစားသွားရမှာ ဖြစ်ပါတယ်။ Single-player ကစားလို့ရနိုင်မှာဖြစ်ပြီး Cooperative Gameplay အနေနဲ့ပါ ကစားလို့ရမှာပါ။

Developer အမိုက်စားကြီးတွေက ဖန်တီးထားတဲ့ Star Trek: The Gameကို Action ဂိမ်းကြိုက်တဲ့ ဂိမ်းမာတွေအတွက် သတင်းကောင်း ပေးလိုက်တာပါ။ Actionဂိမ်းအပြင်ကို စွန့်စားမှုတွေနဲ့ သည်းထိတ်ရင်ဖိုကစားရမယ့် အခန်းတွေပါ ပါတဲ့အတွက် Action-Adventure ဂိမ်းလို့တောင် ပြောလို့ရပါသေးတယ်။ PC, PS3, XBOX အတွက် ထုတ်ပေးထားတာ ဖြစ်တဲ့အတွက် Platform အများစု Action သမားတွေအတွက် ကွတ်တီပါပဲ ခင်ဗျ။



Recommended Drive

# RANGE ROVER 2013

ညီညီနိုင်

Range Rover 2013ဟာ အရွယ်အစား ကြီးကြီးမားမားနဲ့ Four-Wheel Dirve SUVကားတစ်စီးပဲ ဖြစ်ပါတယ်။ စက်စွမ်းအား ကောင်းမွန်မှု၊ လမ်းကြမ်း လမ်းချောမရွေး ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်မှု အပြင် အဆင့်အတန်း မြင့်မားပြီး သက်သောင့်သက်သာ စီးနင်းဖို့ ကျယ်ဝန်းတဲ့ အတွင်းခန်း စတာတွေနဲ့ ပြည့်စုံနေတဲ့ Range Roverနဲ့သာဆိုရင် လမ်းမထက်မှာ အရှိန်အဟုန်နဲ့ လွင့်မျောဖို့ ဘာကို ဂရုစိုက်နေဦးမှာလဲ။ Range Rover 2013ဟာ Range Rover Seriesရဲ့ လေးဆက်မြောက် မျိုးဆက်ဖြစ်ပြီး၊ မိခင်ကုမ္ပဏီ Land Roverက ထုတ်လုပ်တာပါ။ Base Modelမှာဆိုရင် 5.0L V8 အင်ဂျင်က တစ်မိနစ်မှာ အင်ဂျင်လည်ပတ်နှုန်း 6500RPMနဲ့ မြင်းကောင်ရေ 375HP အား ရှိပါတယ်။ အော်တိုဂီယာ ၈ချက် Transmissionနဲ့မို့လို့ တကယ်ကို စွဲမက်ဖွယ် စွမ်းအားပဲ ဖြစ်ပါတယ်။ ဆီစားနှုန်းကတော့ ဆီတစ်ဂါလံကို မြို့တွင်း ၁၄မိုင်နဲ့ ဟိုင်းဝေးလမ်းပေါ်မှာ မိုင်၂၀မောင်းလို့ ရမှာ ဖြစ်ပြီး ဆီတိုင်ကီက ၂၇.၇ဂါလံ ထည့်ထားလို့ ရမှာဖြစ်လို့ ဆီအပြည့်ဖြည့်ထားရင် မြို့တွင်း ၃၈၈မိုင်နဲ့ ဟိုင်းဝေးလမ်းပေါ်မှာ ၅၅၄မိုင်လောက် ဆက်တိုက် ပြေးနိုင်မှာ ဖြစ်ပါတယ်။ Supercharged Modelမှာ ဆိုရင်တော့ 5.0L V8 Supercharger အင်ဂျင်က မြင်းကောင်ရေ 510HP အားရှိပါတယ်။ Transmissionကတော့ အော်တိုဂီယာ ၈ချက်ခြင်း အတူတူပါပဲ။ အင်ဂျင်ရှိန်အား ကွာခြားသွားပေမယ့် ဆီစားနှုန်းကတော့ သိပ်မကွာပါဘူး။ ဆီတစ်ဂါလံကို မြို့တွင်း ၁၃မိုင်နဲ့ ဟိုင်းဝေးလမ်းမှာ ၁၉မိုင် မောင်းနှင်နိုင်မှာပါ။ အပြင်ပန်းက ကြည့်မယ်ဆိုရင် သေသပ်ကျနစွာ တပ်ဆင်ထားတဲ့ ရှဲလ်၊လေခွင်းအား ကောင်းမွန်တဲ့ Body ကောက်ကြောင်းတွေနဲ့ Range Roverရဲ့ မူပိုင်ဟန်ကို မပျောက်စေဘဲ ခေတ်မီလုပနေတဲ့ Ranger Rover 2013ဟာ အခက်အခဲ အားလုံးကို မိုက်မိုက်ကန်းကန်း ဖြတ်ကျော်ဖို့ အသင့်ဖြစ်နေတဲ့ စစ်သည်တော် တစ်ယောက်လိုပါပဲ။

Base Modelမှာ ၁၉လက်မ အရွယ်အစားရှိပြီး Supercharged မှာဆိုရင် ၂၂လက်မ အရွယ်အစားရှိတဲ့ အလွိုင်းဝိုးတွေနဲ့ Range Rover 2013ဟာ တောင်တက်တောင်ဆင်းလမ်းတွေမှာ တာယာကုပ်အား အထူးကောင်းမွန်ပါတယ်။ ဒါ့အပြင် ရေလွှမ်းနေတဲ့ လမ်းတွေ (သို့မဟုတ်) တောတွင်းလမ်းက ရေအိုင်ငယ်တွေကို ဖြတ်ကျော်ရမယ်ဆိုရင်လည်း စိတ်မပူပါနဲ့။ ၃၅.၄လက်မအနက်ရှိတဲ့ ရေပြင်ကို ကောင်းကောင်း ထိုးခွဲ ဖြတ်ကျော်နိုင်ပါတယ်။ ချောမွေ့တဲ့ လမ်းတွေပေါ်မှာ ဇိမ်ခံကား တစ်စီးရဲ့ ငြိမ့်ညောင်းတဲ့ အရသာအပြည့် ပေးစွမ်းနိုင်တဲ့ ဒီကားဟာ လမ်းကြမ်းကြမ်းတွေပေါ်မှာ ရွှံ့နွံတွေ ရေအိုင်တွေနဲ့ မတ်စောက်လှတဲ့ အတက်အဆင်းတွေကို ကောင်းစွာ ရင်ဆိုင်ဖို့ အသင့်ပါပဲ။ Entertainmentပိုင်းအနေနဲ့လည်း Sirius XM Satellite Radioပါဝင်ပါတယ်။ DVD Playerနဲ့ 380Watts ရှိတဲ့ Meridian Premium Brand Stereo System စပီကာ ၁၃လုံး ပါဝင်ပါတယ်။ USB Port ပါဝင်သလို iPodနဲ့ iPhoneတို့နဲ့ ချိတ်ဆက်ပြီးလည်း သီချင်းတွေ ဖွင့်နိုင်မှာ ဖြစ်ပြီး Bluetooth Connectionနဲ့လည်း ချိတ်ဆက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Driver ထိုင်ခုံကို Base Modelမှာ ပုံစံ ၈မျိုးနဲ့ Superchargedမှာ ပို့စ် ၁၂မျိုး ပြောင်းနိုင်ပါတယ်။ နင်းကျတဲ့နိုင်ငံတွေမှာ မှန်တွေနဲ့ လည်သာခုံတွေကို အနွေးဓာတ်ပေးနိုင်ဖို့ အပူပေးစနစ်လည်း ပါဝင်ပါတယ်။ Cruse Control, Three Zone Climate Control စတဲ့ နည်းပညာတွေအပြင် Parking ထိုးရာမှာ အဆင်ပြေစေဖို့ ရှေ့/နောက် Parking Sensorတွေ ပါဝင်ပြီး နောက်ကြည့် ကင်မရာလည်း ပါဝင်ပါတယ်။ Safety Featureတွေအနေနဲ့ ဘီးလေးဘီးစလုံးပေါ်မှာ မျှတစွာ သက်ရောက်စေမယ့် 4-Wheel ABS စနစ်၊ Traction Control, Stability Control စတာတွေ ပါဝင်သလို နေ့ခင်းဘက်မှာပါ ကိုယ့်ရဲ့ကားကို သတိထားမိစေအောင် Daylamp ဇီနွန်မီးလုံးတွေလည်း ပါဝင်ပါတယ်။

ထူးခြားတဲ့ အချက်တစ်ခုအနေနဲ့ အောက်ပိုင်း ဆိုင်းထိမ်းစနစ်ကို ပုံစံငါးမျိုး ပြောင်းနိုင်မှာ ဖြစ်ပါတယ်။ သာမန်လမ်းမျိုးမှာ မောင်းနှင်နေချိန်နဲ့ နှင်းကျနေတဲ့လမ်း၊ ရွှံ့နွံထူထပ်တဲ့လမ်းနဲ့ ကျောက်တုံး၊ ကျောက်ခဲ ပေါများတဲ့ တောင်တက် တောင်ဆင်းလမ်း စတာတွေပေါ်မှာ မောင်းနှင်ခြင်း စတဲ့ အချက်တွေကို မူတည်ပြီး စိတ်ကြိုက် ရွေးချယ် မောင်းနှင်နိုင်မှာ ဖြစ်ပါတယ်။ ကိုယ်တိုင် မရွေးချယ်ချင်ဘူးဆိုရင်လည်း Auto Modeကို ရွေးချယ်ထားရင် သင့်တော်မယ့် ဆိုင်းထိမ်းစနစ်ကို အလိုအလျောက် ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ဒီကားရဲ့ အသေးစိတ်အကြောင်းကို သိချင်တယ်ဆိုရင် (သို့မဟုတ်) ဝယ်ယူ လိုတယ်ဆိုရင်တော့ Golden Dragon Trading, LLC Co.,Ltd.ဖုန်း - 09-732-543-35သို့ ဆက်သွယ် စုံစမ်းနိုင်ပါတယ်။





U.S.A. Office
2005 ORANGE STREET, UNIT-E, ALHAMBRA, CA 91803, U.S.A.
Tel: 1(626)379-7566 Fax: 1(626)289-0308
www.goldendragontrading.com

Yangon Office
(44C), PYAY ROAD 7½ MILES,MAYANGONE TOWNSHIP,
YANGON,MYANMAR .Tel: 95 (09) 732 54355
sales@goldendragontrading.com

Yangon Showroom (DENKO Gas Station)
235(B), Shu Khinn Thar Myo Pat Road,
Thar Kay Tha Township, YANGON, MYANMAR.
www.facebook.com/GoldenDragonTradingLLC

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

## Animation Review

Genre: Shounen, Action
Studio: A-1 Pictures
Score: 3 out of 5




နေအောင်လတ်

Fairy Tail The Movie: The Phoenix Priestessဟာ စာရေးဆရာနှင့် Mangaka Hiro Mashimaရဲ့ နာမည်ကျော် Shounen Action Series ဖြစ်တဲ့ Fairy Tailကို မှီငြမ်းရေးဆွဲထားတဲ့ ရုပ်ရှင်ဇာတ်ကားသစ် ဖြစ်ပါတယ်။ Fairy Tail ဇာတ်လမ်းဟာ မှော်ဆရာ Mage အဖွဲ့တွေ၊ Guildတွေရဲ့ တိုက်ပွဲများကို အဓိက အသားပေးထားတဲ့ ဇာတ်လမ်းဖြစ်ပြီး ဇာတ်ကောင်ပုံစံတွေဟာ စာရေးဆရာ Hiro Mashimaရဲ့ ယခင် ဇာတ်လမ်းတွဲဖြစ်တဲ့ Rave Masterနှင့် Eiichiro Odaရဲ့ One Piece ဇာတ်လမ်းရဲ့ ဇာတ်ကောင်ပုံစံတွေနှင့် အနည်းငယ်ဆင်တူနေတာ တွေ့ရမှာဖြစ်ပေမယ့် ဇာတ်လမ်းပိုင်းကတော့ အခြား Action Seriesများဖြင့် ပုံစံမတူဘဲ ကွဲထွက်နိုင်တာ တွေ့ရမှာပါ။ 2009ခုနှစ်ကတည်းက စတင်ပြသခဲ့တဲ့ Fairy Tail ဇာတ်လမ်းတွဲဟာ ၂၀၁၃ခုနှစ် မတ်လကုန်၊ အပိုင်း ၁၇၅ပိုင်းမြောက်မှာ အဆုံးသတ်မှာဖြစ်ပေမယ့် Fairy Tail Manga Comicsတွေကတော့ အပတ်စဉ် ဆက်လက် ထွက်ရှိနေဦးမှာ ဖြစ်ပါတယ်။ Fairy Tail The Movie: The Phoenix Priestess ရုပ်ရှင်ကတော့ သီးသန့် ဇာတ်လမ်းတစ်ခုဖြစ်ပြီး မူရင်းဇာတ်လမ်းနှင့် ဆက်စပ်မှု သိပ်မယူထားတဲ့အတွက် Fairy Tail ပရိသတ်တွေ သာမက ပုံမှန် Animation ဇာတ်လမ်း နှစ်သက်သူတွေပါ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

The Phoenix Priestess ရုပ်ရှင်မှာ Fire Village ရွာရဲ့ Priestess တစ်ယောက်ဖြစ်တဲ့ Eclair အမည်ရ အမျိုးသမီး ဇာတ်ကောင်သစ်တစ်ယောက် ပါဝင်လာပြီး သူမတို့ ရွာရှိ မှော်အစွမ်းထက်တဲ့ မီးငှက်ပုံစံ Pheonix Stone ကျောက်တုံးများကို လုယူရန်အတွက် Veronica နယ်မြေမှ တပ်သားများ ဝင်ရောက် တိုက်ခိုက်ပုံဖြင့် ဇာတ်လမ်းကို စတင်ထားပြီးနောက် Fairy Tailရဲ့ Guild Memberများနှင့် ပြန်လည်မိတ်ဆက်ပေးထားပုံကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဇာတ်လမ်းအစပိုင်းမှာတင် Fairy Tail Guildရဲ့ အစွမ်းဆုံးနှင့် အကြမ်းဆုံး Memberတွေဖြစ်တဲ့ မီးနဂါးများ၏ အစွမ်းများ အသုံးပြုနိုင်သူ Natsu Dragneel၊ ရာသီခွင် အစောင့်အရှောက်များနှင့် အခြားကမ္ဘာမှ စွမ်းအားရှင် Celestial Spiritsများကို ဆင့်ခေါ်နိုင်သူ Lucy Heartfiliaနှင့် S Class Swordswoman ဖြစ်တဲ့ Erza Scarletတို့နှင့်အတူ အခြား Top Class Memberများဖြစ်တဲ့ Gray Fullbuster, Wendy Marvellနှင့် Carla တို့ရဲ့ တိုက်ပွဲများဖြင့် စဖွင့်ထားပါတယ်။ Fairy Tail အဖွဲ့ဝင်များနှင့် Eclair ဆုံတွေ့အပြီးမှာတော့ မှော်လောကတစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်တဲ့ Pheonix Stoneကို ရန်သူများလက်တွင်းသို့ မကျရောက်အောင် ကာကွယ်ရမှာ ဖြစ်ပါတယ်။ Fairy Tail ဇာတ်လမ်းမှာ မြို့သူမြို့သားများ၏ တောင်းဆိုမှုများကို အခကြေးငွေဖြင့် ဆောင်ရွက်ပေးတဲ့ Fairy Tailကဲ့သို့ တရားဝင် Guildများရှိသလို တရားမဝင် လုပ်ငန်းများ ဆောင်ရွက်တဲ့ Dark Guildများလည်း ရှိသည့်အတွက် Eclairထံမှ Pheonix Stoneကို လုယူရန် ကြိုးပမ်းသည့် Dark Guild ဖြစ်တဲ့ Carbuncleနှင့် Fairy Tailတို့ ရင်ဆိုင် တိုက်ခိုက်ရမှာပါ။

Fairy Tail ဇာတ်လမ်းမှ တိုက်ပွဲတွေရဲ့ အဓိက ထူးခြားချက်ကတော့ အခြား Shounen Showsတွေနှင့် ယှဉ်ကြည့်မယ်ဆို တိုက်ပွဲတွေက ပိုသွက် နေတာဖြစ်ပြီး အခြား ဇာတ်လမ်းအများစုမှာ ရန်သူတွေနှင့် တစ်ယောက်ချင်း One-One-One တိုက်ခိုက်တာ၊ မိမိတို့ရဲ့ စွမ်းရည်တွေ အကြောင်း ပြောတာတွေ၊ နောက်ကြောင်း ပြန်တာတွေ များပေမယ့် Fairy Tailမှာတော့ ရန်သူတွေနှင့် တိုက်ခိုက်ရင် နှစ်ယောက်၊ သုံးယောက် ပေါင်းပြီး တိုက်ခိုက်တာတွေ များသလို Action ခန်းတွေမှာလည်း စကားသိပ် မများတာ တွေ့ရမှာပါ။ Fairy Tail The Movie: The Phoenix Priestessမှာ ဆိုရင်လည်း Carbuncle Dark Guildနှင့် Fairy Tail Memberတွေရဲ့ တိုက်ပွဲတွေဟာ Seriesမှာထက် Animation Quality ပိုမိုကောင်းမွန်နေတာကို တွေ့ရမှာပါ။ ထွက်ရှိနေဆဲ Seriesတွေကို မှီငြမ်းထားတဲ့ ရုပ်ရှင်အများစုရဲ့ အဓိက အားနည်းချက်တစ်ခုကတော့ ရုပ်ရှင်ထဲမှ အဖြစ်အပျက်တွေဟာ မူရင်း ဇာတ်လမ်းနှင့် ဆက်စပ်မှုမရှိတဲ့ အချက်ပါပဲ။ ဒါကြောင့် သီးသန့် ဇာတ်လမ်းတစ်ခု အနေနှင့် ကြည့်လို့ရမှာဖြစ်ပြီး မကြာခင်ကမှ အစပျိုးထားတဲ့ ဇာတ်လမ်းကို နာရီပိုင်းအတွင်း သိမ်းပစ်လိုက်ရမှာ ဖြစ်ပါတယ်။

Fairy Tail The Movie: The Phoenix Priestessဟာ ဇာတ်လမ်းပိုင်းကတော့ Original Seriesနှင့် နှိုင်းယှဉ်ကြည့်ရင် အရမ်းကြီး ထူးခြားကောင်းမွန်မှု မရှိပေမယ့် ကောင်းမွန်တဲ့ Animation Qualityနှင့် တိုက်ခိုက်ခန်းများ ပါဝင်သလို မူလဇာတ်လမ်းမှ ဇာတ်ကောင်အများစုလည်း ပါဝင်လို့ Fairy Tail ဇာတ်လမ်းကို စတင်ကြည့်ရှုမယ့်သူတွေရော၊ မူလပရိသတ်တွေ အတွက်ပါ သင့်တော်တဲ့ ရုပ်ရှင်တစ်ကား ဖြစ်ပါတယ်။

## Movie Review




မင်းခန့်

Kevin Tierneyဟာ ဘော်စတွန်မြို့၊ စုံထောက် တစ်ယောက်ဖြစ်ပေမယ့် အရက်ကို အလွန်အကျွံ သောက်သုံးနေသူ တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ဇနီးသည် Erin Tierneyက Kevinကို ဆက်လက် မပေါင်းသင်းလိုတော့တာကြောင့် သူမရဲ့ အလုပ်ရှင်လည်းဖြစ်ပြီး၊ အိမ်နီးချင်းနေထိုင်သူ Mr.Feldmanရဲ့ အကူအညီနဲ့ တခြား တစ်နေရာကို ရှောင်ထွက်လာခဲ့ပါတယ်။

Erin ရှောင်ထွက်လာခဲ့တဲ့ နေရာက ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းက၊ Southportဆိုတဲ့ မြို့ငယ်လေး ဖြစ်ပြီး၊ အရင်က အဲဒီမှာ သူမရဲ့ သူငယ်ချင်းဟောင်း Jo နေထိုင်တာကြောင့် ပြောင်းရွှေ့လာခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီမြို့လေးကို ရောက်ရှိပြီးတဲ့နောက် Erinဟာ သူ့ကိုယ်သူ Katie အဖြစ်နဲ့ နာမည်ပြောင်းကာ နေထိုင်ခဲ့ပါတယ်။ မကြာခင်မှာပဲ Katieဟာ အိမ်နီးချင်းဖြစ်သူ Alex Wheatleyနဲ့ ခင်မင် လာခဲ့ပါတယ်။ Alexဟာ အိမ်သုံးပစ္စည်း အရောင်းဆိုင် တစ်ဆိုင်မှာ မန်နေဂျာအဖြစ် လုပ်ကိုင်နေသူဖြစ်ပြီး ဇနီးသည် မရှိတော့တဲ့ နောက်ပိုင်းမှာ Lexieနဲ့ Josh ဆိုတဲ့ ကလေးနှစ်ယောက်နဲ့ နေထိုင်သူ တစ်ယောက် ဖြစ်ပါတယ်။

မကြာခင်မှာပဲ Katieနဲ့ Alexဟာ Joရဲ့ အောင်သွယ် ကောင်းမှုကနေ တစ်ဦးနဲ့ တစ်ဦး မေတ္တာမျှသွားကြပါတယ်။ သူတို့နှစ်ယောက် ချစ်ကြိုက်နေတဲ့ အကြောင်းကို Lexieက သဘောတူပေမယ့် Joshကတော့ အစပိုင်းမှာ သဘောမကျခဲ့ပါဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ Josh က Katieဟာ သူ့အမေရဲ့နေရာကို အစားထိုးနိုင်မယ်လို့ ယုံကြည် လက်ခံသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ဘော်စတွန်မှာရှိတဲ့ Kevinကတော့ သူ့ရဲ့ဇနီးသည် Katieကို ရှာဖွေဖို့အတွက် သူ့ရဲ့လုပ်ပိုင်ခွင့်ထဲကနေ Katieကို လူသတ်သမား တစ်ယောက်အနေနဲ့ ဂရမ်းထုတ်ပြီး ရှာဖွေနေခဲ့ပါတယ်။

Katieရဲ့ ဖမ်းဝရမ်းကြော်ငြာကို Alex တွေ့လိုက်ရတဲ့အခါမှာတော့ Katieအပေါ် အရမ်းကို စိတ်ဆိုးသွားပြီး၊ Katieကိုလည်း မြို့ကထွက်သွားဖို့ ပြောပါတော့တယ်။ ဒါပေမဲ့ Katieရဲ့ တောင်းဆိုချက်ကြောင့် Alexက Katieကို နောက်ဆုံး အခွင့်အရေးအနေနဲ့ ရှင်းပြခွင့် ပေးလိုက်ပါတယ်။ Katieဆီက အကြောင်းစုံ သိလိုက်ရချိန်မှာတော့ Alexက Katieကို သနားသွားပြီး၊ နောင်ကိုလည်း စောင့်ရှောက်သွားမည် ဖြစ်ကြောင်း ကတိ ပေးလိုက်ပါတယ်။ Katie အကြောင်းကို ဘယ်လိုမှ စုံစမ်းမရတဲ့ အဆုံးမှာတော့ Kevinဟာ Katieရဲ့ အလုပ်ရှင်ဟောင်းဖြစ်သူ Mr.Feldmanရဲ့ အိမ်ထဲ ဖောက်ဝင်ပြီး၊ Katieဆီက ဖုန်း Messageကို ခိုးယူ နားထောင်ခဲ့တာကြောင့် Katie ရှိတဲ့နေရာကို သိရှိ သွားခဲ့ပါတော့တယ်။

ဇူလိုင် ၄ ရက်နေ့၊ အကြို မီးသတ် သရုပ်ပြ အခမ်းအနားကို Alexနဲ့Joshတို့သားအဖ သွားနေတုန်း၊ စတိုးဆိုင်မှာ Katieနဲ့ Lexie တို့နှစ်ယောက်ပဲ ကျန်နေတဲ့အချိန် Kevin ရောက်ရှိလာပြီး၊ နောက်ပိုင်း အခန်းတွေနဲ့ ဇာတ်လမ်းရဲ့လှည့်ကွက်လေးဖြစ်တဲ့ Katie, Alex, Joတို့ရဲ့ သုံးပွင့်ဆိုင် ဇာတ်လမ်း အဆုံးသတ်လေးကို Safe Haven ဇာတ်ကားမှာ ဆက်လက်ကြည့်ရှု ခံစားနိုင်ပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာ Lasse Hallstromက ရိုက်ကူးထားတာဖြစ်ပြီး၊ Julianne Houghက Katie ၊ David Lyonsက Kevin ၊ Cobie Smulders က Jo ၊ Josh Duhamelက Alex အဖြစ်ပါဝင် သရုပ်ဆောင်ထားကြပြီး၊ ၁၁၅ မိနစ်ကြာမြင့်ကာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ စတင်ပြီး မြောက်အမေရိက တိုက်မှာ ရုံတင် ပြသခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်အခြေပြု Romance Film အမျိုးအစား ရုပ်ရှင်ဖြစ်ပြီး၊ ပြီးခဲ့တဲ့ သီတင်းပတ်က Box Officeရဲ့ နံပါတ် ၉ နေရာကနေ ယခုတစ်ပတ်မှာ နံပါတ် ၇ နေရာကို ရောက်ရှိလာတဲ့ ရုပ်ရှင်ကားဖြစ်ပါတယ်။

# Billboard Top 10 for this week




## Top 1
### Oz the Great and Powerful
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 41.255 သန်း
ကုန်ကျငွေ - ဒေါ်လာ 144.056 သန်း



## Top 2
### The Call
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 17.118 သန်း
ကုန်ကျငွေ - ဒေါ်လာ 17.118 သန်း




## Top 3
### The Incredible Burt Wonderstone
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 10.177 သန်း
ကုန်ကျငွေ - ဒေါ်လာ 10.177 သန်း




## Top 4
### Jack the Gaint Slayer
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 6.315 သန်း
ကုန်ကျငွေ - ဒေါ်လာ 54 သန်း




## Top 5
### Identity Thief
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 4.419 သန်း
ကုန်ကျငွေ - ဒေါ်လာ 123.606 သန်း




## Top 6
### Snitch
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 3.504 သန်း
ကုန်ကျငွေ - ဒေါ်လာ 37.261 သန်း




## Top 7
### 21 and Over
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 2.669 သန်း
ကုန်ကျငွေ - ဒေါ်လာ 21.918 သန်း



## Top 8
### Silver Linings Playbooks
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 2.525 သန်း
ကုန်ကျငွေ - ဒေါ်လာ 124.551 သန်း



## Top 9
### Safe Haven
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 2.453 သန်း
ကုန်ကျငွေ - ဒေါ်လာ 66.911 သန်း



## Top 10
### Escape from Planet Earth
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 2.339 သန်း
ကုန်ကျငွေ - ဒေါ်လာ 52.178 သန်း

## New Games




### Sniper Ghost Warriors 2
Genre - First Person Shooter/ Stealth

PC အတွက် ထွက်ရှိထားတဲ့ Sniper Ghost Warrior 2 ဂိမ်းသစ် ဖြစ်ပြီး Crysis 3 ဂိမ်း ရေးဆွဲရာမှာ အသုံးပြုထားတဲ့ Cry Engine 3ဖြင့် ရေးသားထားတဲ့ ဂိမ်းဖြစ်လို့ Graphicsပိုင်း အလွန်ကောင်းမွန်ပါတယ်။ Sniper Ghost Warrior 2 ဂိမ်းတွင်လည်း Captain Cole Anderson နေရာမှ ဝင်ရောက်ပြီး Sniper လက်နက်ကို အသုံးပြုပြီး သဘာဝကျတဲ့ Gameplayများဖြင့် Sarajevo၊ Tibetနှင့် Myanmar အစရှိတဲ့ နိုင်ငံများမှာ ဝင်ရောက် ကစားရမှာ ဖြစ်ပါတယ်။




### The Settlers 7 - Deluxe Gold Edition
Genre - City Building/ Strategy

နာမည်ကြီး Strategy ဂိမ်းစီးရီးဖြစ်တဲ့ The Settlers 7: Paths to a Kingdom ဂိမ်း၏ Deluxe Gold Edition ထွက်ရှိလာပြီး Campaignနှင့် Skirmish Modeများကို ရွေးချယ်ကစားနိုင်ပါတယ်။ Age of Empiresလိုမျိုး မြို့တည်ပြီး စစ်တပ်များဖြင့် ကစားနိုင်ရုံသာမက Tradingနှင့် Science အစရှိသည့် Gameplay ပေါင်းစုံ အသုံးပြုပြီး ကစားရမည်ဖြစ်လို့ Strategy ဂိမ်းကော Simulation ဂိမ်းပါ နှစ်သက်သူတွေနှင့် သင့်တော်ပါတယ်။




### Men Of War: Vietnam 2013 Edition
Genre - Strategy

1968 ကာလ Vietnam တိုက်ပွဲမှာ နေရာယူထားပြီး Storyline အသားပေး Campaign နှစ်မျိုး ထည့်သွင်းထားသည့်အတွက် Single Player Strategy ဂိမ်းနှစ်သက်သူများ အထူးသင့်တော်မှာ ဖြစ်သလို Commando ဂိမ်းများကဲ့သို့ ဇာတ်ကောင် တစ်ယောက်ချင်းဆီ၏ Special Abilityနှင့် Personalityတို့ကို ထည့်သွင်း ထားပြီး Tactical Strategyပိုင်း ဦးစားပေး ကစားရမည့် Military Action ဂိမ်းကောင်း ဖြစ်ပါတယ်။



### Little Busters
Genre - Visual Novel

နာမည်ကျော် Visual Novel Developer ဖြစ်တဲ့ KEYရဲ့ ဂိမ်းတစ်ခုဖြစ်ပြီး English ဘာသာစကားဖြင့် ကစားနိုင်မှာ ဖြစ်ပါတယ်။ Little Bustersမှာ ကစားသူဟာ သူငယ်ချင်း ငါးယောက်ဖြင့် ဖွဲ့စည်းထားတဲ့ Little Busters အဖွဲ့ရဲ့ Memberဝင် တစ်ယောက်အဖြစ် ကစားရမှာဖြစ်ပြီး Multiple Choicesတွေ ပါဝင်တဲ့ Visual Novel Gameplayအပြင် Fightingနှင့် Sports အစရှိတဲ့ Minigameလေးတွေလည်း ပါဝင်ပါတယ်။

RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12

# ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်တစ်ခု အသစ်ဖွင့်လှစ်ရန် စီစဉ်နေ

TZO


Image Credit: news.ifas.ufl.edu

ရေလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး အသိပညာ၊ အတတ်ပညာရှင်များ ဖြစ်ထွန်း မွေးထုတ်နိုင်ရန်အတွက် ငါးလုပ်ငန်း တက္ကသိုလ် တစ်ခုကို ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားကြောင်း သိရပါသည်။ မြန်မာနိုင်ငံ ဘက်စုံ ဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ပိုမို ဖြစ်ထွန်း မွေးထုတ်ပေးရန်အတွက် ကြိုးစားလျက်ရှိရာတွင် အဆိုပါ ငါးလုပ်ငန်း တက္ကသိုလ်မှာ နိုင်ငံအတွက် လိုအပ်နေသော တက္ကသိုလ် တစ်ခုလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ငွေကြေး အကုန်အကျခံ တည်ဆောက်မည် ဖြစ်ပြီး၊ နိုင်ငံတကာမှ ငွေကြေး အထောက်အပံ့ အကူအညီများ ရယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ၎င်းကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဆိုပါက လာမည့်နှစ် အနည်းငယ်အတွင်း ကျောင်းသားများကို လက်ခံ သင်ကြား ပေးနိုင်ရေး ကြိုးစားသွားမည်ဟု ဆိုပါသည်။

၎င်းတက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ပထမဆုံး ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး တက်ရောက် သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ငါးလုပ်ငန်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ၊ ရေလုပ်ငန်းဆိုင်ရာများ၊ ငါးဖမ်းခြင်း၊ ငါးမွေးမြူခြင်းနှင့် ငါးအပါအဝင် ရေထွက် ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နိုင်မည့် ပညာတတ် လူငယ်များ မွေးထုတ် နိုင်မည် ဖြစ်ကြောင်း သိရသည်။

# နိုင်ငံခြားသား ဆရာဝန်များအား လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်


Image Credit: www.medicaljobsireland.ie

မြန်မာနိုင်ငံ၌ ဆေးဝါးကုသမှု လုပ်ငန်းလုပ်ကိုင်ရန် နိုင်ငံခြားသား ဆရာဝန်များအား ခွင့်ပြုလိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးမျိုးမြင့်က ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါ လိုင်စင်ကို တစ်နှစ် သက်တမ်းအထိ ခွင့်ပြုပေးသွားမည် ဖြစ်ပြီး ပြည်တွင်းဆရာဝန်နှင့် တွဲဖက်လုပ်ကိုင်ရမည် ဖြစ်သည်။ လက်ရှိတွင် နိုင်ငံအတွင်း၌ မှတ်ပုံတင်ပြီး လုပ်ကိုင်နေသူ နိုင်ငံခြားသား ဆရာဝန် ၁၀ဝဦးမျှ ရှိနေပြီး မှတ်ပုံမတင်ဘဲ လုပ်ကိုင်နေသော နိုင်ငံခြားသား ဆရာဝန်များလည်း ရှိပါသည်။ ၎င်းတို့မှာ အများအားဖြင့် အချိန်တို ကာလအတွက် လုပ်ကိုင်နေကြသော ကျန်းမာရေးဌာနရှိ အတိုင်ပင်ခံ ဆရာဝန်များ ဖြစ်ပြီး ယင်းဆရာဝန်အရေအတွက် မည်မျှရှိသည်ကို မသိရကြောင်း၊ ယခုအခါ နိုင်ငံခြားသား ဆရာဝန်များကို ကြီးကြပ်သွားမည့် စည်းကမ်းမျိုး ရှိလာပြီ ဖြစ်ကြောင်း ပါမောက္ခဦးမျိုးမြင့်က ဆက်လက်ပြောကြားပါသည်။

မြန်မာနိုင်ငံ ဆေးကောင်စီ အနေဖြင့် ဆရာဝန်များ၏ အရည်အသွေး၊ လူနာများ၏ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံရေး စသည်များကို ထည့်သွင်း စဉ်းစားထားမည် ဖြစ်ပြီး ဥပဒေအရလည်း ၎င်းတို့အား အကာအကွယ် ပေးသွားမည် ဖြစ်ကာ ထိုသို့ ခွင့်ပြုပေးရာတွင် စည်းကမ်းနှင့်အညီ စံနှုန်းထားများလည်း ရှိနေမည် ဖြစ်ကြောင်း သိရသည်။

# အသွင်သစ် အမြင်သစ်ဖြင့် ထုတ်လွှင့်မည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား


Image Credit: www.forwardglassaluminium.com

ပြည်သူ့အတွက် မြန်မာ့အသံဆိုသော ဆောင်ပုဒ်နှင့်အညီ လွတ်လပ်ရေး မရမီကာလကပင် ပြည်သူ့အကျိုးကို ဆောင်ရွက်ခဲ့သော မြန်မာ့အသံသည် နှစ်ပေါင်း (၆၇)နှစ်ကျော်လွန်ပြီးနောက် "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား" အဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ခေတ်သစ်စနစ်သစ်သို့ ကူးပြောင်းရောက်ရှိခြင်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည်လည်း အသွင်သစ်၊ အမြင်သစ်ဖြင့် ပြည်သူ့အသံကို ဖော်ထုတ်ပြီး အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှု လုပ်ငန်း (Public Service Broadcasting)အဖြစ် ဆက်လက် ရပ်တည်သွားမည် ဖြစ်ကြောင်း၊ ၂၀၁၃ခုနှစ် ဧပြီလ ၁ရက်နေ့ တနင်္လာနေ့မှ စတင်ပြီး ရေဒီယိုလိုင်းများဖြစ်သည့် နေပြည်တော် မြန်မာ့အသံနှင့် ပိတောက်မြေ ရေဒီယိုတို့ကို ပူးပေါင်းကာ ပြည်သူ့အတွက် မြန်မာ့အသံအဖြစ် လှိုင်းလတ် (MW) 711KHzဖြင့် တစ်နေ့လျှင် နေ့စဉ် နံနက် ၅နာရီခွဲမှ ည ၁၁နာရီခွဲအထိ ၁၈နာရီ ထုတ်လွှင့်မည် ဖြစ်ကြောင်း၊ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကိုလည်း နံနက် ၆နာရီမှ ည ၁၁နာရီအထိ နေ့စဉ် ၁၇နာရီ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်းနှင့် ပရိသတ်မျိုးစုံအတွက် ယုံကြည်စိတ်ချရသော သတင်းအဖြာဖြာနှင့်အတူ ဗဟုသုတဖြစ်ဖွယ်၊ ပျော်ရွှင်ကြည်နူးဖွယ် အနုပညာ ရသအစုံစုံ ပါဝင်သည့် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များစွာကို ကြိုးစား တင်ဆက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

# ၂၀၁၃ခုနှစ်၏ ကမ္ဘာ့ အချမ်းသာဆုံး သူဌေးကြီးများစာရင်း ထုတ်ပြန်

Press TV သတင်းဌာန၏ ဖော်ပြချက်အရ ကမ္ဘာ့ အချမ်းသာဆုံး ပုဂ္ဂိုလ်များ စာရင်းကို အမေရိကန် အခြေစိုက် Forbes မဂ္ဂဇင်းက မတ်လ ၁၁ရက်နေ့တွင် ထုတ်ပြန်ခဲ့ရာ ကမ္ဘာတစ်ဝန်း စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင် ကြုံတွေ့နေရသော်လည်း ကမ္ဘာ့ ဘီလျံနာ သူဌေးကြီးများ ဦးရေမှာ ယခင်နှစ်ကထက် တိုးတက် များပြားလာခဲ့ကြောင်း သိရသည်။ ၂၀၁၃ခုနှစ်တွင် ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးများ ဦးရေ ၂၁၀ဦး ပိုမို များပြားလာခဲ့ခြင်း ဖြစ်သည်။ ယင်းမှာ ကမ္ဘာတစ်ဝန်း၌ ဘီလျံနာ သူဌေးကြီးများ ဦးရေ တိုးမြှင့်လာခြင်းကို ပြသနေခြင်း ဖြစ်သည်။ ထို့အတူ ဘီလျံနာ သူဌေးကြီးများ၏ ငွေကြေး ကြွယ်ဝ ချမ်းသာမှု စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၅ဒသမ ၄ထရီလီယံ ရှိခဲ့ရာ ၂၀၁၂ခုနှစ်က ဘီလျံနာ သူဌေးကြီးများ၏ ငွေကြေးပိုင်ဆိုင်မှု စုစုပေါင်း ၄ဒသမ ၆ထရီလီယံထက် ပိုမို များပြားနေကြောင်း တွေ့ရသည်။

၂၀၁၃ခုနှစ် ကမ္ဘာ့ အချမ်းသာဆုံး သူဌေးကြီးများအနက် အမေရိကန် နိုင်ငံသား သူဌေးကြီး ဦးရေမှာ ၄၄၂ဦး ရှိသဖြင့် နိုင်ငံအလိုက် သူဌေးကြီး ဦးရေ အများဆုံး ဖြစ်သည်။ အမေရိကန်နောက်တွင် အရှေ့အာရှ သူဌေးကြီးများက ၃၈၆ဦး၊ ဥရောပမှ ၃၆၆ဦး၊ အမေရိကနိုင်ငံများမှ ၁၂၉ဦး၊ အရှေ့ အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများမှ ၁၀၃ဦးတို့ ဖြစ်ကြသည်။ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်မှာ မက္ကဆီကိုနိုင်ငံမှ ကာလို့စ်ဆလင်မ်ဟီလူဖြစ်ပြီး အမေရိကန် ဒေါ်လာ ၇၃ဘီလီယံ ကြွယ်ဝသည်။ အမေရိကန်မှ ဘီလ်ဂိတ်က ၆၇ဘီလီယံကြွယ်ဝ ပိုင်ဆိုင်သည်။ ၂၀၁၃ခုနှစ်အတွင်း အမျိုးသမီး ဘီလျံနာဦးရေလည်း တိုးတက်ခဲ့ရာ စုစုပေါင်း ၁၃၈ဦးအထိ ရှိလာပြီး ၂၀၁၂ခုနှစ်က ဦးရေထက် ပိုမို များပြားလာခဲ့ကြောင်း သိရပါသည်။

# နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ပေးအပ်ချီးမြှင့်မည်

နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုကို သဘာဝ ဘေးအန္တရာယ် ကျရောက်မည့် အခြေအနေတွင် ဖြစ်စေ၊ ကျရောက်ဆဲနှင့် ကျရောက်ပြီး အချိန်များတွင် ဖြစ်စေ၊ မိမိ အသက်ကို ပဓာနမထားဘဲ စံတင်လောက်သည့် စွန့်စားခြင်းမျိုးဖြင့် အသက်စွန့်၍ အများပြည်သူ အသက်ကို ကယ်တင်ခြင်း၊ ဘေးအန္တရာယ်များနှင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများတွင် လူ့အသက်ဆုံးရှုံးမှုများ မရှိစေရန် ကာကွယ်တားဆီးခြင်း၊ မိမိ အသက်အန္တရာယ်နှင့်တကွ အခြားသော ကျရောက်နိုင်သည့် အန္တရာယ်များကို လျစ်လျူရှု၍ ထူးကဲ မြင့်မားသော စိတ်ဓာတ်ဖြင့် အများပြည်သူအား သက်စွန့်ကြိုးပမ်း ကယ်တင်ခြင်း၊ သဘာဝ ဘေးအန္တရာယ် အပါအဝင် အများပြည်သူ အန္တရာယ် ကျရောက်စဉ်အတွင်း ဘေးသင့်ပြည်သူများကို ကယ်ဆယ်ရန်အတွက် သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်းနှင့် ယင်းသို့ ဆောင်ရွက်ရာတွင် ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်ခုခု ထိခိုက်ဆုံးရှုံးခြင်း စသည့် သတ်မှတ် အရည်အချင်းများဖြင့် ပြည့်စုံသူများကို ထိုက်တန်စွာ ဂုဏ်ပြု ချီးမြှင့်ရန်အတွက် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လုပ်ငန်းကော်မတီက တိုင်းဒေသကြီးနှင့် ပြည်နယ် များတွင် အဖွဲ့များ ခွဲ၍ စိစစ်ရွေးချယ်ပေးလျက် ရှိကြောင်း၊ အဆိုပါ နိုင်ငံ့စွမ်းဆောင်ရည်ဆုကို ယခုနှစ် ဧပြီလဆန်းပိုင်းတွင် နေပြည်တော်၌ အခမ်းအနားဖြင့် ပေးအပ် ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရပါသည်။

# စီးပွားရေးသမားများ အကွက်တွေ့သည့် သင်္ကြန်ကာလ

မနှောမြူငွေး

ဘာလိုလိုနဲ့ နှစ်ကူးသင်္ကြန် အခါသမယသို့ မကြာခင်အတွင်း ချင်းနင်းပင်ရောက်လို့ လာနေပါပြီ။ သင်္ကြန်ဆိုတာ မြန်မာတွေရဲ့ နှစ်တစ်နှစ်အစ ကူးပြောင်းသည့် အချိန်ဖြစ်သည့်အလျောက် စီးပွားရေးသမားများအတွက်လည်း ဈေးကွက်မြှင့်တင်ရေးထက် ငွေကြေးမြှင့်တင်ရေးကို အလေးပေးတဲ့ အချိန်အခါ ဆိုရင်လည်း မမှားပါဘူး။ အဓိက ဘယ်လို လုပ်ငန်းရှင်တွေအတွက် သဘောရွှေသလဲဆိုရင်ဖြင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သော စီးပွားရေးသမားများအတွက် စားသုံးသူတွေကို အလေးမထား ကိုယ့်ရဲ့ဂန်ဆောင်မှုကို မြှင့်တင်ဖို့ မစဉ်းစားပဲ ငွေကြေးတစ်ခုသာ မြှင့်တင်ဖို့ ကြိုးစားနေကြခြင်း သာလျှင် ဖြစ်နေပါတယ်။

စားသုံးသူဆိုတာဟာ ထုတ်လုပ်မှုပြုဖို့ သို့မဟုတ် ပြန်လည်ရောင်းချဖို့ မဟုတ်ဘဲ မိမိရဲ့ကိုယ်ပိုင်သုံးစွဲမှုအတွက် ကုန်ပစ္စည်းနဲ့ ဂန်ဆောင်မှုတွေကို ဝယ်ယူသူပဲဖြစ်တယ်လို့ ဘောဂဗေဒ သီအိုရီက ဖွင့်ဆိုထားပါတယ်။ ဒီနေရာမှာ စားသုံးသူအုပ်စုထဲကို ထည့်သွင်းနိုင်စရာ ရှိတာကတော့ ဂန်ဆောင်မှု တစ်ခုခုကို အဖိုးအခ ပေးပြီး ငှားရမ်း သုံးစွဲသူတွေပဲ ဖြစ်ပါတယ်။ ခရီးသွားယာဉ် တစ်ခုခုကို စင်းလုံးငှား၍ ဖြစ်စေ၊ မိမိတစ်ကိုယ်စာ လက်မှတ်ဝယ်ပြီး စီးနင်းခြင်းဖြင့် ဖြစ်စေ ဂန်ဆောင်မှု ရယူသူတွေကိုလည်း စားသုံးသူအဖြစ် သတ်မှတ်သင့်ပါတယ်။ ဒီအကြောင်းအရာလေးတွေ နိဒါန်းပျိုးရတာကတော့ ကျွန်မတို့နိုင်ငံရဲ့ စားသုံးသူတွေရဲ့ အခြေအနေကို လေ့လာ ဆန်းစစ်စေချင်တဲ့အတွက်ပါ။ တကယ်တော့ ပြည်သူတွေဆိုတာ စားသုံးသူတွေပါပဲ။ လူတစ်ယောက်ဟာ ကိုယ်တိုင် ကိုယ်ပိုင်လုပ်ငန်းတွေ လုပ်နေချိန်မှာ ထုတ်လုပ်သူ၊ ရောင်းချသူနေရာမှာ ရှိနေပေမယ့် သူလိုအပ်တာတွေ ဝယ်ယူ သုံးစွဲရချိန်မှာတော့ ဒီလိုလူဟာလည်း စားသုံးသူပဲ ဖြစ်ပါတယ်။

ဒါကြောင့် စားသုံးသူတွေရဲ့ ရပိုင်ခွင့် အခွင့်အရေး ဆိုတာတွေကလည်း လူအများစုရဲ့ အခွင့်အရေး တစ်ရပ်လို့ ပြောရမှာပါ။ စားသုံးသူဘက်က မကြည့်ပဲ ရောင်းချသူဘက်က ကြည့်မည်ဆိုလျှင် အမြတ်အစွန်းများသည် လုပ်ငန်း တစ်ခုအတွက် လွန်စွာမှ အရေးပါကြောင်းကို ကျွန်မတို့ သိရှိနားလည်ထားကြသကဲ့သို့ အမှန်တကယ်ပင် ထိုအရာများကသာလျှင် လုပ်ငန်း လည်ပတ်နေနိုင်ရန်နှင့် တာရှည်ခံနိုင်အောင် ပြုလုပ်ပေးသည့် အရေးကြီးသည့် အစိတ်အပိုင်းများ ဖြစ်ကြောင်း လွန်စွာမှ အရေးပါတယ်ဆိုတာ သိရှိပြီး ဖြစ်ပါသည်။ မည်သည့် စီးပွားရေး လုပ်ငန်း၌မဆို ဈေးနှုန်း တန်ဖိုးသည် အလွန် အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ပြီး အကျိုးအမြတ် ရရေး၌လည်း အခြေခံကျသည့် အချက်ဖြစ်ပါသည်။ ဒါပေမယ့် မှန်ကန်သော တရားနည်းလမ်းကျ ဖြစ်ဖို့တော့ လိုမည်ထင်ပါသည်။ လုပ်ငန်းလုပ်သူတိုင်း ဈေးကွက် စီးပွားရေးရာ နည်းနာများအရာ၌ ရောင်းအားကို ဖြစ်ပေါ်စေမည့် P လေးလုံး အကြောင်းကို သိရှိပြီး ဖြစ်နေမှာ အမှန်ပဲ ဖြစ်ပါသည်။ ထုတ်ကုန်ဆိုတာ စားသုံးသူများ လိုအပ်လျက်ရှိသောအရာ တစ်စုံတစ်ခုကို ရောင်းချပါဆိုတာပဲ ဖြစ်သလို ဈေးနှုန်းတန်ဖိုးအတွက် စားသုံးသူများဘက်မှ လိုလိုလားလား ပေးနိုင်သော နှုန်းထားတစ်ခုဖြင့် ရောင်းချပါသို့ဆိုလျှင် သင်ရဲ့ အမြတ်အစွန်းတွေ တကယ် ရရှိလာပါမည်။ P လေးလုံးထဲက ဒုတိယ အကြောင်းအရာလေးကို ပြောချင်လို့ပါပဲ။ လူတိုင်း သိကြတဲ့ အတိုင်းပါပဲ။ သင်္ကြန်မတိုင်ခင် ဈေးနှုန်း သတ်မှတ်ချက်ထက် ပိုမို ရောင်းချသော အရာများက ဘယ်အရာတွေလည်းဆိုတာ ခရီးသွားသူ၊ နယ်ပြန်သူ၊ နယ်မှ ပြန်လာသူများ၊ အရေးပေါ် ခရီးသွား သူများ သိရှိပြီး ဖြစ်မည်ထင်ပါသည်။ သင်္ကြန်ကာလ မတိုင်ခင် ဈေးနှုန်းတွေ အဆမတန် တိုးမြှင့်ရောင်းချသည်မှာ မည်သူကို မည်သို့ သွားရောက် ပြောကြား ရမည်ဆိုတဲ့ စည်းကမ်းချက်လေးတွေကိုလည်း သိချင်နေမိပါသည်။

သင်္ကြန်မတိုင်ခင် ခရီးသွားသူများ များပြားနေမည် ယူဆမိသဖြင့် နယ်သို့ သွားရန်အတွက် တစ်လ ကြိုတင် ကားလက်မှတ် ဖြတ်သည့်အခါ မကြုံဖူး ဂယ်ဖူးမှ သိဆိုသလို ကားလက်မှတ်များ ၂ ဆလောက် တက်နေတာကို ကြုံရပါတော့သည်။ တစ်လ ကြိုဂယ်တာတောင် ဒီလောက်တက်နေရင် ခရီးသွားခါနီး ဂယ်မည်ဆိုလျှင်တော့ လက်လုပ်လက်စား သမားများအတွက် အတော် အခက်အခဲ ဖြစ်နေမည်ကို တွေးကြည့်မိပါသည်။ ခရီးသွား လုပ်ငန်းအတွင်း ဈေးကွက် ဈေးနှုန်းများကို ယခင်က သတ်မှတ်ဈေးထက် ပိုမို ကောက်ခံ ရောင်းချနေသည်မှာ အထက်က ရောင်းခိုင်းလို့လား၊ ဒါမှမဟုတ် သင်္ကြန်မတိုင်ခင် ဈေးတက်ရမယ်လို့ ကနဦးထဲက ထုံးစံ ရှိနေလို့လားဆိုတာကို စဉ်းစားမရ ဖြစ်နေမိပါသည်။ ဒီလိုအချိန်မှ အမြတ်အစွန်း မရရင် ဘယ်လို အချိန်မှာ ပိုမို ရရှိနိုင်ပါသလဲဆိုတာ ရောင်းချသူတွေအနေဖြင့် တွေးမိကောင်း တွေးမိကြမည် ဖြစ်ပါသည်။ ဒီလို အနေအထားတော့ စားသုံးသူဘက်က ကြည့်လျှင်တော့ မဖြစ်သင့်ဘူးလို့ မြင်မိပါသည်။

ခရီးသွား ဂန်ဆောင်မှုပေးတဲ့ လုပ်ငန်းတွေမှာ ထိုင်ခုံအပြည့် လက်မှတ် ရောင်းပြီးမှ ကြားခုံတွေ ထိုးကာ လူပို တင်တာတို့၊ စီးနင်းလိုက်ပါသူတွေ အသက်မရှူဂုံလောက်အောင် မော်တော်ကားကို တရကြမ်းမောင်းတဲ့ အဖြစ်မျိုးတွေလည်း ရှိပါသေးသည်။ ဒီလိုအချိန်မှ ကိုယ်သွားချင်တဲ့နေရာ သွားကြရတာ ဆိုတော့လည်း ခရီးသွားများကတော့ ရရင် ရသလို စီးကြတာများပါသည်။ ဒါကြောင့် စားသုံးသူတွေရဲ့ အခွင့်အရေးဆိုတာဟာ လူအများစုရဲ့ အခွင့်အရေးလို့ပဲ ပြောလို့ရမှာပါ။ ယခု ကျွန်မတို့နိုင်ငံမှာ စားသုံးသူ အခွင့်အရေးအတွက် လူသိရှင်ကြား တိုင်တန်း ဖောက်ထုတ်မှုတွေ တရားစွဲဆိုမှုတွေ မရှိပေမယ့် စားသုံးသူတွေအနေနဲ့ အခွင့်အရေး ချိုးဖောက်ခံရမှုတွေကတော့ အနည်းနဲ့ အများကတော့ ရှိနေတာကို တွေ့နေရပါသည်။

တချို့ ပစ္စည်းတွေအတွက် အာမခံချက်လို့ခေါ်တဲ့ Warranty Cardတွေ ရှိနေသလို ပစ္စည်းအတော်များများအတွက်တော့ ဂယ်ပြီး မကောင်း၊ မသုံးနဲ့ ပေါ့လို့ ပြောနေသလို အာမခံချက်ဆိုတာ ဘယ်နားရောက်နေမှန်း မသိရသလို ဆိုင်တွေရဲ့ တစ်ခွန်းဆိုင်လို့ ချိတ်ဆွဲထားသည်များအပြင် ဂယ်ပြီးပစ္စည်း ပြန်မလဲပါ ဆိုတဲ့ အသုံးအနှုန်းတွေကြောင့် စားသုံးသူများရဲ့ ဂယ်ယူ နှောင့်နှေးမှုများကိုလည်း ဖြစ်ပေါ်စေပါသည်။ အာမခံ မရှိသော ပစ္စည်းများကို ဂယ်ယူ သုံးစွဲရခြင်းကြောင့် စားသုံးသူများရဲ့ အပိုကုန်ကျမှုများလည်း ဆင့်ကဲ ဆင့်ကဲ ဖြစ်ပွားလျက် ရှိနေပါသည်။ ရပ်ကွက်အတွင်းမှ တချို့ ဆိုင်များသည်လည်း အကြွေအမ်းစရာ မရှိသဖြင့် ပေးလိုက်သော ပိုက်ဆံအလိုက် ကုန်ပစ္စည်းများကို ဂယ်ယူနေခြင်းကိုလည်း နေ့စဉ်နဲ့အမျှ တွေ့ကြုံနေရခြင်းလည်း ဖြစ်ပါသည်။ အမ်းစရာ မရှိဟုဆိုကာ ကော်ဖီမစ်အမ်းလိုက်၊ တချို့နေရာလိုက် ဆိုင်များတွင် ဈေးနှုန်းချိုသာသော တစ်သျှူးများကို အကြွေ အမ်းစရာ မရှိဟုဆိုကာ စားသုံးသူများကို ပြန်လည် ပေးနေသည်ကိုလည်း မြင်တွေ့နေရပါသည်။ စားသုံးသူများ ဘက်မှလည်း အကြွေမရှိလျှင် ယခုလိုမျိုး တစ်သျှူးများ၊ သကြားလုံးများ ပြန်လည် ပေးမည်ဆိုလျှင်ကော ရောင်းချသူများ ဘက်မှ မည်သို့ မည်ပုံ တုန့်ပြန်မည်နည်း။ လုပ်ငန်းအားလုံးတွင် စားသုံးသူများ အလိုရှိသော ကုန်ပစ္စည်းများကို လိုချင်သော အချိန်၊ လိုချင်သော ဈေးနှုန်းအတိုင်း အခြေအနေ အရည်အသွေးများ ရရှိနိုင်ရန်မှာ ကောင်းမွန်သော ရောင်းချသူများအပေါ်တွင် အပြည့်အဝ မှီခိုနေသည်ဆိုတာ စားသုံးသူများဘက်မှ အပြုသဘောဖြင့် ရေးသား တင်ပြလိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

# အက်ကော် ဟိုတယ်လုပ်ငန်း၏ ဟိုတယ်သစ် သုံးခု ပြည်တွင်း၌ တည်ဆောက်လုပ်ကိုင်မည်

TZO



Image Credit: www.hotelmanagement.com.au

နာမည်ရ အက်ကော် ဟိုတယ်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် ဟိုတယ်သစ် သုံးခု တည်ထောင်လုပ်ကိုင်သွားမည် ဖြစ်ရာ နေပြည်တော် အမ်ဂယ်လာရီဟိုတယ်၊ နိုဗိုတယ် ရန်ကုန် မက်စ်ဟိုတယ်နှင့် နိုဗိုတယ် မန္တလေး မင်္ဂလာဟိုတယ်တို့ ဖြစ်ကြောင်း သိရသည်။ အရှေ့တောင် အာရှဒေသသည် အက်ကော်အတွက် လုပ်ငန်းလုပ်ကိုင်ရန် ဦးတည်ချက်ထားသော ဈေးကွက်နေရာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ၂၀၁၅ခုနှစ် အရောက်၌ အာရှပစိဖိတ်ဒေသတွင် ဟိုတယ်ပေါင်း ၇၀၀တည်ဆောက်မည့်အနက် မြန်မာနိုင်ငံမှ ယခုဟိုတယ် သုံးလုံးလည်း အပါအဝင်ဖြစ်ကြောင်း အက်ကော် အာရှပစိဖိတ် ဟိုတယ်လုပ်ငန်းမှ ဥက္ကဋ္ဌ မိုက်ကယ်အစ်ဆင်ဘာ့ဒ်က ပြောကြားသည်။

နေပြည်တော် အမ်ဂယ်လာရီဟိုတယ်သည် အခန်းပေါင်း ၁၆၈ခန်း ရှိမည်ဖြစ်ပြီး နေပြည်တော် လေဆိပ်နှင့် မိနစ်နှစ်ဆယ် အကွာအဝေးတွင် တည်ရှိကာ အပြည်ပြည်ဆိုင်ရာ အဆင့်မီ ဟိုတယ်အဖြစ် ၂၀၁၃ခုနှစ်အတွင်း ဖွင့်လှစ်နိုင်မည်ဟု ရည်မှန်းထားကြောင်း၊ နိုဗိုတယ် ရန်ကုန်မက်စ်ဟိုတယ်မှာ နိုင်ငံတကာ အဆင့်မီ အခန်းပေါင်း ၃၃၆ခန်းပါရှိပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မိနစ် ၂၀အကွာအဝေးအတွင်း အရောက်သွားနိုင်၍ ၂၀၁၃ခုနှစ် အကုန်တွင် ပြီးစီးမည် ဖြစ်ကြောင်းနှင့် နိုဗိုတယ် မန္တလေး မင်္ဂလာဟိုတယ်မှာ ၂၀၁၅ခုနှစ်တွင် ပြီးစီးမည် ဖြစ်ပြီး အခန်းပေါင်း ၂၈၀ရှိကာ မန္တလေး နိုင်ငံတကာ လေဆိပ်မှ မိနစ် ၄၀အကွာအဝေးတွင် တည်ရှိကြောင်း သိရှိရသည်။

# ၂၀၁၄ခုနှစ်အတွင်း Hilton Yangon ဟိုတယ်ဖွင့်မည်




ကမ္ဘာ့ထိပ်တန်း ဟိုတယ်လုပ်ငန်းစု တစ်ခုဖြစ်သော Hiltonသည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်တွင် Hilton Yangon အမည်ဖြင့် အခန်း ၃၀၀ပါ ဟိုတယ်တစ်ခုအား ၂၀၁၄ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရန် LP Holding Co.,Ltd.နှင့် သဘောတူ စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ထိုသို့ Hilton Hotel လုပ်ငန်းစု ဝင်ရောက်လာခြင်းသည် စီးပွားရေးနှင့် လူမှုရေးများ ပြုပြင် ပြောင်းလဲလာသော မြန်မာနိုင်ငံအဖို့ သိသာ ထင်ရှားစေသော ဖြစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ယခင်နှစ်ကထက် ၄၅.၁ရာခိုင်နှုန်း တိုးတက်လာရာ အခြားသော အာရှမြို့ကြီးများထက် တိုးတက်မှုနှုန်း များပြားလာကြောင်း ပြသနေခြင်းဖြစ်သည်။ Hilton Hotelများ အုပ်စု အရှေ့အလယ်ပိုင်းနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ အကြီးတန်း ဒုတိယဥက္ကဋ္ဌ Andrew Cloughက စီးပွားအရ တောင့်တင်းခိုင်မာသည့် LP Holding Co., Ltd.နှင့် ပူးတွဲလုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှု ရရှိမည်ဟု မျှော်မှန်းကြောင်း ပြောဆိုခဲ့သည်ဟု သိရှိရသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက **www.myanmarjobsearch.com** တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 940002892 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 4294967295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Sai Won Latt |
| SEEKING | Manager, Advisor, Human Management |
| AGE | 28 |
| Contact | 4294967295 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 4294967295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 95142775 |

### Engineering

| | |
|---|---|
| NAME | Thura Aung |
| SEEKING | Electrical Engineer |
| AGE | 22 |
| Contact | 09-49235687 |
| NAME | Toe Tet Aung |
| SEEKING | Engineering job |
| AGE | 22 |
| Contact | 943179323 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |

### Other

| | |
|---|---|
| NAME | Aye Aye Mon |
| SEEKING | Chemical Engineer |
| AGE | 44 |
| Contact | 831168929 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 400028928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 91005209 |
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |
| NAME | Aye Min |
| SEEKING | Hardware/ Network Engineer |
| AGE | 24 |
| Contact | 4294967295 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |

### Accounting

| | |
|---|---|
| NAME | Khin Mu Lwin Kyaw |
| SEEKING | Accounting |
| AGE | 27 |
| Contact | 420071210 |
| NAME | Nway Nway |
| SEEKING | Administration Staff/ Accounting and Office Staff |
| AGE | 27 |
| Contact | 240702 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (Suitable) |
| AGE | 23 |
| Contact | 4294967295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

### Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 943051496 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### KBZ Bank Ltd.

| | | |
|---|---|---|
| VACANT | Junior Helpdesk Technician | 4 |
| PHONE | (+951) 532405 | |
| ADDRESS | KBZ Bank Building, Junction Square Compound, Kyuntaw Street, Sanchaung Tsp. | |

### RVi INSTITUTE

| | | |
|---|---|---|
| VACANT | Finance and Admin Executive | 1 |
| | Coating Advisor | 1 |
| PHONE | 951 - 535433 | |
| ADDRESS | No. 44, Than Lwin Road, Bahan Township, Yangon. | |

### Smart Logistics Myanmar Co., Ltd

| | | |
|---|---|---|
| VACANT | Operation Executive | 2 |
| PHONE | (951) 245447 | |
| ADDRESS | Bo Soon Pat Tower, Corner of Merchant and Bo Soon Pat Street, Pabaedan Township. | |

### EQHO Communications

| | | |
|---|---|---|
| VACANT | Burmese Translators | - |
| PHONE | (+66(0))2 637 8060, Fax. +66(0) 2 637 8422 | |
| ADDRESS | Chartered Square, 152 North Sathorn Road, Bangkok 10500 Thailand | |

### DPS (Design Printing Service)

| | | |
|---|---|---|
| VACANT | Graphic Designer | 5 |
| PHONE | (95-1)204020, 204200 | |
| ADDRESS | N0. 165, 1st Floor, 35th Street, ( Middle Block), Kyauktada Township, Yangon. | |

### Myanmar DYC Co.,Ltd

| | | |
|---|---|---|
| VACANT | Korea Interpreter | 3 |
| | Exporter & Importer (Trading) | 3 |
| | Electrical Technician | 3 |
| PHONE | 09-43166071 | |
| ADDRESS | Plot No. C-5 & C-6Mingaladon Industrial Park, Mingaladon Township, Yangon. | |

### EduPro Solutions Co., Ltd.

| | | |
|---|---|---|
| VACANT | Junior Web Programmer (PHP,C#.NET) | 3 |
| PHONE | 01-512856 | |
| ADDRESS | 18, U Tun Linn Chan Street, Thabyenyo 1, #2C/ D, Yangon. | |

### Amd

| | | |
|---|---|---|
| VACANT | Office Secretary | 1 |
| | Asst. Executive Secretary | 5 |
| | Driver | 3 |
| | Supervisor - Technician | 2 |
| PHONE | (01) 218437, 218438, 09-73176248, 09-73112672 | |
| ADDRESS | 39(B), Thazin Lane, Baho Road, Ahlone Township, Yangon. | |

### PARKROYAL Yangon

| | | |
|---|---|---|
| VACANT | Marketing and Communications Manager | 1 |
| PHONE | (951)250388 | |
| ADDRESS | 33, Alan Pya Phaya Road, Dagon Township, Yangon. | |

### Machinery and Solutions Co., Ltd

| | | |
|---|---|---|
| VACANT | Logistics Coordinator | 1 |
| PHONE | 01-667110 | |
| ADDRESS | 146-L/2, Shwe Hnin Si Street, Mayangone Township, Yangon. | |

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Laptop, Notebook, Netbook, Mackbook, MacbookPro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Samsung Tablet, all Kind of Tablet, External HDD |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | ရုံးသုံး Laptop Core i3 i5 i7 Notebook Netbook |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Contact | 09-730-481-06 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | iPad 1/ 2/ 3/4 / Mini Wi-Fi Only & Wi-Fi +3G, iPod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Desktop PC/ Notebook/ NetBook/ Used Mac Book Pro/ Mac Air/ iMac/ Mac Mini/ Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Contact | 09-730-521-97 |

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Laptop, Ultrabooks, Notebook, Netbook, Mackbook, MacbookPro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Apple, Samsung, HTC, Nokia, Blackberry, Sony, LG SKY, HUAWEI, All Kind of Android Device |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Apple Device iPad, iPhone, iPad, Samsung Tablet, All Kind of Tablet PSP External Hard Disk |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | iPad 4/ Mini/ 3/ 2/ 1, iPod 5G/ 4G, Macbook Pro, Mac Air |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Samsung Note 2/ Note 1/ S3/ S2 Samsung Tablets, Laptops |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Note Books, Net Books, Ultra Books, & More |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Contact | 09-450-039-844 |

| | |
|---|---|
| Condition | Used |
| Description | iPhone 3gs/ 4g/ 4s/ 5, Samsung S2, S3, Note, Note 2, HTC, Nokia, Sony, LG SKY, HUAWEI |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Contact | 09-730-481-06 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5/ 4S /4, iPad 4/ 3/ 2/ Mini |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | iPod 5/ 4, Macbook Pro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Samsung Note 1/ 2 S2/ S3 & Any Laptop |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Acer 4775 (Intel Core i5 Ram 4GB, H.D.D 750GB Graphic Nvidia 1GB, Green Colour) |
| Quantity | 1 |
| Price | K 400,000 |
| Condition | Used |
| Description | Note Books, Net Books, Ultra Books, & More |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Macbook Pro 15" (Intel Core Duo, Ram : 2GB, H.D.D : 80GB) |
| Quantity | 1 |
| Price | K 300,000 |
| Contact | 09-450-039-844 |

| | |
|---|---|
| Condition | Used |
| Description | iPhone 4S 64GB (Black), iPhone 4S 32GB (White), iPhone 4S 16GB (White), iPhone 4S16GB (Black) |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | iPad2 64 GB Wi-Fi Plus 3G (Black), iPod Shuffle 2 GB |
| Quantity | 1 |
| Price | K 300,000 |
| Contact | 09-401-551-411 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | iPad 1/ 2/ 3/ 4/ Mini Wi-Fi Only & Wi-Fi +3G, iPod Touch 4G/ 5G |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Samsung/ SonyEricsson/ HTC/ Huawei/ Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Desktop PC/ All in One PC/ Notebook/ NetBook |
| Quantity | 1 |
| Price | K 400,000 |
| Condition | Used |
| Description | Mac Book Pro/ Mac Air/ iMac/ Mac Mini/ Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Contact | 09-450-039-844 |

| | |
|---|---|
| Condition | Used |
| Description | Samsung, Huawei, iPhone 3gs/ 4/ 4s/ 5, Nokia, HTC, Sony Ericsson, iPod 4g 5g, iPad/ 1/ 2/ 3 |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | Laptop, Notebook, Netbook, MacbookPro, Macbook Air, Samsung Galaxy Tablet |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Condition | Used |
| Description | External Hard Disk, PSP Gold PSP Vita |
| Quantity | 1 |
| Price | ညှိနှိုင်းရွေး |
| Contact | 01-376-420, 01-376-427 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL



# ပရိတ်သတ်တွေကို ထူးထူးခြားခြား တင်ဆက်ပေးချင်တဲ့

# ဂျူးဂျူးကော



**မေး** ညီမလေးရဲ့ လက်ရှိ လှုပ်ရှားနေတဲ့ အနုပညာ လှုပ်ရှားမှုလေးကို ပြောပြပေးပါဦး။

**ဖြေ** လက်ရှိ ဗီဒီယိုတွေ ရိုက်ထားတယ်၊ တယောအဖွဲ့ Tri Violetအဖွဲ့ တစ်ခုရှိတယ်။ တယောအဖွဲ့လေးတွေ လက်ခံထားတာ ရှိတယ်။ ပရိသတ်တွေ မရိုးအောင်ပေါ့။ စဉ်းစား တင်ဆက်ပေးချင်တယ်။

**မေး** ITနဲ့ ပတ်သက်ပြီး ပရိသတ်တွေကို ပြောချင်တဲ့ စကား...။

**ဖြေ** အခုက ITခေတ်ကြီး ဖြစ်နေပြီဆိုတော့ ITနည်းပညာနဲ့ မကင်းကွာနေဖို့၊ မသိမဖြစ် သိထားသင့်တဲ့ အကြောင်းအရာ တစ်ခု ဖြစ်တဲ့အတွက်ကြောင့် လူတိုင်း အသုံးပြု လေ့လာသင့်တယ်လို့ ထင်ပါတယ်။

**မေး** ws အသုံးပြုဖြစ်နေတဲ့ ဆိုရှယ် Networkက ဘာတွေလဲ။

**ဖြေ** Internet, Gmail, Facebookကို ဖုန်းနဲ့ သုံးတယ်။ Laptop, Electric Violin, Camera, Mp3 အဲဒါတွေတော့ သုံးဖြစ်တယ်။

**မေး** အမျိုးအစားလေးတွေကရော။

**ဖြေ** Phone Hensetက Samsung S3, Laptopက Dell, YAMAHA Electric Violin, Canon Digital Camera, Mp3က Sony သုံးတယ်။ အာဆီယံ ယဉ်ကျေးမှု ပြိုင်ပွဲမှာ မြန်မာကိုယ်စားပြု အနေနဲ့ သွားပြိုင်ခဲ့တုန်းက အမှတ်တရ လက်ဆောင်ရထားတဲ့ Mp3 Sonyလေးပါ။

**မေး** အိမ်မှာ ကြည့်ဖို့အတွက် ဘယ်တီဗီကို ရွေးထားလဲ။

**ဖြေ** Sony Flat ပါ။

**မေး** လက်ရှိ အသုံးပြုနေတဲ့ ကားအမျိုးအစားလေးကရော။

**ဖြေ** Super Custom ပါ။

**မေး** စိတ်ညစ်စရာတွေ ရှိလာတဲ့အခါမှာ ဘယ်လိုတွေ ဖြေရှင်းဖြစ်ပါသလဲ။

**ဖြေ** စိတ်ညစ်စရာ ကြုံလာတဲ့အခါမှာလည်း ငါ့ရဲ့ ပရိသတ်ကြီးအတွက် ဘာတွေ လုပ်ပေးရမလဲ။ ငါ့ဘက်မှာ ပရိသတ်ကြီး ရှိတယ်ဆိုတဲ့ အသိစိတ်ကြီး တစ်ခုနဲ့ ကြိုးစားနေပါတယ်။

**မေး** ညီမရဲ့ ရင်တွင်း စကားလေးကို ပရိသတ်ကြီးကို ပြောပေးပါဦး။

**ဖြေ** Myanmar ICT Journalမှာ ပါဝင်ခွင့်ရတဲ့အတွက် အရမ်းကို ဝမ်းသာပါတယ်။ 2010မှာ ပြုလုပ်တဲ့ ကွန်ပျူတာ လုပ်ငန်းရှင်ကြီးများအသင်းက ပေးအပ်ခဲ့တဲ့ Miss ICTဆုကို ရရှိခဲ့တဲ့နောက်ပိုင်း ITလောကကို အရမ်း စိတ်ပါဝင်စားခဲ့ပါတယ်။ အားလုံးကလည်း ပိုပြီး သတိထားလာခဲ့ကြတယ်။ IT နယ်ပယ်က လူတွေအားလုံးကို အရမ်းကျေးဇူးတင်ပါတယ်။ ဂျူးဂျူးရဲ့ ပရိသတ်ကြီး အားလုံးလည်း လိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။

# ရာသီတော်ခါ သင်္ကြန်တာဝယ်

TZO



သင်္ကြန်နှစ်ဦး တူးပို့ တူးပို့ တူးပို့မြူး သံသာ သင်္ကြန်မယ်များ တူးပို့တူးပို့ ထူးမာရဲ့နော်ဗျာ ငွေငန်းသံစုံ တူးပို့တူးပို့ အာရုံဖျော်ဖြေတာ မယ်တို့ကိုလည်း တူးပို့တူးပို့ မာပါစေခင်ဗျာ...။

သင်္ကြန်နီးလာပြီမို့ သင်္ကြန် ပိုးလေး နည်းနည်းဝင်လာတဲ့ ကိုဘအေး တစ်ယောက် ရေချိုးခန်း မင်းသား လုပ်နေမိတာ။ အဖေကြီးရေ အအေးမိ နေဦးမယ် ဆိုတဲ့ မဒမ်ဘအေးရဲ့ အသံကြားတော့မှ ကိုဘအေးလည်း ရေတစ်ခွက်နှစ်ခွက် ထပ်လောင်းပြီး ရေချိုးတာကို လက်စသတ်လိုက်ရတယ်။ တကယ်တော့ သင်္ကြန်ဆိုတာ အပျော်တွေ ကူးစက်တဲ့ ပွဲတော်ပဲ။ သင်္ကြန်သီချင်းတွေ ကြားရရင်၊ ရေပက်ခံထွက်တဲ့ ကားတွေ ကနေ ဟေး၊ ဟားနဲ့ အော်သံတွေ ကြားရရင် စိတ်တွေက အလိုလို မြူးကြွလာတာ။ သင်္ကြန်မှာကတော့ ဟိုး...ပိစိအရွယ်လေးတွေကနေ အသက် လေးငါးဆယ်ကျော် အရွယ်အထိ မြူးကြွ ပျော်ကြတဲ့ ပွဲပါပဲ။ ဒီ့ထက် ကြီးသွားရင်တော့ (ကိုဘအေးတို့ အရွယ်လောက်ပေ့ါ) သိပ်ကဲလို့ မကောင်းတော့ဘူး။ ဘုန်းကြီးကျောင်းသွား ဥပုသ်စောင့်ရမယ့် အရွယ်ဖြစ်နေပြီလေ။ ဒါပေမယ့် အဲဒီအချိန်ကျရင် သင်္ကြန် အပျော်တွေ ကိုဘအေး ရင်ထဲကို ဝင်လာတာတော့ တားဆီးလို့ မရပါ။

"သင်္ကြန်"ဆိုတဲ့ စကားကို ပါဠိဘာသာ "သင်္ကန္တ"၊ သက္ကတ ဘာသာ "သင်္ကြန္တ"ကနေ ဆင်းသက်လာတာလို့ ဆိုပါတယ်။ "ကူးပြောင်းခြင်း"လို့ အဓိပ္ပာယ် ရပါတယ်တဲ့။ နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းတာပေ့ါ။ တစ်နည်းအားဖြင့်တော့ Myanmar New Yearပေ့ါ။ နောက်တစ်ခုက ဗြဟ္မာမင်းကြီးရဲ့ ဦးခေါင်းကို ကိုင်ထားရတဲ့ နတ်သမီးက သူ့အလှည့်သူ့တာဝန် ပြီးဆုံးလို့ နောက်နတ်သမီးတစ်ဦးကို ဗြဟ္မာဦးခေါင်းကြီး လက်လွှဲလက်ပြောင်း လုပ်ပေးတဲ့ အချိန်လို့ ဆိုပါတယ်။ Handover လုပ်တာပေ့ါလေ။ အမ်မယ်... အဲဒီ ဦးခေါင်းကြီး မြေပေါ်ကျရင် ကမ္ဘာကြီး မီးလောင်တတ်တယ်တဲ့။ နတ်သမီးတွေတော့ လက်လွှဲလက်ပြောင်း လုပ်တဲ့အချိန်မှာ အတော်သတိထား ရမယ်နော်။ (အိုလံပစ် မီးရှူးတိုင်ကို လက်ဆင့်ကမ်း သယ်ယူရတာ၊ ပြည်ထောင်စုအလံတော်ကို လက်ဆင့်ကမ်း သယ်ယူရတာတို့လို နေမှာပေ့ါ) တကယ်တော့ ဒါတွေက ဗြဟ္မာ အယူအဆတွေလို့ ပြောရမယ်။ သင်္ကြန်ရေကစားကြတဲ့ အဓိက ရည်ရွယ်ချက်ကတော့ နှစ်ဟောင်းက အညစ်အကြေးတွေကို သင်္ကြန်ရေနဲ့ ဆေးကြောပစ်တဲ့ အဓိပ္ပာယ်ပါပဲ။

သင်္ကြန်မဏ္ဍပ်တွေမှာ သင်္ကြန်ထမင်းတို့၊ မုန့်လုံးရေပေါ်တို့ ရွှေရင်အေးတို့ကို စေတနာကျွေးပြီး အလှူလုပ်ကြတာ၊ ဘုရားကျောင်းကန် ဖူးပြီး ဥပုသ်သီတင်း စောင့်ကြတာ၊ အဘိုးအို အဘွားအိုတွေကို ခြေသည်းလက်သည်း ညှပ်ပေးကြတာ၊ ခေါင်းလျှော်ပေးကြတာ စတာတွေဟာ မြန်မာလူမျိုးတို့ရဲ့ ချစ်စရာ ရိုးရာဓလေ့စရိုက်များပဲ ဖြစ်ပါတယ်။ ပုဂံခေတ်က စခဲ့တယ်ဆိုတဲ့ သပြေခက်နဲ့ ရေပက်တဲ့ ယဉ်ကျေးမှုကနေ အခုတော့ ရေပိုက်နဲ့ ထိုးတဲ့ ယဉ်ကျေးမှု ဖြစ်နေပါပြီ။ ကိုဘအေးတို့ ငယ်ငယ်ကတော့ သင်္ကြန် နီးလာပြီဆိုရင် နို့ဆီခွက်တွေ ရှာရတာ အမော၊ နို့ဆီခွက် ဖင်မှာ လက်ထည့်လို့ ရအောင် သားရေကြိုးနဲ့ ပတ်ရတာ၊ ခွက်စောင်းခုတ်ဖို့လေ။

ရေပက်ခံထွက်တဲ့ လူတွေကတော့ အမျိုးမျိုးပဲ။ ခြေကျင်လျှောက်ပြီး ရေပက်ခံတဲ့လူ ရှိတယ်။ အမျိုးသမီးရော အမျိုးသားတွေရောပေ့ါ။ တချို့ကလည်း စက်ဘီးတို့ ဆိုက်ကားတို့ ဆိုင်ကယ်တို့နဲ့။ ထော်လာဂျီနဲ့ ထွက်တဲ့လူတွေလည်း ရှိတယ်။ မြင်းလှည်းရှိတဲ့ အရပ်ကျတော့ မြင်းလှည်းနဲ့ပေ့ါ။ တတ်နိုင်တဲ့လူတွေက ကားနဲ့ လည်ကြတယ်။ အခုခေတ်မှာတော့ ကုမ္ပဏီတွေက များလာတော့ ရေပက်မဏ္ဍပ်တွေကလည်း ပေါလာတယ်။ မဏ္ဍပ်တွေကို ဟီးနေအောင်ဆောက်ထားပြီး အဆိုတော်တွေ သရုပ်ဆောင်တွေ ခေါ်ပြီး အပြိုင်အဆိုင် စည်ကားအောင် လုပ်ကြတာ။ ကြော်ငြာတဲ့ သဘောလည်း ပါတာပေ့ါ။ အဲဒီကုမ္ပဏီ မဏ္ဍပ်တွေမှာတော့ ရေပက်ခံကားတွေ လူတွေနဲ့လည်း အစည်ကားဆုံးပေ့ါလေ။ သင်္ကြန်နဲ့ ပတ်သက်ပြီးတော့ ရာဇဝင်ထဲက ကြေကွဲစရာ ဇာတ်လမ်းလေး တစ်ပုဒ် ကိုလည်း သွားပြီး သတိရမိ ပါတယ်။ တရုတ်ပြေးမင်းလို့ ခေါ်တဲ့ နရသီဟပတေ့မင်းဟာ ရေသဘင်ပွဲတစ်ခုမှာ မိဖုရားစောလုံကို ကျီစယ်တဲ့ အနေနဲ့ အမှတ်မထင်ရေနဲ့ လောင်းလိုက်ပါတယ်တဲ့။ အများရှေ့မှာ ရေတွေ စိုရွှဲသွားတဲ့အတွက် သူ့ကို အရှက်ခွဲတယ်လို့ အငြိုးထားပြီး မင်းကြီးရဲ့ ပွဲတော်အုပ်မှာ အဆိပ်ခတ်လိုက်ပါတယ်။ အဲဒါကို မင်းကြီးက သိသွားတဲ့အတွက် မိဖုရားစောလုံ အသတ်ခံရတဲ့ ဇာတ်လမ်း လေးပါ။ အချစ်ကြီးလို့ အမျက်ကြီးတယ်လို့ ပြောရမလား။

လတန်ခူးပေမို့ အလှထူးပါဘိ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ ဆိုသလိုပဲ သင်္ကြန်လ ဖြစ်တဲ့ (ကိုဘအေးတို့ အပျော်လ ဖြစ်တဲ့) တန်ခူးလနဲ့ ပတ်သက်ပြီး ရေးစာဆိုတွေက အလွမ်းအဆွေးဘက်ကိုကဲပြီး ဖွဲ့ဆိုခဲ့ကြတာ တွေ့ရပါတယ်။ ဘကြီးတော်မင်းလက်ထက်ကနေ ပုဂံမင်း လက်ထက်အထိ စာပေရေးသား ပြုစုခဲ့တဲ့ စာဆိုတော်ကြီး ဦးကြင်ဥရဲ့ တန်ခူးလဖွဲ့ တစ်ခုကိုပဲ ကြည့်ပါ။

အော်...ဆွေမစုံဖက်၊ ဖြေပုံခက်အောင်၊ မကရ်းကွက်ချွန်၊ တိမ်ရွက်ကွန့်လဲ၊ လက်ပုဇွန်ရိုး၊ ရွာစချွန်ငယ်၊ သံဝှန်ဖြိုးမျှ၊ မြူခိုးငယ်မှောင်ခြွေ၊ ထောင်ရောင်နေလဲ၊ မဖျွေလမ်းကွန့်၊ ပြင်နန်းစွန့်လို့၊ ကိုက်ညွှန့်ငယ် ဖူးစီ၊ ဝေါ် ငွေခိုင်ဝတ်၊ လေယိုင်ညွတ်သည်၊ ဖက်ဆွတ်ချိနှင့်၊ ယဉ်သီဒါမြို့၊ သောင်ကမ်းစို့မှာ၊ နှစ်ကိုယ့်တကိုယ်၊ ဟသာ်ာသောင်တင်း၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းဆိုသည်၊ မ,ဖို တောင် ဖြန့်ဝဲတော့တယ်။

ဒွါဒရာလက်၊ ဆယ့်နှစ်ကွက်တွင် ဂုဏ်အနဌ ချိန်နှိုင်းစက်လဲ ဖက်မမျှဘူး၊ စိတ္တရခါ၊ ကြယ်ထွန်းပတဲ့၊ လအတာမှာ အသာခေါင်ခန့်ကဲတော့တယ်။ ကြည်ကွဲ လွမ်းရန်၊ ကြဌန်းမွှေတဲ့ သန်းရွှေမှန်တို့ ဘယညာဏ်ကြံခိုင် တုံ့စားနိုင်လိမ့်... ဆိုပြီး ဖွဲ့ဆိုထားတာ တွေ့ရပါတယ်။

လေးချိုးသဖြန် အနေနဲ့ကတော့ -

ဖြေမနိုင် ရေစိုင်ဝဲသို့ မှိုင်ပွဲတဲ့ သစ်စေ၊ မုတ်ကွန်းဆောင်ပျံနှင့် ခြသေ့် ခံမှန် ပြတင်းမှာမှ သွင်းတဲ့လေပြေ။ မျိုလို့သာခဲရတယ်။ သဲနောက် ကျူဗျာပွေ၊ ကြွေကြွေဘွယ့်ဘနန်း၊ နှင်းသတ်အထုံ ဝရတ်ကယ် သဇ္ဇာဘုံက၊ ထည်ကောင်း မြုံရုံထွေးသော်လည်း မလုံမစုံသေးသူတို့ ဆွေးဘို့စတမ်းလို့ပဲ ဖြစ်ပါတယ်။

ဦးကြင်ဥဟာ တောတောင်ရေမြေနဲ့ ရာသီဥတုတို့ရဲ့ သာယာပုံများကို လှပစွာ စီကုံးပြီး ကြည်နူးလွမ်းဆွတ်မှုကို ပေါ်လွင်ထင်ရှားစွာ ထုတ်ဖော်တင်ပြ ဖွဲ့နွဲ့နိုင်တဲ့ ကဗျာစာဆိုကြီး တစ်ဦး ဖြစ်ပါတယ်။ ဦးကြင်ဥ ရေးတဲ့နောက် တန်ခူးလဖွဲ့ တစ်ခုကတော့ ခွန်းထောက်ညှပ်ပါ ပါတဲ့အတွက် တော်တော်ရှည်ပါတယ်။ ဒါ့ကြောင့် အစပိုင်း အဖွဲ့လေးလောက်ပဲ ဖော်ပြပါရစေ။ အော်...ဘုံစိတြာ ယုန်က္ကဌာလဲ၊ လိတ္တာလုံးညီ၊ တင့်ဆုံးမှီတဲ့၊ ရာသီတော်ခါ၊ သင်္ကြန်တာဝယ်၊ စံရာပန်းသတ်၊ နန်းဝရတ်က မြတ်သမ္ဘာကြွယ်၊ ယဉ်တမ္ပတ်ကျုံး၊ လှလွတ်နှုန်းသည်၊ တဘုန်းမယ်တို့ လွမ်းနယ်ကြားပြန့် တားမတုံ့အောင်၊ သားခြံ့ငယ် သိရ်ညီ၊ တိမ်စဉ်စီကို၊ ပန်းချီ ငိုရေးကမောက်တော့တယ်။

ရှာနငယ်လာဘီ၊ ညည်ခါမိုက်ကို၊ ဝသီငါးရပ်၊ မပွားတတ်အောင် ချားရပာတ်နောင်၊ နီဝရဏ တိလောကမှာ လောဘမှောင်နှင့် ထောင်ပေါ်ငါးရာ၊ ကိလေရှဉ်ရှဉ်၊ သံယောဇဉ်ကို မကြင်မှားမို့၊ ယဉ်အားတန်တန်၊ မဗို တို့ခွန်း ဘုံတသွန်းမှာ၊ လှုံ့ညွှန်းသံနှင့်၊ စံသမ္ဘာညီ၊ မာယာပြီ၊ ပလီချိုဇက နောက်တော့တယ်။

သင်္ကြန်နဲ့ ပတ်သက်ပြီးတော့ စာတော်ဖတ် ဦးကြော့ (အရင်တုန်းက စာတော်ဘတ်လို့ သုံးထားပါတယ်)ရဲ့ ခါသင်္ကြန်ဆိုတဲ့ လေးချိုးသဖြန်လေးနဲ့ပဲ အဆုံးသတ်ပါရစေ။

ပုရစ်တံမြရည်သွေးငယ်နှင့်
နှစ်သင်္ကြန် လမည်ပေးမယ်လို့၊
လှကြည်ဆေးငယ်က တင်လိုက်တာ။
အသွင်မြတ်ပါဘိ၊ ရင်ခတ်ကယ်
ရွှေမာလာတို့ ငွေချာမှာ ရန့်သင်းလို့ရယ်
ဟေမဝါစုံမြိုင်တွင်းမှာ ဆင်းဖန့်ဖန့်ဝါ။
နွေဂိမှာန် မိဿစန်းဟာမို့ ထွေထိန်လျှံ
စိတြဆန်းပြန်တော့၊ နန်းမေရုငွေအာကာ၊
တာရာက ရောင်စုံမြူး။
နှစ်သင်္ကြန် ကူးခေတ်ဆော်စိမ်၍၊
လူဒါနံညောင်ရေပန်းတွေနှင့်
ရေဖျန်းကိုယ်စီခံကြ၊
စဲမည်ပွဲတော်တွင်းပေမို့
လဲ့လဲ့ဝင်းမေကညာဖြူတို့နှင့်၊ ပဏ္ဍာတူ
အချစ်စမ်းချိန်မို့၊ ငွေသိင်္ဂါ ရဝေနန်းဆီသို့
လွမ်းစိတ်နှင့်ရှူး...။

သင်္ကြန်နှစ်ဦးမှာ မြူးတူးပျော်ရွှင်နိုင်ကြ ပါစေ....။

# အမေရိကန်အခြေစိုက် ACO Investmentမှ မြန်မာနိုင်ငံတွင် ဒေါ်လာ သန်း၇၀၀ခန့် ရင်းနှီး မြှုပ်နှံမည်

ခင်ခနွှံ

အမေရိကန်အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သော ACO Investment မှ မြန်မာနိုင်ငံ၏ လေကြောင်းလုပ်ငန်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် နှစ်နှစ်အတွင်း ဒေါ်လာသန်း ၇၀၀ ခန့်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အုပ်ချုပ်သူ Mr.Mary Achuthan မှ မတ်လ ၁၉ ရက်နေ့က ပြောကြားခဲ့ပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများအား ACO Investment နှင့် United Airlines တို့မှ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို United Airlines မှ အကြီးအကဲဖြစ်သူ Mr.Ronojoy Dutta ကပြောကြားခဲ့ပါသည်။ ရင်းနှင်မြှုပ်နှံမှုလုပ်ငန်း၏ ပထမခြေလှမ်းအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယခုနှစ်အတွင်း ဒေါ်လာသန်း ၂၀၀ ထည့်ဝင်လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်းသိရပါသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်အတွင်း တယ်လီဖုန်းဆက်သွယ်ရေးဆိုင်ရာ လိုင်စင်နှစ်ခုအား လုပ်ကိုင်ခွင့်ရရှိရန်မျှော်မှန်းထားကြောင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့မည်ဆိုပါက ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။ ယခုအခါ မြန်မာ့တယ်လီဖုန်း ဆက်သွယ်ရေး လုပ်ကိုင်ခွင့်လိုင်စင်များအား အရှေ့တောင်အာရှ၏ အကြီးဆုံးတယ်လီဖုန်းကုမ္ပဏီဖြစ်သော Singapore Telecommunication Ltd(ST)၊ Malaysia's Axiata Group Bhd(AXIATA) နှင့် Norway's Telenor ASA(TEL) တို့မှ အခွန်ငွေများပေးချေလုပ်ကိုင်လျက်ရှိပါသည်။ ACO Investment မှာ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့အခြေစိုက် လုပ်ငန်းတခုဖြစ်ပြီး၊ ပြီးခဲ့သောလအတွင်းကလည်း မန္တလေးတိုင်းဒေသကြီးအတွင်း နေစွမ်းအင်သုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်သွားရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်းသိရပါသည်။ အဆိုပါ စီမံကိန်းမှ လျှပ်စစ်မဂ္ဂါဝပ် ၁,၀၀၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ပြီး၊ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံမှ ၂ ဘီလီယံအထိ သုံးစွဲသွားမည်ဖြစ်ကြောင်းလည်းသိရပါသည်။ ယခုအခါ ACO Investment သည် ဗီယက်နမ်နိုင်ငံတွင် နေစွမ်းအင်သုံးလျှပ်စစ်ဓါတ်အားထုတ်လုပ်ငန်းများအတွက် ဒေါ်လာသန်း ၅၀၀ နှင့် လေစွမ်းအင်သုံး လျှပ်စစ်ဓါတ်အားထုတ် လုပ်ငန်းများအတွက် ဒေါ်လာ သန်း ၂၅၀ ကိုရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း သိရပါသည်။ ထို့အပြင် ချီကာဂိုနှင့် တူရကီနိုင်ငံများတွင်လည်း လေကြောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသွားရန် လေ့လာလျက်ရှိကြောင်းသိရပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

# ပုဂ္ဂိုလ် (၇)ဦးအား ပျော်စေသောသူများ

Dr.P.ES

"လူကြီးနဲ့ ကလေး ဘာတွေကွာလဲ၊ ဒီထက်ပိုပြီး တိတိကျကျ ပေးရမယ်ဆိုရင် ကလေးလူနာနဲ့ လူကြီးလူနာ ဘာကွာလဲ၊ ဒီထက်တစ်ဆင့်တက်ပြီး မေးရမယ်ဆိုရင် လူကြီးလူနာကုရတာနဲ့ ကလေးလူနာ ကုရတာ ဘာတွေကွာလဲ"

"မေးခွန်းတွေက များလှချည်လား ဆရာရယ်" လက်ထောက် ဆရာဝန်လေး ဒေါက်တာဝေမိုးက မျက်လုံးအပြူးသားနှင့် ပြောသည်။ ရန်ကုန် ခဏခဏတက်ပြီး ကျန်းမာရေး ပညာပေး သင်တန်းများ တက်ရောက်ပြီး ပြန်လာကတည်းက မိမိလေ့လာ ဆည်းပူးခဲ့သမျှတို့ကို ပြန်လည် ဖောက်သည်ချရန် တာစူ လိုက်ခြင်း ဖြစ်သည်။ စာရေးသူတို့ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း (၁) တက်ရောက်စဉ်အခါက ဆရာတစ်ဦး၏ မေးခွန်းကို အတွေး၊ အာရုံထဲ ဝင်လာသဖြင့် အစမရှိ၊ အဆုံးမရှိ ထမေးမိလိုက်ခြင်း ဖြစ်သည်။

"အသက်ကွာတာပေါ့ ဆရာရယ်"ဟု မိမိတို့ ငယ်စဉ်က နောက်ပြောင်၍ ဖြေခဲ့ဖူးသည်။ မိမိ၏ လက်ထောက် ဆရာဝန်ငယ်များကား မိမိတို့ ငယ်စဉ် ကထက် တော်သည်။ အဖြေ တစ်ခုကို လွှတ်ကနဲ့ ရမ်းမပေးကြ၊ အသေအချာ စဉ်းစားပြီးမှ ဒေါက်တာ မြတ်နိုးက

"ကွာတာတော့ အများကြီးပါ ဆရာ၊ အဓိက အသက်၊ ဒုတိယ ရောဂါသဘာဝ၊ တတိယက အာဟာရ၊ စတုတ္ထက ရောဂါကို ခံနိုင်စွမ်းအား စတာတွေပေါ့"

"ဟုတ်ပါတယ်၊ ဆရာဖြေတာတွေကို အနှစ်ချုပ်လိုက်ရင် ကလေးတွေဟာ နုနယ်တယ်၊ ခံနိုင်ရည် နည်းတယ်၊ နူးညံ့လွန်းလို့ ပန်းလေးများလိုပဲ နေကောင်းရင် လန်းမယ်၊ မကောင်းရင် နွမ်းမယ်၊ မာယာမများဘူး၊ ဟန်မဆောင် တတ်ဘူး၊ ပြီးတော့ လူကြီးတွေရဲ့ ပြုစု စောင့်ရှောက်မှု ကောင်းဖို့ လိုအပ်တယ်" ဒီတော့ ကလေးလူနာတွေ ကုရတဲ့အခါ စောစောစီးစီး ရောဂါသိရင် သိသိသာသာ တိုးတက်မှုကို တွေ့ရမယ်။ နောက်ကျရင်လည်း နောက်ကျသလို မကယ်နိုင်တာမျိုး ဖြစ်မယ်။ ဒါကြောင့် အချိန်မီ သတိမူဖို့ လိုတယ်"

"ဒီတစ်ပတ် ဆရာတို့ ရန်ကုန်မှာ တီဘီတိုက်ဖျက်ရေး အဖွဲ့ကြီးနဲ့ ကလေး ဆရာဝန်ကြီးတွေ ပူးပေါင်းရေး ဆွဲကြတဲ့ တီဘီကုထုံး (၂၀၁၂)ကို ပြန်လည် ရှင်းလင်းသင်ပြ ပို့ချတာ တက်ခဲ့ရတယ်လေ"

"မြန်မာပြည်မှာ တီဘီပိုးရှိတဲ့ လူကြီးရော၊ ကလေးပါ ဦးရေ တစ်သိန်းခွဲ နီးပါးနှစ်စဉ် ကုသပေးနေရတယ်။ ဒါတောင် လက္ခဏာ မပြတာ (သို့) ပြရဲ့သားနဲ့ ဆေးရုံ၊ ဆေးခန်း မလာကြတာတွေ ရှိသေး ဆိုပဲ"

"အထူးသဖြင့် ကလေးတွေမှာဆို တီဘီ ရှိ၊ မရှိ ဆေးသောက်သင့် မသောက်သင့် ဆိုတာကို အချိန်ယူ ဆုံးဖြတ်ရတာကြောင့် လေ့လာခဲ့မိပါတယ်။ တကယ် မဖြစ်ဘဲ တီဘီဆေး တိုက်စေချင်တဲ့ မိဘတွေရှိသလို တကယ်ဖြစ်တာတောင် ဆေးမတိုက်ချင်တဲ့ မိဘတွေလည်း ရှိကြတယ်တဲ့"

"ဒါကြောင့် တို့ကိုသင်ပေးတဲ့ ပါမောက္ခ ဆရာကြီးက ဘယ်လို ပြောသလဲဆိုရင်"

"သူနာပြု ဆရာမလေး မေသဇင်မိုးက စိတ်မရှည်စွာဖြင့် မေးသည်။

"ဆရာကြီးတို့ရဲ့ ဆရာကြီးတွေ ခေတ်ကဆိုရင် ကလေးတစ်ယောက်ကို တီဘီဆေးတိုက်ဖို့ မတိုက်ဖို့ဆိုတာ အပျိုကြီး တစ်ယောက် လင်ယူဖို့ မယူဖို့ ဆုံးဖြတ်ရတာထက် ပိုပြီး စဉ်းစားရတယ် ဆိုပဲ"

"ဟားဟား..ဟားဟား ပေါက်ပေါက် ရှာရှာ ဆရာရယ်"

"အဲဒါ ကျွန်တော် ထွင်ပြောတာ မဟုတ်ဘူး၊ ဆရာကြီး ကိုယ်တိုင်ပြောတာ"

"ပြီးတော့ ကလေး ဆရာဝန်ကြီးက ပြောသေးတယ်"

"ဘာပြောလဲဆရာ" ထုံးစံအတိုင်း မေသဇင်မျိုးက စကား ထောက်ပြန်သည်။

"လူကြီး လူနာတစ်ယောက်ကို ကုလို့ နေကောင်းသွားရင် သူကိုယ်တိုင်ရယ် သူနဲ့ နီးနီးစပ်စပ်နေတဲ့ သူတစ်ဦး နှစ်ဦးပဲ ပျော်ကြရတာတဲ့"

"ကလေးတစ်ယောက်ကို ဆေးကုပေးလို့ နေကောင်းသွားရင်တော့ သိတတ်တဲ့ အရွယ်ဆိုရင် သူကိုယ်တိုင်ရယ်၊ အဖေနဲ့ အမေရယ်၊ နှစ်ဖက် အဘိုး အဘွား လေးဦးရယ် စုစုပေါင်း အနည်းဆုံး ပုဂ္ဂိုလ် (၇)ဦးလောက် ပျော်ကြရတယ်တဲ့"

"ဒါကြောင့် လောကကြီးကို ပိုမို ပျော်ရွှင် သာယာဖွယ်ဖြစ်အောင် ကုတဲ့ ဆရာဝန်တွေထဲမှာ ကလေး ဆရာဝန် တွေက ပိုပြီးတော့ အရေးပါတယ်လို့ ပြောသွားသေးတယ်"

"ဆရာပြောတော့လည်း ဟုတ်သားပဲ၊ နကို မစဉ်းစားမိဘူး။ သမီးလည်း ဒါဆို MSc Contrance ဖြေရင် CHILDပဲ ဖြေတော့မယ်" လက်ထောက် ဆရာဝန်မလေး ဒေါက်တာ ဝသန်က သူ့စိတ်ကူးကို ပြော၍အားလုံး သဘောကျ ရသည်။

"ခုနက တီဘီကိစ္စကို ဆက်ရမယ်ဆိုရင် အရေးကြီးတဲ့ တစ်ခုရှိသေးတယ်၊



Image Credit: en.wikipedia.org

ဆရာတို့က ကလေးတစ်ယောက်ကို တီဘီဆေးတိုက် သင့်မသင့် စဉ်းစားရင် တီဘီကူးနိုင်ဖွယ်ရှိ၊ မရှိ (TB Contact ရှိ၊ မရှိ) မေးကြရတယ်။ အဲဒီမှာ မိဘတွေက မူကြိုတို့၊ ကျောင်းတို့က အတန်းဖော် သူငယ်ချင်းတွေကို စွပ်စွဲချင်ကြတယ်။ သိထားရမှာက ကလေးတွေမှာ တီဘီပိုး ရှိနေတယ်ဆိုရင်တောင် ကလေး တစ်ယောက် ကနေ အခြားတစ်ယောက်ကို ကူးစေနိုင်လောက်တဲ့ ပိုးကောင် ပမာဏ မရှိတဲ့ (နည်းပါးလှတဲ့) Paucibacillary TBဖြစ်လို့ ကလေး ကလေးချင်း မကူးနိုင်ဘူး ဆိုတာပဲ။ အဓိကက သလိပ်ပိုး ရှိနိုင်တဲ့ (သို့) ပိုးကောင်ရေများများ ရှိနိုင်တဲ့ လူလတ်ပိုင်းတို့ လူကြီးတို့ဆီကပဲ ကူးနိုင်တယ်ဆိုတာ သိထားသင့်တယ်"

"တချို့တွေက အိမ်မှာ လူကြီး တီဘီ ရောဂါပိုး ရှိတဲ့သူ ရှိလား မေးရင် ကျွန်မတို့ အမျိုးက တီဘီမရှိဘူးလို့ မေးတာကိုတောင် မကြိုက်တဲ့ ပုံစံမျိုးနဲ့ ဖြေတတ်ကြတယ်လေ"

"တကယ်တော့ မျိုးရိုးလိုက်လို့ မေးတာ မဟုတ်ဘူး၊ ကလေးနဲ့ အမြဲ တွေ့ထိနေတဲ့ သူတွေထဲမှာ အမျိုး မဟုတ်လည်း ဘယ်သူဖြစ်ဖြစ် ရက်ရှည် ချောင်းဆိုးနေတာ၊ သလိပ်သွေး ပါရင် ဖြစ်ဖြစ်၊ တရှောင်ရှောင် နေမကောင်းတဲ့သူ ဖြစ်ဖြစ်၊ ဝိတ်ကျ၊ အစားပျက်တဲ့သူတွေ၊ အရက်သောက်တဲ့ သူတွေ၊ ဆေးလိပ်သမားတွေ ရှိလား၊ ရှိရင် အားလုံးက တီဘီရှိလို့ ရှိမှန်းမသိဘဲ ကလေးဆီ ကူးသွားတာမျိုး ဖြစ်နိုင်လို့ပဲ"

"လူကြီးတွေကိုကျတော့ တီဘီရှိတယ် ယူဆရင် မနက်စောစောတိုင်း သလိပ် ဟပ်ခိုင်းပြီး တီဘီပိုး ရှိ၊ မရှိ ရှာနိုင်တယ်။ ဒီနေရာမှာလည်း အရေးကြီးတာက သလိပ်ကို သေချာ ဟပ်ထုတ်ဖို့ပဲ၊ သလိပ် မဟုတ်ဘဲ တံတွေးတွေ ထည့်ပေးလိုက်ရင်တော့ ပိုးတွေ့မှာ မဟုတ်ဘူး။ သလိပ်ကို (၃)ရက် ဆက်တိုက် စစ်ဆေးပြီး (၂)ရက်မှာ တွေ့ရရင်ဖြစ်ဖြစ်၊ (၁) ရက်ထဲ တွေ့ပြီး ပိုးမွေးကြည့်တဲ့အခါ တီဘီပိုးကောင် အစစ်တွေ့ရင်ပဲ ဖြစ်ဖြစ်၊ သလိပ်ပိုးတွေ့၊ အဆုတ်တီဘီ (Sputum Positive Case)လို့ ခေါ်တယ်။ သလိပ်ပိုး မတွေ့ပေမယ့်လည်း အဆုတ်ဓာတ်မှန်မှာ တီဘီလို့ ယူဆရတဲ့ လက္ခဏာတွေ ဝေဒနာတွေ ခံစားနေရတာက တီဘီနဲ့ တူရင်လည်း တီဘီ (Sputum Negative Case)လို့ ခေါ်တယ်"

"ကလေးတွေမှာကျတော့ အသက် (၆)နှစ် အရွယ်လောက်အထိ သလိပ် မဟပ်တတ်တော့ သလိပ်ပိုး ရှာဖို့ မလွယ်ဘူး၊ ဟပ်နိုင်တဲ့ အရွယ်ရောက် တောင် သလိပ်အစစ် သေချာ ဟပ်ပေးဖို့ လိုတယ်"

"ကလေးတွေမှာ မရမက လုပ်နိုင်တဲ့နည်း မရှိဘူးလားလို့ မေးရင်တော့ ရှိတယ်။ ကလေးတွေဟာ သလိပ်ဆိုတာကို ဟပ်မထုတ်တတ်တော့ အသက်ရှူ လမ်းကြောင်းက တက်လာတဲ့ ချွဲသလိပ်တွေကို ပြန်မျိုချတတ်ကြတယ်။ အဲဒီတော့ သလိပ်ပိုးကို အစာအိမ်ထဲကနေ စုပ်ယူလို့ ရတယ်"

"အဲဒီလို သလိပ်စစ်ဖို့ တကယ်လိုပြီ ဆိုရင်တော့ ကလေးကို ဆေးရုံတင်ပြီး မနက်စောစောတိုင်း အစာအိမ်ထဲကို ပိုက် (Nasogastric Tube) ထည့်ပြီး စုပ်ယူ စစ်ဆေးရင် လူကြီးတွေ ဟပ်ထုတ်တဲ့ သလိပ်လိုပဲ (၆၀)ရာခိုင်နှုန်းလောက် တိကျ မှန်ကန် အသုံးဝင်တယ်တဲ့"

"ဆရာ ကလေးတွေကိုလည်း ဓာတ်မှန် ရိုက်ကြတယ်မလား"

"ကလေးတွေမှာ ဓာတ်မှန်ကတော့ ပြတ်ပြတ်သားသား လက္ခဏာ ပြတတ် တာလည်း ရှိသလို တစ်ခါတစ်လေ မသိသာတာတွေလည်း ရှိတတ်တော့ သူ့တစ်ခုတည်းနဲ့ ဆုံးဖြတ်ရခက်တယ်"

"ပိုးသတ်ဆေး ရက်ပြည့်အောင် ပေး၊ ကိုယ်အလေးချိန်ကို တစ်လတန်သည် နှစ်လတန်သည် တိုင်းပြီး စောင့်ကြည့်၊ တီဘီရဲ့ လက္ခဏာတွေ ဖြစ်တဲ့ ခဏခဏ ကျောပူခေါင်းပူရုံ ဖျားတာ၊ ခေါင်းပဲ ချွေးထွက်တာ အစားအသောက် ပျက်တာ၊ ဝိတ်ကျလာတာတွေ ရှိ၊ မရှိ စောင့်ကြည့်၊ အားဆေးလည်း တိုက်ကြည့်၊ မျိုးစုံ ကြိုးစား ကြည့်ပြီး မထူးခြားဘူး ဆိုမှ တီဘီဆေး စတိုက်ဖို့ စဉ်းစားကြရတယ်တဲ့"

"ဒီခေတ်မှာတော့ တီဘီဆေးကို နှစ်ပတ်လောက် စမ်းတိုက်တာမျိုး၊ နဂိုခေတ်ကလို မသုံးတော့ဘူးတဲ့၊ မတိုက်ရင်လည်း အရှင်းပဲ၊ တိုက်ရင်လည်း (၆)လ အနည်းဆုံး တိုက်ကြရမယ်တဲ့"

"ကလေးတွေကို နောက်တစ်မျိုး စမ်းလို့ရတာက Tuberculin Skin Testလို့ ခေါ်တဲ့ အရေပြားထဲကို ဆေးလေးထိုးပြီး ကလေးမှာ တီဘီပိုး ဝင်ဖူးလား မဝင်ဖူးလား ဓာတ်ကို စမ်းသပ်တာမျိုး ရန်ကုန်မှာ လုပ်လို့ရတယ်တဲ့၊ ဆေးထိုးထားတဲ့ နေရာဟာ နောက် (၇၂)နာရီလောက်မှာ ဖုဖောင်းလာရင် အဲဒီအဖု ပမာဏကို တိုင်းတာပြီး ဆုံးဖြတ်ရတယ်တဲ့"

"အရေးကြီးတာက ကလေးပဲ ဖြစ်ဖြစ်၊ လူကြီးပဲ ဖြစ်ဖြစ်၊ တီဘီဆေး သောက်ရပြီဆိုရင် အချိန်မှန်မှန် တစ်ရက် မလျှော့ မမေ့ဘဲ သောက် ကြရမယ်။ ကိုယ့်သဘောနဲ့ကိုယ် ဆေးက ပြင်းလို့၊ သက်သာလာလို့ ဘာလို့ ဘာလို့ ဆိုပြီး ဆေးကို ဆက်မသောက်တာတို့ ရက်ခြား သောက်တာတို့ ဆေးလျှော့ သောက်တာတို့ မလုပ်ရဘူး ဆိုတာပဲ။ အဲဒီလို လုပ်မိခဲ့ရင် မိမိသာမကဘူး တစ်မျိုးသားလုံးကနေ တစ်ကမ္ဘာလုံးရှိ လူသားအားလုံးကိုပါ ခြိမ်းခြောက်နေတဲ့ ဆေးယဉ်ပါး တီဘီ (Drug Resistant TB)ဖြစ်လာမယ်"

"ဆရာ Multi Drug Resistant MDR-TB ဆိုတာ မြန်မာပြည်မှာ ရှိနေပြီလား"

"ရှိပြီလို့ ပြောတယ်၊ အဲဒါကြောက်ရတာပေါ့။ AIDSကတောင် ရောဂါရှိတဲ့သူနဲ့ လိင်ဆက်ဆံတာတို့ သွေးသွင်းတာတို့ မလုပ်ရင် မကူးဘူး။ ဒါက ကိုယ့်ဘာသာ နေတာတောင် လေထဲကနေ ပိုးက ကူးတာဆိုတော့ အလွယ်တကူ ကူး နိုင်တယ်။ ဒါကြောင့် တစ်မျိုးသားလုံး အန္တရာယ်ပေါ့"

"ဒါဆို ကျွန်တော်တို့က"

"ဟုတ်တာပေါ့ဗျာ ရောဂါပိုး ပြင်းတဲ့လူ ဆိုတာ ဆရာဝန် ဆရာမတွေနဲ့ပဲ ပို တွေ့နိုင်တာ"

"အဲဒီတော့ ..."အားလုံး မျက်လုံး အဝိုင်းသားနဲ့ ဖြစ်သွားပြီ။

"အဲဒီတော့ စိတ်ကောင်းမွေး၊ ကိုယ်ခံအား ကောင်းအောင်နေ၊ လူနာကိုင်ပြီး လက်ဆေး၊ လိုအပ်ရင် (ဖြစ်သင့်တာက အမြဲ)နှာခေါင်းစုံးတတ်ပေါ့"

"လူတိုင်းသေရမှာပဲ၊ ဆရာဝန်လည်း သေရမှာပဲပေါ့" အားလုံး သက်ပြင်း ချလိုက်ကြတော့သည်။

iT CARE
Since 2009
၃၀၀၀ ကျပ် နှုန်းဖြင့် အိမ်အရောက် ကွန်ပျူတာပြုပြင်ဝန်ဆောင်မှုလုပ်ငန်း

- ကွန်ပျူတာပျက်လျှင်၊ Windows တင်လိုလျှင်၊ Error တက်နေလျှင် Softwares, Games ထည့်သွင်းလိုလျှင်၊ Virus သတ်လိုလျှင်၊
- ဖုန်းဆက်လိုက်ရုံနှင့် ၃၀၀၀/-ကျပ်နှုန်းဖြင့် အိမ်အရောက်ပြုပြင်ပေးနေပါပြီ။
- Website (Unlimited) + Domain + Emails = 70,000 kyats
- ADSL, WiMax, McWill, Wireless Router နှင့်ပတ်သက်သော အင်တာနက်အခက်အခဲများကို အမြန်ဖြေရှင်းပေးနေပါပြီ။
- Samsaung, Nokia, Hauwei, Sony,iPhone များကိုကွန်ပျူတာနှင့်ချိတ်၍အင်တာနက်သုံးနိုင်ပါပြီ၊

iT CARE
MOBILE PHONE
SERVICES CORNER

- iPhone 5, New iPad, iPad Mini များအတွက် iOS 6.1 Untethered JailBreak ကို ဝန်ဆောင်မှု ပြုလုပ်ပေးနေပါပြီ။
- iphone, ipad, ipod များကို iOS 6.1 Upgrade ပြုလုပ်ပေးခြင်း၊ Apps & Games ထည့်သွင်းပေးခြင်း၊ မြန်မာဖောင့် ထည့်သွင်းပေးခြင်းများကို 5000ကျပ်နှုန်းဖြင့် ဝန်ဆောင်မှုပေးနေပါပြီ။
- Version Upgrade နှင့် Root ပြုလုပ်ပေးခြင်း၊ Latest Application နှင့် Game ထည့်သွင်းပေးခြင်း၊ မြန်မာဖောင့်သွင်းပေးခြင်းတို့ကို 3000 ကျပ်နှုန်းဖြင့် ကျွမ်းကျင်ပညာရှင်များက ဝန်ဆောင်မှုပေးနေပါသည်။

အမှတ် ၃၀၂၊ လမ်း၄၀ (အထက်)၊ ကျောက်တံတား၊ ရန်ကုန်။ Hot Line: 09 73029536,09 425021898,09 5128853

Rehoboth Mobile
Training & Service Centre

Hardware Pro Course
-Checking Circuit Board Errors
-Damage Parts Repairing & Replacing
-Using Power Supplier & Meter
-Using Air Gun & Electroinc Basic
iPhone, Nokia, Sony, Samsung, HTC, etc...

iDevices Pro Course
-iPhone, iPad, iPod, Mac Pro
-Mac OSX Mountain Lion, Time Capsule
-Apple TV, Air Play, Air Mirroring
-All Apple Product Synchronizing Via
Wireless Network, Photo Stream

မြန်မာနိုင်ငံတွင် ပထမဆုံး သင်တန်း All Apple Product Network
Apple ချစ်သူတွေ အတွက် သတင်းကောင်း၊ သင်တန်း စတင်လက်ခံမည်။

အထူးအခွင့်အရေး Hardware ကို ကျပ်နှစ်သိန်း ဖြင့်တက်နိုင်ပြီ။

*အမှတ်(၁၀) ကျောင်းအနီး*
ဖုန်း - 095113200, 098612095

# မိဘနဲ့ သားသမီး ပေးချင်တိုင်းလည်း ပေးမရပါ

Win Win



အော်စကာ - မင်္ဂလာပါ ဘကြီးဖြိုး။

ဘကြီးဖြိုး - မင်္ဂလာပါ အော်စကာ။

အော်စကာ - ဒီတစ်ပတ်တော့ ဥပဒေရေးရာ တစ်ခုမေးချင်တယ်။

ဘကြီးဖြိုး - မေးပါဗျာ၊ တတ်သလောက်တော့ ဆွေးနွေးကြတာပေါ့။

အော်စကာ - မိဘက သားသမီးကို သူတို့ပိုင်တဲ့ ပစ္စည်းပေးတာ ပေးလို့ မရဘူးလား။

ဘကြီးဖြိုး - အော်စကာ မေးတာက ယေဘုယျ ဆန်နေတယ်။ မိဘကပေးတယ်ဆိုတာမှာ မိဘနှစ်ပါးလုံး သဘောတူညီချက်နဲ့ ပေးတာလား၊ ဖခင်က တစ်ဦးတည်း သဘောနဲ့ ပေးတာလား၊ မိခင်တစ်ဦးတည်း သဘောနဲ့ ပေးတာလား၊ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းကို ပေးတာလား၊ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းကို ပေးတာလား ဆိုတဲ့အပေါ် မူတည်ပြီး ဖြေရမှာပေါ့။

အော်စကာ - ဘယ်လို ကွာခြားတာလဲ ဘကြီးဖြိုး။

ဘကြီးဖြိုး - မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းဖြစ်တဲ့ အိမ်၊ ခြံ၊ မြေတွေကို ပေးရင် မှတ်ပုံတင် စာချုပ်ပြီးမှ ပေးနိုင်တယ်။

အော်စကာ - စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ပြီး စာချုပ်နဲ့ ပေးရင် တရားဝင် အတည်ဖြစ်ပြီလား။

ဘကြီးဖြိုး - မှတ်ပုံတင် စာချုပ်နဲ့ ပေးတဲ့အပြင် ပေးကမ်းခြင်းဟာ ဥပဒေအရ ပေးပိုင်ခွင့်ရှိတဲ့ လူက တရားဝင် ပေးကမ်းခြင်း မြောက်မှ တရားဝင်တယ်။

အော်စကာ - မိဘနဲ့ သားသမီးပဲ ပေးချင်တိုင်း ပေးလို့ မရဘူးလား။

ဘကြီးဖြိုး - မိဘက သားသမီးကို ပေးတယ် ဆိုပေမယ့် ဥပဒေနဲ့ညီမှ တရားဝင်တယ်ကွဲ့။

အော်စကာ - မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လင်ပိုင်တဲ့ ပစ္စည်းကို မယားကလည်း ပိုင်တယ်။ မယားပိုင်တဲ့ ပစ္စည်းကိုလည်း လင်က ပိုင်တယ် မဟုတ်လား။

ဘကြီးဖြိုး - မှန်တာပေါ့ကွယ်။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လင်ယောကျ်ားပိုင်ဆိုင်တဲ့ ပစ္စည်းအပေါ် မယားဖြစ်သူက အတူပိုင်ဆိုင်ခွင့် ရှိသလို၊ မယားပိုင်ဆိုင်တဲ့ ပစ္စည်းအပေါ်မှာလည်း လင်ယောကျ်ားက အတူပိုင်ဆိုင်တာပေါ့။

အော်စကာ - ဒါဆို လင်မယားနှစ်ဦး ပိုင်တဲ့ ပစ္စည်းကို လင်ကဖြစ်စေ၊ မယားကဖြစ်စေ၊ ခင်ပွန်းသည်ရဲ့ သဘောတူညီချက် မရှိဘဲ မေတ္တာဖြင့်ပေးလျှင် ပေးလို့ရတယ် မဟုတ်လား။

ဘကြီးဖြိုး - ခင်ပွန်းသည်ရဲ့ သဘောတူညီချက်မရှိဘဲ မေတ္တာနဲ့ပေးရင် ထိုပေးတဲ့ ပစ္စည်းမှာ ပေးသူရဲ့ အကျိုး ခံစားခွင့် ရှိတဲ့ အစုအတွက်သာ အတည် ဖြစ်တယ်။ သဘောတူညီချက် မပေးတဲ့ ခင်ပွန်းသည်ရဲ့ အကျိုးခံစားခွင့်ကို ထိခိုက်ခြင်း မရှိဘူး။

အော်စကာ - သိပ်မရှင်းဘူး ဘကြီးဖြိုး။

ဘကြီးဖြိုး - ဥပမာအားဖြင့် အိမ်နဲ့မြေပေါ့ကွယ်၊ အိမ်နဲ့မြေကို လင်မယားနှစ်ဦးလုံးရဲ့ အမည်နဲ့ ထားရင်ပဲ ဖြစ်ဖြစ်၊ လင်တစ်ဦးတည်းရဲက နာမည်နဲ့ ထားရင်ပဲ ဖြစ်ဖြစ်၊ မယားတစ်ဦးတည်းရဲ့ နာမည်နဲ့ ထားရင်ပဲ ဖြစ်ဖြစ်၊ လင်မယားနှစ်ဦး အတူပိုင်တာပေါ့။ အဲဒါကို လင်ကဖြစ်စေ၊ မယားက ဖြစ်စေ၊ ခင်ပွန်းသည်ရဲ့ သဘောတူညီချက် မရှိဘဲ ပေးရင် ပေးတဲ့လူက တစ်ဝက်ပဲ ပိုင်တဲ့အတွက် အပေးခံရတဲ့ လူကလည်း တစ်ဝက်ပဲ ရမယ်လို့ ဆိုလိုတာပေါ့။

အော်စကာ - လင်မယားနှစ်ဦးပိုင် ပစ္စည်းတစ်ခုလုံးကို လင် (သို့မဟုတ်) မယားက ပေးတဲ့နေရာမှာ ကျန်တဲ့ ဇနီး၊ ခင်ပွန်းကလည်း သဘောတူတယ် ဆိုရင်ရော။

ဘကြီးဖြိုး - လင် (သို့မဟုတ်) မယားက ပေးရာမှာ ကျန်တဲ့ ဇနီး၊ ခင်ပွန်းကလည်း သဘောတူတယ် ဆိုရင်တော့ အဲဒီ ကျန်တဲ့ တစ်ဦး အကျိုးခံစားခွင့်ရှိတဲ့ အစုအတွက်လည်း အတည်ဖြစ်တာပေါ့။

အော်စကာ - ဒါဆိုရင် လင်မယား နှစ်ဦးအနက် တစ်ဦးဦးသည် လင်မယား နှစ်ဦးပိုင် ပစ္စည်းမှ သူ့ရဲ့ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးနိုင်တယ်။ ဒါ့အပြင် ခင်ပွန်း ဖြစ်သူရဲ့ အတိအလင်း (သို့မဟုတ်) သဘောသက်ရောက်မည့် သဘောတူညီချက် ရရှိရင် ထိုသူရဲ့ အကျိုးခံစားခွင့်ကိုလည်း လွှဲပြောင်း ပေးနိုင်တယ်လို့ ဆိုလိုတာပေါ့နော်။

ဘကြီးဖြိုး - မှန်တာပေါ့။ လင်မယား နှစ်ဦးအနက် တစ်ဦးဦးသည် လင်မယား နှစ်ဦးပိုင် ပစ္စည်းမှ ၎င်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်း ပေးနိုင်ပါတယ်။

အော်စကာ - လင်မယားနှစ်ဦးက အိမ်ခန်း (၃)ခန်းပါတဲ့ အိမ်နဲ့ မြေကို ပိုင်တယ်။ အဲဒါ မယားနာမည်နဲ့ ထားတယ်။ လင်ဖြစ်သူက အိမ်ခန်းတစ်ခန်းနဲ့ မြေကို သမီးဖြစ်သူကို ပေးတယ်။ အဲဒါ အမေဖြစ်သူက မကျေနပ်ဘူး။ အဲဒါ ဘယ်လိုဖြစ်မလဲ။

ဘကြီးဖြိုး - အိမ်ခန်း (၃)ခန်းပါတဲ့ အိမ်နဲ့ပ မြေကို မယားနာမည်နဲ့ ထားပေမယ့် လင်မယားနှစ်ဦးပိုင်တယ် ဆိုတာ မှန်တယ်။ သူတို့ လင်မယားက ကွာရှင်းသွားပြီလား။

အော်စကာ - လင်မယားက မကွာရှင်း သေးပါဘူး။ တရားဝင် လင်မယားအဖြစ်ပဲ ရှိနေသေးတယ်။

ဘကြီးဖြိုး - မြန်မာဓလေ့ထုံးတမ်း ဥပဒေအရဆိုရင် လင်မယား ကွာရှင်း ပြီးသည့်နောက်မှာ ပစ္စည်းခွဲဝေရန် အကြောင်းပေါ်ပေါက်တယ်၊ သူတို့က တရားဝင် ကွာရှင်းပြတ်စဲခြင်း မရှိသေးတဲ့ တရားဝင် လင်မယားဖြစ်တဲ့အတွက် လင်မယားနှစ်ဦးပိုင် ပစ္စည်းတွေအနက် မိမိတို့၏ ပစ္စည်းဝေစုကို သီးခြားခွဲဝေထားမှု မရှိသေးဘူးလေ။

အော်စကာ - သီးခြားခွဲဝေထားမှု မရှိသေးပေမယ့် တစ်ဝက်ကို လင်ယောကျ်ားက ပိုင်တယ်ဆိုတော့ သူပိုင်တဲ့ တစ်ဝက်ထဲက တစ်ခန်းကို ပေးတာ ပေးလို့မရဘူးလား။

ဘကြီးဖြိုး - မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ လင်မယားအဖြစ် တည်နေသရွေ့ကာလပတ်လုံး လင်က ဖြစ်စေ၊ မယားကဖြစ်စေ၊ လင်မယားပိုင် ပစ္စည်းများကို ခွဲဝေပေးစေရန် တရားစွဲခွင့် မရှိဘူး။ ဒါကြောင့် ဖခင်ဖြစ်သူက မိမိတစ်ဦးတည်းရဲ့ သဘောနဲ့ လင်မယားနှစ်ဦးပိုင် ပစ္စည်းကို ခွဲဝေ ပေးကမ်းနိုင်ခွင့်လည်း မရှိဘူးလေ။

အော်စကာ - လင်မယားနှစ်ဦးပိုင် ပစ္စည်းထဲက တစ်စိတ်တစ်ပိုင်းကို ပေးကမ်းတာဟာ လင်မယားနှစ်ဦးပိုင် ပစ္စည်းကို ခွဲဝေပြီး ပေးကမ်းရာ ရောက်တာပေါ့နော်။

ဘကြီးဖြိုး - မှန်တာပေါ့၊ လင်မယားလည်း ကွာရှင်းခြင်း မပြုရသေးမီ ပစ္စည်းကို ခွဲဝေ ပေးကမ်းသည့်တိုင်အောင် ခွဲဝေပေးကမ်းတဲ့ ပစ္စည်းမှာ လင်မယား နှစ်ဦးရဲ့ အကျိုးသက်ဆိုင်ခွင့်ဟာ ခွဲခြား မရအောင် တည်ရှိနေတဲ့အတွက် အဲဒီပစ္စည်း ခွဲဝေမှုဟာ အပြည့်အဝ အကျိုးသက်ရောက်မှု ရှိနိုင်မှာ မဟုတ်ဘူး။

အော်စကာ - ဒီလိုဆို အဖေလုပ်တဲ့လူက အမေဖြစ်သူ သဘောမတူဘဲ သမီးကို ပစ္စည်း ခွဲပေးလို့ မရဘူးပေါ့။

ဘကြီးဖြိုး - မှန်တယ်။ ဖခင်ဖြစ်သူက သူရထိုက်တဲ့ ဝေစုတစ်ဝက်ထဲက ပေးတယ်လို့ ဆိုပေးမယ့် အိမ်နဲ့ မြေက မခွဲဝေ ရသေးဘူးလေ၊ မခွဲရသေးတဲ့ ပစ္စည်းဖြစ်တဲ့အတွက် ဇနီးမယားဖြစ်သူ သဘောမတူဘဲ လင်မယားနှစ်ဦးပိုင် ပစ္စည်းထဲက တစ်စိတ်တစ်ပိုင်းကို ခွဲဝေ ပေးလို့ မရဘူး။

အော်စကာ - လင်မယား ကွာရှင်းခြင်း မပြုရသေးရင် လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ခွဲခြမ်းလို့ မရဘူးပေါ့။

ဘကြီးဖြိုး - မှန်တာပေါ့။

အော်စကာ - ဖခင်ဖြစ်သူက အဲဒီအိမ်နဲ့ မြေတစ်ဝက်ကို သမီးဖြစ်သူကို မှတ်ပုံတင် စာချုပ်နဲ့ပေးပြီး ဖြစ်နေရင် ဘယ်လို လုပ်မလဲ။

ဘကြီးဖြိုး - မိခင်ဖြစ်သူက ဖခင်ဖြစ်သူနဲ့ သမီးအပေါ် မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခြင်း စာချုပ်ကို ဖျက်သိမ်း ပေးစေလိုမှု စွဲရမယ်ပေါ့။

အော်စကာ - တရားမကြီးမှု စွဲရမှာ ပေါ့နော်။

ဘကြီးဖြိုး - မှန်တာပေါ့။

အော်စကာ - ဘယ်လို ဖြစ်လာနိုင်မလဲ ဘကြီးဖြိုး။

ဘကြီးဖြိုး - လင်မယားကွာရှင်းခြင်း မပြုရသေးမီ လင်မယားနှစ်ဦးပိုင် ပစ္စည်းကို ခွဲခြမ်းမရနိုင်တဲ့အတွက် အဖေက သမီးကို ပေးလိုက်တဲ့ ပစ္စည်းမှာ အမေရဲ့ အကျိုးခံစားခွင့်လည်း ပူးတွဲ တည်ရှိနေတဲ့အတွက် အဲဒီ အပေး စာချုပ်ကို မပယ်ဖျက်ဘဲထားရင် အမေရဲ့ အကျိုးခံစားခွင့်ကို ထိခိုက်နစ်နာစေမှာ ဖြစ်တယ်။

အော်စကာ - မှတ်ပုံတင်ထားတဲ့ စာချုပ်ကို ဖျက်လို့ရလား ဘကြီးဖြိုး။

ဘကြီးဖြိုး - ဥပဒေနဲ့ မညီရင် မေတ္တာနဲ့ အပြီးအပိုင် ပေးကမ်းတဲ့ စာချုပ်ကို မှတ်ပုံတင်ပြီးပေမယ့် တရားရုံးက ပယ်ဖျက်စေရန် အမိန့်ချမှတ်နိုင်တယ်။

အော်စကာ - မိဘနဲ့ သားသမီး ပေးချင်တိုင်းလည်း ပေးလို့ မရပါလားနော်။

ဘကြီးဖြိုး - ဥပဒေအတိုင်းပေါ့ အော်စကာရေ။

Myanmar SoftCom Technology

Professional Mobile Training Center

Mobile Phone ဆိုင်ဖွင့်မည့်သူ များ နှင့် Phone service ပိုင်းကို ကျွမ်းကျင်ပိုင်နိုင်စွာသိရှိလိုသူများအတွက် Mobile အထူးပြုသင်တန်းကို ->25.3.12 ၊ 1.4.13 ၊ 25.4.13(Mon-Fri) အထူးအစီအစဉ်အနေ နဲ့ Mobile Software Technician နှင့် Mobile Hardware Technician Course နှစ်ခုပေါင်း 250000 ကျပ်ဖြင့်သင်ကြားပေးနေပါပြီ။

**Software Course**

**iOS**=>Crack game and App installation/Backup and Restore/Jailbreak/Firmware upgrade & downgrade/Network unlock/iTunes Error/baseband upgrade/deb

**Android**=>System backup and restore/Root for all Devices/S-ON/S-OFF/Bootloader Unlock/Upgrade/Downgrade/Custom Rom/Myanmar font/Network Unloc

**Symbian**=>App Installation/Hacking Techniques/Unlocking(SL1SL2SL3) /Installing Myanmar Font

**Other Course**=>Windows Phone/Blackberry Phone/China Phone/CDMA 450/800(Firmware back/restore) /Dead boot Repairing for Android

**Hardware Course**

=>Basic Electronic/Error checking &^ Detect/iPhone hardware replacing/Symbian phones hardware replace/Android phone Replacing/Windows phone

=>Phone Tools Box(SE Tool 3/SELG Fusion/Best Key/XTC Clip/Spider Man/Valcano/ATF/HWK/Riff/JTag Pro/Octopus/Z3X

**Building 6, Room 65, Floor 6, Hlaing Yadanar Housing, Hlaing Township, Yangon, Myanmar.** Ph: 09-43177692,9-5401040

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

# ပညာသင်ဆု ဘယ်လို လျှောက်ထားခွင့် ရနိုင်တယ်ဆိုတာ ကျောင်းသူ/သား တွေ လေ့လာသွားနိုင်မည့် STUDY ABROAD SEE ပညာရေး ပြပွဲကြီး




စင်ကာပူနိုင်ငံ ပညာရေးကို စိတ်ပါဝင်စားသူ ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာသင်ဆု အမျိုးအစားများစွာကို လေ့လာပြီး လျှောက်ထားခွင့် ရရှိနိုင်မည့် Singapore Education Exhibition (SEE) ပညာရေး ပြပွဲကြီးကို STUDY ABROADက ကြီးမှူး စီစဉ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ကျင်းပ ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ရန်ကုန်မြို့တွင် March 30 (စနေနေ့) စိမ်းလန်းစိုပြည်နှင့် မန္တလေးမြို့တွင် March 31 (တနင်္ဂနွေနေ့) ဟိုတယ် မန္တလေးတို့တွင် နေ့လည် (၂း၀၀)မှ (၆း၀၀)အထိ ကျင်းပ ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ STUDY ABROAD၏ SEE ပညာရေးပြပွဲကြီးတွင် စင်ကာပူနိုင်ငံမှ အထင်ကရကျောင်း (၇)ကျောင်းတို့မှ ပါဝင်သွားမည်ဖြစ်ပြီး အဆိုပါ ကျောင်းတို့၏ ပညာသင်ဆု အခွင့်အရေးများကိုလည်း ပွဲနေ့သို့ လာရောက်သူများအနေနှင့် ရယူနိုင်မည် ဖြစ်ပါသည်။ ပညာသင်ဆုများအဖြစ် ရာနှုန်းပြည့် ပညာသင်ဆုကို ရယူနိုင်မည့် အခွင့်အလမ်းများအပြင် မိမိတို့နှင့် လိုက်လျောညီထွေမှု ရှိနိုင်မည့် ပညာသင်ဆုများပါ ရွေးချယ်နိုင်ခွင့်များ ရရှိမည် ဖြစ်ပါသည်။ ရာနှုန်းပြည့် ပညာသင်ဆု ရရှိသူများအနေနှင့် စာအုပ်၊ စာတမ်းကြေး ကင်းလွတ်ခွင့်ကိုပါ ရရှိနိုင်မည် ဖြစ်ပါသည်။ ရာနှုန်းပြည့် ပညာသင်ဆုရရှိသူများ အနေနှင့် စာအုပ်၊ စာတမ်းကြေး ကင်းလွတ်ခွင့်ကိုပါ ရရှိနိုင်မည် ဖြစ်ပါသည်။ အင်ဂျင်နီယာ ဘာသာရပ်ကို စိတ်ပါဝင်စားသူများအတွက်လည်း စင်ကာပူ ဒေါ်လာ (16,000) ရရှိနိုင်မည့် ပညာသင်ဆုများလည်း ပါဝင်သွားမည်ဖြစ်ပါသည်။ ဇန်နဝါရီလ (၂၀၁၄)ခုနှစ်အထိ လျှောက်ထားခွင့် ရှိနိုင်မည့် မေဂျာ ဘာသာရပ် အမျိုးအစားပေါင်း များစွာအတွက် ပညာသင်ဆု (၇၀)တို့အပြင် July Intake အမှီ လျှောက်ထားနိုင်မည့် Merit Scholarshipနှင့် အသစ် ထပ်မံ ဖွင့်လှစ်သင်ကြားသော ဘာသာရပ်အသစ်ကို လျှောက်ထားသည့် ကျောင်းသူ၊ ကျောင်းသားတိုင်း ရရှိနိုင်မည့် Inaugural Scholarshipတို့ကိုလည်း လျှောက်ထားနိုင်မည် ဖြစ်ပါသည်။ Diplomaတန်း (၈)လ တက်ရောက်ပြီး Bachelor (16) လတွင် လျှောက်ထားနိုင်မည့် Top (3) ပညာသင်ဆုတို့အပြင် (၄၀%) ပညာသင်ဆုအတွက် သိကောင်းစရာများကိုလည်း လေ့လာ ဆွေးနွေးသွားနိုင်မည် ဖြစ်ပါသည်။ SEE ပညာရေး ပြပွဲကြီးကို တက်ရောက်မည့် သူများအတွက် မိမိတို့ ဘဝအတွက် မှန်ကန် နိုင်မာသည့် ပညာရေးလမ်းကြောင်းများကို ရွေးချယ်ခွင့် ရရှိနိုင်မည့် အပြင် မိမိတို့နှင့် ကိုက်ညီသည့် ပညာသင်ဆု များကိုလည်း တစ်ခါတည်း လျှောက်ထားနိုင်မည် ဖြစ်ပါသည်။ ပွဲနေ့တွင် ကျောင်းလျှောက်မည့် ကျောင်းသူ၊ ကျောင်းသားများအတွက် Application Fees ကင်းလွတ်ခွင့် iPadနှင့် အခြား မေတ္တာလက်ဆောင် များစွာကိုလည်း သက်ဆိုင်ရာ ကျောင်းအလိုက် ရယူသွားနိုင်ပြီး STUDY ABROAD၏ သီးခြား မေတ္တာလက်ဆောင်အဖြစ် Air Ticketနှင့် စင်ကာပူ ဒေါ်လာ (၂၀၀) တန်ဖိုးရှိ Welcome Pack တို့ကိုလည်း ရယူနိုင်မည် ဖြစ်ပါသည်။ ပွဲသို့ တက်ရောက်လိုသူများအနေနှင့် အသေးစိတ် စုံစမ်း သိရှိလိုသည်များ ရှိပါကလည်း STUDY ABRAOD Information Centre တိုက်(အေ)၊ (၁၁လွှာ)၊ အခန်းအမှတ် (၁၁၀၃)၊ ပြည်လမ်း (မေတ္တာဦး ဆေးခန်းအနီး) ကမာရွတ်မြို့နယ်။ ဖုန်း - ၀၉-၅၁၅-၁၀၀၈၊ ၀၉-၇၃၂-၄၂၄-၀၄သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပြီ ဖြစ်ပါသည်။

# Queen's University Belfastမှ ကျောင်းတာဝန်ခံ Regent ရုံးခန်းတွင် Scholarshipများနှင့် ပတ်သက်၍ လာရောက် ဆွေးနွေးပေးမည်




Queen's University Belfast (QUB)သည် UKနိုင်ငံ၏ ထိပ်တန်းဝင် တက္ကသိုလ်တစ်ခု ဖြစ်ပြီး၊ သုတေသန အမြင့်ဆုံး တက္ကသိုလ်ပေါင်း (၂၀)ဖြင့် ဖွဲ့စည်းထားသည့် Russell Groupတွင် ပါဝင်သည့် ကမ္ဘာ့အထင်ကရ တက္ကသိုလ်ကြီး ဖြစ်သည်။ Ninth Oldest University in the UKဖြစ်သော Queen's University Belfastကို သက္ကရာဇ် (၁၈၄၅ ခုနှစ်) တွင် ဗိတိန်ဘုရင်မကြီး ကိုယ်တိုင် တည်ထောင်ခဲ့ပါသည်။ Queen's University Belfastသည် ၂၀၁၃ခုနှစ် Complete University Guideအရ UK တက္ကသိုလ်များ Rankingတွင် အဆင့် (၂၅)တွင်ရှိ၍ QS World University Rankingsအရ ကမ္ဘာ့ ထိပ်တန်း တက္ကသိုလ်များ (၂၀၀)တွင် ရှိပါသည်။ Belfast မြို့သည် United Nationsမှ Second Safest City in the Worldအဖြစ် အသိအမှတ်ပြုခြင်း ခံထားရသည့်အပြင် British Crime Survey 2011အရ UK နိုင်ငံတွင် Safest Region in the UK ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ပြင်မက UKတွင် နေထိုင် စားသောက်စရိတ်အတွက် အကုန်အကျ အနည်းဆုံး မြို့အဖြစ် British Councilနှင့် Mercer.com2012မှ အသိအမှတ် ပြုထားသောမြို့ ဖြစ်ပါသည်။Queen's University Belfastတွင် Agri-Food and Land Use, Art, Humanities and Social Sciences, Engineering, Architecture and Planning, Computer Science, Law, Management, Medicine and Dentistry, Biomedical Science, Science, Theology စသည့် ပညာရပ်များနှင့် ဆက်နွယ်သည့် ဘာသာရပ်ပေါင်းများစွာကို သင်ကြားပေးလျက်ရှိသည်။ ၎င်းတက္ကသိုလ်မှ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလတွင် တက်ရောက်မည့် နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာသင်ဆုများရှိကြောင်း သိရှိရသည်။ ၎င်းပညာသင်ဆုများနှင့် ပတ်သက်၍ Queen's University Belfastမှ ကျောင်းတာဝန်ခံသည် ၂၀၁၃ခုနှစ်၊ မတ်လ၊ ၂၆ရက်နေ့တွင် Regent Consultancy Services Co.,Ltd.တည်ရှိရာ နာနတ်တောလမ်းရှိ Regent ရုံးခန်းတွင် အသေးစိတ် လာရောက် ဆွေးနွေးပေးမည် ဖြစ်သောကြောင့် ဆွေးနွေးလိုသူများ Queen's University Belfast (QUB)၏ မြန်မာနိုင်ငံ တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သော Regent Consultancy Services, အမှတ် ဘီ (၁၃+၂၃)၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ယာ၊ နာနတ်တောလမ်း (ရွှေကောင်းဟော့ပေါ့အရှေ့)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၀၁-၅၀၀-၀၅၄၊ ၀၉-၅၀၁-၉၈၇-၀၊ ၀၉-၇၃၂-၀၅၃-၃၃)သို့ ဆက်သွယ်၍ ကြိုတင် စာရင်း ပေးသွင်းရမည် ဖြစ်သည်။

# နွေရာသီ ကျောင်းပိတ်ရက် Network Engineering တန်းခွဲ ဖွင့်လှစ်

နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသူ၊ ကျောင်းသားများအတွက် Networkingပိုင်းကို စိတ်ဝင်စားသော သူများအတွက် ရုံးပိတ်ရက် ဖြစ်သည့် စနေနေ့ တန်းခွဲဖြစ် Network Engineering တန်းခွဲသစ်အား လာမည့် 23.3.2013 စနေနေ့တွင် မနက် (8:00 to 12:00)တွင် ဖွင့်လှစ်မည် ဖြစ်ပါသည်။ ၎င်းသင်တန်းတွင် Internet ဆိုင်ဖွင့်လှစ်မည့်သူများ Network Adiminstrator အဖြစ် ရပ်တည်မည့်သူများ ပြည်ပသို့ သွားရောက် လုပ်ကိုင်မည့်သူများ CompTIA N+ ဝင်ရောက် ဖြေဆိုမည့် သူများအတွက် တက်ရောက်သင့်သော သင်တန်း အမျိုးအစား ဖြစ်ပါတယ်။ သင်တန်း ကာလကတော့ သုံးလ ကြာမြင့်မှာ ဖြစ်ပြီး Theoryရော၊ Practical အပါအဝင် တစ်ခါတည်း တွဲပြီး သင်ကြား ပြသပေးမှာ ဖြစ်ပါတယ်။ ၎င်းဘာသာရပ်တွင် ပါဝင်မည့် သင်ခန်းစာ များမှာတော့ Workgroup Installation (Peer to Peer) Network ချိတ်ဆက်နည်း အခြေခံမှ စတင်ပြီး UTP Cable Installation, Fiber Optic Cable Theory, Structure Cabling Systemများနှင့် Ad hoc Mode Network (IBSS), Access Point Installation (BSS Mode), Wireless Router Configuration (BSS,ESS)များ၊ Long Range Wi-Fi (Using for Sector, AirGrid, Air Max, Rocket, Omni)များ အသုံးပြု သင်ကြားပေးမှာ ဖြစ်ပါတယ်။ Security လုံခြုံမှုအတွက် CCTV Theory, IP Camera Configurationများကိုလည်း ထည့်သွင်း သင်ကြား ပြသပေးမှာ ဖြစ်ပါတယ်။ Server ပိုင်းမှာတော့ Server 2003-2008 နှစ်မျိုးစလုံးနှင့် သင်ကြားပေးမှာ ဖြစ်ပါတယ်။ ပါဝင်သော Serverများမှာတော့ Network ချိတ်ဆက်ရာတွင် အရေးကြီးသော Client Computerများကို IP Automatically သတ်မှတ်ပေးသော DHCP Server Detail, ISPများတွင် အသုံးပြုသော DNS Server များအကြောင်း ISPများတွင် အသုံးပြုသော Gateway Server Configuration (Internetwork), Internet ဆိုင်ဖွင့်လှစ်မည့် သူများအတွက် Internet Connection Sharing ပြုလုပ်နိုင်သော Squid Proxy (Cache Server), ICS,NATများ LAN,WANများတွင် အသုံးပြုများသော File Transfer Protocol (FTP)များအကြောင်း၊ Local Networkများတွင် ဖြစ်စေ၊ WAN ဘက်တွင် ဖြစ်စေ၊ အသုံးပြုသော E-Mail Serverများ အကြောင်းနှင့် WANတွင် အသုံး ပြုလျက်ရှိသော Web Siteများကို DNS Serverများနှင့် Mapping တွဲပြီး သင်ကြားသော Web Serverနှင့် WANပေါ်တွင် Local Network ပုံစံမျိုးနှင့် ချိတ်ဆက် အသုံးပြုချင်သူများ၊ အရေးကြီးသော Dataများကို WAN Connectionကို အသုံးပြုပြီး Point to Point ပေးပို့ချင်သူများအတွက် Security ပိုင်းတွင် စိတ်ချရသော VPN (Virtual Private Network) Serverများအပြင် Local Networkများတွင် Hostများစွာ ချိတ်ဆက် အသုံးပြုပြီး Computer အသုံးပြုသော Staffများအား စနစ်တစ်ကျ ထိန်းချုပ်မှု အားကောင်းသော Centralize Management ပြုလုပ်ပေးမည့် Active Directory (Domain Controller)များအား အသေးစိတ် သင်ကြားပေးခြင်း၊ Local Networkများတွင် Usersများအတွက် အရေးကြီးသော Dataများအား စနစ်တစ်ကျ File Sharing ပြုလုပ်နိုင်ရန် Usersများ အရေးကြီးသော Dataများ စနစ်တကျ မှတ်တမ်းနှင့် သိမ်းဆည်းပေးထားနိုင်သော (DFS/FRS) Serverများ ထိုင်ပုံ အသေးစိတ် ရှင်းလင်း ပေးမည့်အပြင် မိမိလုပ်ငန်းမှာ အရေးကြီးသော Dataများကို စနစ်တကျ မပျောက်ပျက်အောင် ထိန်းသိမ်းချင်သူများအတွက် RAID Systemများ ပြုလုပ်ပုံများကို တကယ့် Branded Serverများဖြစ်သည့် (IBM,DELL,HP) Serverများ ဖြစ်ပြီး SCSI Hard Disk Driveများစွာဖြင့် လက်တွေ့ သင်ကြားပေးမှာ ဖြစ်ပါတယ်။ ဒီတော့ သင့်ဘဝအတွက် တကယ့်ကို လိုအပ်ချက်၊ လိုအပ်မှု ရှိတယ်ဆိုရင်တော့ YOUTH Computer Training Centerသို့ အမြန် လာရောက်ပြီး လေ့လာ သင်ယူဖို့ ဖိတ်ခေါ်အပ်ပါတယ်။ ကျယ်ဝန်းသော စာသင်ခန်းများ၊ လေအေးပေးစက်များ၊ Projectorများဖြင့် သင်ကြားပေးတာ ဖြစ်လို့ သင့်အတွက် သက်သောင့်သက်သာဖြင့် သင်ထောက်ကူ ပစ္စည်းစုံလင်စွာဖြင့် သင်ကြားပေးတာ ဖြစ်ပါတယ်။ သင်တန်းအား အသေးစိတ် မေးမြန်း စုံစမ်းလိုလျှင်တော့ YOUTH Computer Training Center ပန်းဆိုးတန်း အလယ်ဘလောက် Pansodan Office Tower (6)လွှာ Fuji Shopping Center အပေါ်တွင် လာရောက် စုံစမ်းနိုင်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်ကတော့ 01-254-893, 09-500-3596သို့ အသေးစိတ် မေးမြန်း စုံစမ်းနိုင်ပါတယ်။

# Bagan Innovation Technologyမှ Website ရေးသားနည်းနှင့် Mobile Application Development များကို မတ်လတွင် သင်တန်းသစ် ဖွင့်လှစ်မည်


Image Credit: www.traffiko.com

Bagan Innovation Technologyမှ Website ရေးသားနည်းနှင့် Mobile Application Development သင်တန်းများကို မတ်လတွင် သင်တန်းသစ် ဖွင့်လှစ်မည်ဟုသိရသည်။ မိဘပြည်သူများအတွက် အသုံးဝင်သော Mobile Applicationများနှင့် Websiteများကို ရေးသားလျက်ရှိသော Bagan Innovation Technologyမှ Website ရေးသားနည်းနှင့် Mobile Application Development သင်တန်းများကို ဖွင့်လှစ်တော့မည်ဟုသိရသည်။ သင်တန်းအားလုံးကို လက်ရှိ BiTမှ Developerများ ကိုယ်တိုင် သင်ကြားပေးမည် ဖြစ်ပြီး BiTမှ လက်တွေ့ Projectများကို လေ့လာရင်း သင်ကြားနိုင်မည် ဖြစ်သောကြောင့် သင်တန်းသစ်များကို မတ်လထဲတွင် စတင်မည် ဖြစ်ပြီး လူဦးရေ ကန့်သတ်ထားပါ၍ အမြန် စာရင်းပေးသွင်းနိုင်ပါကြောင်း သင်တန်း ပြီးဆုံးပါက ထူးချွန်သင်တန်းသားများ အနေဖြင့် BiTတွင် Developerများအဖြစ် ဝင်ရောက် လုပ်ကိုင်နိုင်မည် ဖြစ်ပြီ သင်ကြားပေးမည့် သင်တန်းများမှာ-

1. Android Mobile Application Development (Fundamental & Advanced)

- Android Application တစ်ခုအား ကိုယ်တိုင် ရေးနိုင်သည်အထိ သင်ကြားပေးခြင်း
- လက်တွေ့ အသုံးချနိုင်သော Project Sampleများဖြင့် သင်ကြားပေးခြင်း
- Programming အခြေခံ ရှိရန် သင်ကြားပေးခြင်း

2. iOS Mobile Application Development (Fundamental & Advanced)

- iOS Application တစ်ခုအား ကိုယ်တိုင် ရေးနိုင်သည်အထိ သင်ကြားပေးခြင်း
- လက်တွေ့ အသုံးချနိုင်သော Project Sampleများဖြင့် သင်ကြားပေးခြင်း
- Programming အခြေခံရှိရန် လိုအပ်သည်။

3. Drupal For Developers

- Content Management Systemတွင် Professional Web Developerများ အသုံးပြုမှု အများဆုံး ဖြစ်သော Drupal CMSကို အခြေခံမှစ၍ စနစ်တကျ အသေးစိတ် သင်ကြားမည် ဖြစ်ကြောင်းသိရသည်။
- Sample Projectsများဖြင့် သင်ကြားမည် ဖြစ်သဖြင့် သင်တန်းပြီးဆုံးပါက Drupal Web Developer တစ်ယောက်အဖြစ် ရပ်တည်နိုင်မည် ဟုသိရသည်။

Programming Knowledge ရှိရုံဖြင့် တင်ရောက် သင်ကြားနိုင်ပါသည်။

4. Drupal for Experts (Advanced)

- Drupal CMS၏ Infrastructureနှင့် Codingပိုင်းကို ဦးစားပေး သင်ကြားမည် ဖြစ်သည်။
- Drupal Module ရေးသားနည်း၊ Drupal Web Service APIs ရေးသားနည်း စသည့် Advance Drupal Featureများကို ထည့်သွင်း သင်ကြားမည်။
- Drupal Fundamental နားလည်ထားသူများနှင့် လုပ်ငန်းခွင် ဝင်နေသော Drupal Developerများအတွက် မွမ်းမံ သင်တန်း ဖြစ်သည်။

5. PHP Fundamentals

- Web Developmentအတွက် မရှိမဖြစ် လိုအပ်သော PHP Featuresများ
- HTML, CSS, jQuery စသည့် Scriptများ
- Object Oriented Programming in PHP
- CodeIgniter Frameworkကို အသုံးပြု၍ PHP Web Applications တည်ဆောက်နည်းများကို သင်ကြားပေးမည်ဟု သိရသည်။

6. Linux Sever Administration and Open Source Application Development

- Linux Server OS installation (Ubuntu, Fedora, ....)
- Web Server, FTP Server, Database Server, NFS Server, Proxy Server Setup ပြုလုပ်နည်းများ
- Network Management System on Linux Server
- Open Source CMS, CRM, ERP, Application Setup and Development ပြုလုပ်နည်းများ
- Remote Server Administration ပြုလုပ်နည်းများ၊ လူဦးရေ ကန့်သတ်ထားပါသဖြင့် အမြန် စာရင်း ပေးသွင်းနိုင်ပြီး အသေးစိတ် သိရှိလိုပါက 01-230-4121, 09-501-4607, 09-730-760-41တို့သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

# Green River Community Collegeမှတစ်ဆင့် အမေရိကန် ထိပ်တန်း တက္ကသိုလ်များ၏ ဒီဂရီတန်းသို့ တိုက်ရိုက် တက်ရောက်နိုင်ပြီ


Image Credit: mylifeatgreenriver.wordpress.com

မြန်မာနိုင်ငံမှ အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူတွေ၊ IGCSE အောင်မြင်ပြီးသူတွေအတွက် အမေရိကန် အစိုးရ အသိအမှတ်ပြု Community College တစ်ခုဖြစ်တဲ့ Green River Community College (GRCC) အကြောင်း ဖော်ပြပေးလိုက်ပါတယ်။ Washington ပြည်နယ် Auburnမှာ တည်ရှိတဲ့ GRCCကို (၁၉၆၅)ခုနှစ်ကို စတင် တည်ထောင် ဖွင့်လှစ်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူတွေဟာ "2+2 University Transfer" Programအရ တက္ကသိုလ် ပထမနှစ်နှင့် ဒုတိယနှစ်တွေနဲ့ ညီမျှတဲ့ GRCCရဲ့ Associate Degree တန်းများကို ၂နှစ်ကြာ တက်ရောက်ပြီးပါက၊ ဘွဲ့ဒီဂရီတန်းအတွက် (၂)နှစ်ကို အမေရိကန် တစ်နိုင်ငံလုံးရှိ ထိပ်တန်း တက္ကသိုလ်ကြီးများသို့ လျှောက်ထား တက်ရောက်နိုင်ပြီဟု သိရသည်။ GRCCမှာ တက်ရောက်နိုင်မယ့် ဘာသာရပ်တွေက စီးပွားရေး ဘာသာရပ်များ၊ အင်ဂျင်နီယာ ဘာသာရပ်များ၊ အိုင်တီ ဘာသာရပ်များ၊ ဒီဇိုင်း ဘာသာရပ်များ၊ လူထုဆက်ဆံရေး ဘာသာရပ်များ၊ လေကြောင်း သိပ္ပံဘာသာရပ်များအပြင် အခြားသော ပညာရေးနှင့် နည်းပညာဆိုင်ရာ ဘာသာရပ် အမျိုးမျိုးတို့ကို ရွေးချယ် တက်ရောက်နိုင်ကြောင်း သိရပါသည်။

GRCCမှာ တက်ရောက်လျက်ရှိတဲ့ ကျောင်းသားဦးရေ (၁၀၀၀၀)ကျော် ရှိပြီး၊ အဲဒီ အထဲက (၁၅၀၀)ကျော်ဟာ နိုင်ငံတကာမှ ကျောင်းသားတွေ ဖြစ်ပြီး ကျောင်းသားများအတွက် အထူးကောင်းမွန်သော အချက်မှာ ကျောင်းဝင်းအတွင်း နေထိုင်နိုင်မည့် အဆောင်ရှိခြင်းကြောင့် လုံခြုံ စိတ်ချစွာ ပညာသင်ကြားနိုင်ကြမှာ ဖြစ်ပြီး၊ တစ်နှစ်လုံးအတွက် နေထိုင် စားသောက် စားစရိတ်နှင့် ပညာသင်ကြားရေး စားစရိတ် စုစုပေါင်း၊ အမေရိကန် ဒေါ်လာ (၁၈,၀၀၀) ဝန်းကျင်သာ ကုန်ကျမှာ ဖြစ်ကြောင်း သိရပါသည်။

လုံခြုံ နွေးထွေးမှုရှိပြီး အရည်အသွေးမြင့် ပညာရပ်များ ပို့ချမှုကြောင့် နာမည်ကျော်တဲ့ GRCCမှာ တက်ရောက်ကြမယ့် ကျောင်းသား၊ ကျောင်းသူတွေဟာ ဈေးသက်သာခြင်း၊ စာသင်ခန်း အသေးစား ပုံစံကြောင့် ဆရာနှင့် တစ်ဦးချင်း ဆွေးနွေးနိုင်ခြင်း၊ တစ်ဦးချင်းစီအတွက် ကိုယ်ရေးကိုယ်တာ အကြံပြု ချက်များ ရရှိနိုင်ခြင်း၊ ကျောင်းတွင်းမှာပင် အင်တာနက် ချိတ်ဆက် အသုံးပြုနိုင်ခြင်း၊ ကျောင်းသင်ခန်းစာအတွက် လိုအပ်သော စာအုပ်စာတမ်း အရောင်းဆိုင်နှင့် စားသောက်ဆိုင်တန်းများ ကျောင်းဝင်းမှာပင် ထားရှိပေးခြင်း၊ အားကစားနှင့် ကိုယ်ကာယ လေ့ကျင့်ရေး ခန်းမများ ထားရှိပေးခြင်း၊ အနုပညာ ဘာသာရပ်တွေအတွက် Performing Arts Centre၊ ဝိဇ္ဇာ၊ သိပ္ပံနှင့် နည်းပညာ ဘာသာရပ်တွေအတွက် ပြီးပြည့်စုံသော လက်တွေ့ လေ့ကျင့်ရေး ဌာနများ၊ ကျောင်းသား၊ ကျောင်းသူတွေ ကိုယ်တိုင် အသံလွှင့် တင်ဆက်နိုင်သော ကျောင်းတွင်း ရေဒီယိုဌာန၊ လေယာဉ်ပျံသန်းမှု ဆိုင်ရာ ဘာသာရပ်တွေအတွက် လေ့လာစရာဌာန စတဲ့ အတွေ့အကြုံနှင့် ဝန်ဆောင်မှုကောင်းတွေ ရရှိနိုင်မည်ဟု သိရသည်။ ထူးခြားချက်အနေဖြင့် GRCCသည် Microsoft, Boeing, Amazon.com, Starbucks Coffee စတဲ့ ကမ္ဘာကျော် ကုမ္ပဏီကြီးတွေ အစပြုရာ ဖြစ်သော Sattle မြို့ကြီးနှင့် (၄၅)မိနစ်သာ ကွာဝေးသောကြောင့် ကျောင်းမှ ကျောင်းသားသစ်တွေအတွက် လေ့လာရေး ခရီးအနေဖြင့် လိုက်လံ ပို့ဆောင်ပေးကြောင်းလည်း သိရပါသည်။

မြန်မာနိုင်ငံမှာ အခြေခံပညာ အထက်တန်းကျောင်း အောင်မြင်ပြီး သူများသည် IELTS (5.5) (သို့) TOEFL (PBT) 500/ TOFEL (LBT) 61 ရရှိထားရမည် ဖြစ်ပြီး (သို့) IGCE အောင်မြင်ပြီးသူတွေ အနေနဲ့လည်း အသက် (၁၆)နှစ်အထက် ရှိပါက ကျောင်းစတင် လျှောက်ထားနိုင်ပြီး English Result မရှိသူတွေနှင့် TOEFL, IELTS ရလဒ်နည်းသူတွေ အနေနဲ့ Intensive English Language Program (IESL) ကို ဦးစွာ တက်ရောက်ပြီး မိမိရွေးချယ် တက်ရောက်လိုတဲ့ ဘာသာရပ်ကို ဆက်လက် တက်ရောက်နိုင်မည် ဖြစ်ကြောင်းသိရသည်။ ထူးချွန် ကျောင်းသားတွေအတွက် ပညာသင်ဆု များလည်း လျှောက်ထား နိုင်သည်။ Green River Community Collegeအကြောင်းနှင့် ပညာသင်ဆု အကြောင်း အသေးစိတ် သိရှိလိုပါက AT & S ဖုန်း (၀၁-၅၂၁-၁၂၅၊ ၀၁-၆၅၂-၂၈၈၊ ၀၁-၂၅၁-၃၃၂၊ ၀၉-၅၁၂-၄၇၆၁)နှင့် မန္တလေးမြို့မှ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဖုန်း - (၀၂-၇၄၄-၃၆၊ ၀၂-၆၆၅-၄၉၊ ၀၉-၅၀၆-၂၁၇၁)တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

# INTI International University and Collegesမှ မြန်မာကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးများ ကမ်းလှမ်း


Image Credit: wsiinternational.tafensw.edu.au

ထူးချွန်သော (၁၀)တန်း ကျောင်းသူကျောင်းသားများ၊ GCE Aနှင့် သက်ဆိုင်ရာ ဒီပလိုမာလက်မှတ် ကိုင်ဆိုင်ထားသူများအတွက် INTIမှ ပညာသင်ထောက်ပံ့ကြေး မလေးရှားရင်းဂစ် ၅,၀၀၀ မှ ၉,၀၀၀အထိ၊ သက်ဆိုင်ရာ ဘွဲ့တစ်ခုခု ရရှိပြီးသူများအနေဖြင့် မာစတာ ပရိုဂရမ်အတွက် မလေးရှားရင်းဂစ် ၁၀,၀၀၀မှ ၁၅,၀၀၀အထိ ပညာသင်ထောက်ပံကြေး ပေးအပ်သွားမည်ဖြစ်ကြောင်း CROWN Educationမှ တာဝန်ရှိသူတစ်ဦးမှ ပြောကြားသည်။

INTI International University & Collegesသည် မလေးရှားရှိ နာမည်ကျော် ကျောင်းတစ်ကျောင်းဖြစ်ပြီး ၁၉၉၃ ခုနှစ်ခန့်မှ စတင်၍ Twinning Degree Programနှင့် University Transfer Programrများကို ပို့ချပေးနေသော ကျောင်းဖြစ်သည်။ ကျောင်းပရဂေဏ်ခြောက်ခုရှိပြီး အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ ဩစတြေးလျ၊ နယူးဇီလန် တက္ကသိုလ်များသည် INTI Internatiional University and Collegesနှင့် လက်တွဲလျက် Twinning Degree Programs များကို ပူးတွဲပို့ချပေးသည်။ Twinning Degree Programs ဆိုသည်မှာ ပထမနှစ် (သို့) ဒုတိယနှစ်ကို INTIတွင် သင်ကြားပြီး ကျန်စာသင်နှစ်များကို ၎င်းနှင့် ချိတ်ဆက်ထားသော ပြည်ပတက္ကသိုလ် (၃၀၀)ကျော်သို့ ပြောင်းရွှေ့တက်ရောက်နိုင်သည်။ INTIမှ ပို့ချသော ပရိုဂရမ် အားလုံးကို မလေးရှား အစိုးရနှင့် Malaysia Qualifications Agencyမှ အသိအမှတ် ပြုထားသည်။

INTIမှ ပို့ချသော ဘာသာရပ်အားလုံးသည် Work-Based Learningကို အဓိကထားပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျောင်းပြီးသူများအတွက် နာမည်ကျော် ကုမ္ပဏီကြီးများတွင် လစာရအလုပ်သင်အဖြစ် လက်တွေ့လုပ်ဆောင်နိုင်သည်။ စီးပွားရေး အယူအဆနှင့် အမြင်များ တိုးတက်ကောင်းမွန်စေရန် World of Business Ideas (WOBI) အစီအစဉ်တွင် ကမ္ဘာကျော် စီးပွားရေး ပညာရှင်များ၏ အင်တာဗျူးများ၊ တွေးခေါ်ယူဆနည်းများကို လေ့လာခွင့် ရရှိမည်ဖြစ်သည်။

Engineerနှင့် Science ဘာသာရပ်များ သင်ကြားပို့ချရာတွင် အထူးနာမည်ကျော်ပြီး Workshop (၃၃)မျိုးနှင့် Engineering Lab (၆)ခု ရှိသည်။ Civil Engineering သင်ကြားမှု အထူးကောင်းမွန်ပြီး၊ Civil Engineering အခြေပြု ကုမ္ပဏီကြီးများတွင် အလုပ်သင်အဖြစ် လက်တွေ့ သင်ယူနိုင်သည်။ State-of-the-Art ဟုခေါ်သော ခေတ်မီပြည့်စုံသော Labများ၊ စာသင်ခန်းများ ရှိသည်။ INTI၏ ပူးတွဲပါတနာဖြစ်သော Laureate International University၏ ကွန်ယက်တွင် ရှိသော ကြောင့် ဧည့်ပါမောက္ခများမှ လာရောက် ဟောပြောပို့ချပေးသည်။

ပညာသင် ထောက်ပံ့ကြေး လျှောက်ထားနိုင်သော ဘာသာရပ်များ အနေဖြင့်

- Business
- Computing and IT
- Engineering
- Pre-University Program
- American University Program
- Biotechnology and Life Sciences
- Health Sciences
- Law
- Arts and Design
- Hospitality
- English Program
- Mass Communication

ဘာသာရပ်များအတွက် လျှောက်ထားနိုင်သည်။ မြန်မာနိုင်ငံမှ (၁၀)တန်း အောင်မြင်ပြီးသူများ IELTSမလိုဘဲ Foundation (သို့) ဒီပလိုမာလမ်းကြောင်းကို လျှောက်ထားနိုင်သည်။ သက်ဆိုင်ရာ ဒီဂရီပြီးထားသူများ အနေဖြင့် မာစတာကို လျှောက်ထားနိုင်ပါသည်။ ကျောင်းတက်ရောက်နိုင်မည့် လများမှာ ဧပြီနှင့် ဩဂုတ်လတို့ ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေး လျှောက်ထားရန် အသေးစိတ် အချက်အလက်များကို CROWN Education၊ ဖုန်း 09 732 732 77နှင့် 09-508-5185တို့တွင် ဆက်သွယ် စုံစမ်းလျှောက်ထားနိုင်သည်။

# Myanmar WWW Instituteမှ အိုင်တီနည်းပညာ သင်တန်းသစ်များ ဖွင့်လှစ်မည်


Image Credit: www.cleveland.com

Myanmar WWW Institute ကွန်ပျူတာ နည်းပညာ သင်တန်းကျောင်းမှ အောက်ပါ အိုင်တီသင်တန်းသစ်များအား ဧပြီလအတွင်း ဖွင့်လှစ်သွားမည် ဖြစ်သည်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုပြီးသူများ၊ အိုင်တီပညာရပ်များကို စတင်လေ့လာလိုသူများ၊ အိုင်တီ နည်းပညာများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိလိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်သည်။

## အိုင်တီနည်းပညာ အခြေခံသင်တန်း

အိုင်တီအခြေခံသင်တန်းတွင် လူငယ်တိုင်း တတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentationများ ပြုလုပ်နည်း၊ Photoshopဖြင့် Graphic Designများ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည် တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ် လေ့ကျင့်ပေးခြင်းများ ပါဝင်မည် ဖြစ်သည်။ ထို့ပြင် အင်တာနက်နှင့် အီးမေးလ် အသုံးပြုပုံ တို့ကိုလည်း သင်ယူရမည် ဖြစ်သည်။ အဆိုပါ သင်တန်းတွင် မည်သူမဆို အိုင်တီပညာရပ်များ၏ အရေးပါပုံ၊ အကျိုးရှိပုံ၊ အသုံးချနိုင်ပုံတို့ကို ကောင်းစွာ သဘောပေါက်နားလည်ပြီး မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် မှန်ကန်စွာ ရွေးချယ်နိုင်မည် ဖြစ်သည်။

## Programming သင်တန်း

Programming သင်တန်းသည် Programming နည်းပညာအား အခြေခံမှ စတင် လေ့လာလိုသူများနှင့် Professional Programmer အဖြစ် ရပ်တည် လိုသူများအတွက် စတင်တက်ရောက်သင့်သော သင်တန်းဖြစ်သည်။ ထို့ပြင် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာ တက္ကသိုလ်များအား တက်ရောက်ရန် ရည်ရွယ်ထားသူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့် အိုင်တီ နည်းပညာများအား သွားရောက် သင်ယူရန် ရည်ရွယ်ထားသူများ အနေဖြင့်လည်း Programming ဘာသာရပ်အား မဖြစ်မနေ သင်ယူရမည် ဖြစ်သောကြောင့် စနစ်တကျ ကျွမ်းကျင်တတ်မြောက်ရန် အထူးပင် အရေးကြီးလှသည်။ ယင်းသင်တန်းတွင် Programming အခြေခံကောင်းများ ဖြစ်သော Pseudo Code, Flow Chart များကို အသုံးပြုပြီး Real Program Coding မရေးခင်တွင် Problems ဖြေရှင်းပုံများကို အသေးစိတ် သင်ယူရမည် ဖြစ်သည်။ ၎င်းတို့ကို သင်ယူခြင်းဖြင့် Logical Thinking Skillကို မြင့်မားစေမှာ ဖြစ်ပြီး မည်သည့် Programming Languageကိုမဆို ဆက်လက် လေ့လာနိုင်ရန် များစွာ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါသည်။

## ကွန်ပျူတာ Hardwareနှင့် Network အခြေခံသင်တန်း

ကွန်ပျူတာ Hardwareနှင့် Network အခြေခံသင်တန်းတွင် ကွန်ပျူတာ တစ်ခုအတွင်း ပါဝင်သော စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ၊ Windows XP၏ ဆောင်ရွက်ချက်တို့အပြင် System Installation၊ Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaningနှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည် ဖြစ်သည်။ ထို့အပြင် LAN ချိတ်ဆက်နည်း၊ Dataနှင့် Deviceများကို LAN အတွင်း Sharing ပြုလုပ်ခြင်း ၊ Network Security စီမံခန့်ခွဲခြင်း စသည့် Network ဆိုင်ရာ ဘာသာရပ်များကို သင်ကြားရမည့်အပြင် Wide Area Network (WAN/Internet)၏ အဆင့်ဆင့် အလုပ်လုပ်ပုံ TCP/IP အခြေခံကိုလည်း သင်ကြားရမည် ဖြစ်သည်။

## ကြိုတင်စာရင်းပေးသွင်းနိုင်

လူဦးရေ ကန့်သတ်ထားရာ တက်ရောက်လိုသူများ အနေဖြင့် ကြိုတင်စာရင်း ပေးသွင်းကြရမည် ဖြစ်သည်။ အဆိုပါ သင်တန်းများကို Myanmar WWW Institute (M3WI) တည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ် နယ်မြေ ၊ ရန်ကုန်မြို့။ (ဖုန်း) ၆၅၂-၂၈၈၊ ၅၂၁-၁၂၅တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ဂျာနယ် မှာရန်
၀၁-၄၃၀-၈၉၇

# Do You Know?

## RVi Institute starts Year 1 Diploma in Electrical & Electronics Engineering in April 2013 licensed by Republic Polytechnic.

**If you are interested to apply, please contact**

RVi INSTITUTE
Centre for Higher Learning

**535 433, 253 538 , 541 886**

**College Preparatory Program (PP 2013)** »» **Sutdy in Singapore? Choose *RV!***

**Starting Date:**

- 28th March 2013
- 6th May 2013
- 13th June 2013
- 15th July 2013

Organized by: RVi CENTRE YANGON

**PLAN** | **PREPARE** | **PLACE**

***RVi* CENTRE YANGON** သည် သင့်အားစင်ကာပူနိုင်ငံရှိ အောက်ဖော်ပြပါ အစိုးရကျောင်းများသို့ ပညာသင်ထောက်ပံ့ကြေးဖြင့် ဝင်ခွင့်ရရှိရန် ကူညီပြင်ဆင်ပေးနေပါသည်။

- Ngee Ann Polytechnic (NP)
- Nanyang Polytechnic (NYP)
- Republic Polytechnic (RP)
- Singapore Polytechnic (SP)
- Temasek Polytechnic (TP)
- National University of Singapore (NUS)
- Nanyang Technological University (NTU)
- Singapore Management University (SMU)
- Singapore University of Technology and Design (SUTD)



Extremely Limited Vacancy
100

For more details, please contact RVi CENTRE:
104, 1st Floor, Latha Street, Latha Township, Yangon
E-mail: cmmavic.rvlatha@gmail.com, dr.rvcentre@gmail.com

246 560
242 410
253 538

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 12

# သိခြင်းသဘောကို သိကြည့်ခြင်း

သိခြင်းသဘောကို သိကြည့်ခြင်း

သိခြင်းသဘောမှာ ကိုယ်တိုင် ကိုယ်ကျ လက်တွေ့သိခြင်း၊ သိတယ်လို့ ထင်နေခြင်း၊ သိသလိုလို ဖြစ်နေခြင်းဆိုတဲ့ ကွဲပြားမှုတွေရှိတယ်။

အမှန်တရားကို အမှန်အတိုင်း သိခြင်းသဘောဟာ ဘဝအသစ် တစ်ဖန် ပြန်ဖြစ်ခြင်းတွေ ရပ်တန့်သွားအောင် ဒုက္ခအပေါင်းက လွတ်မြောက် သွားအောင် ဘယ်လို အားထုတ်ရမယ်ဆိုတာကို သိနေခြင်းပဲ။

နေရာတိုင်းမှာ အဆက်မပြတ် တရစပ် ဖြစ်ပေါ်နေတဲ့ သိစရာ အာရုံအားလုံးကို သိစရာအနေနဲ့ သိနေခြင်းပဲ။

တောင်ပုလုဆရာတော်ဘုရား သက်တော်ထင်ရှား ရှိတုန်းက လျှောက်ထား မေးမြန်းဖူးတယ်။

'အရှင်ဘုရား မြတ်စွာဘုရားက ဘာတရားတွေ ကျင့်လို့ ဘုရားဖြစ်တာလဲ?လို့ ဆရာတော်ဘုရားကြီးက ချက်ချင်း မဖြေဘူး။

မေးခွန်းထုတ်တဲ့သူကိုသာ အချိန်တော်တော်လေး ကြာတဲ့အထိ စိုက်ကြည့်နေပါတယ်။

ပြီးမှ

"ဘာပဲလုပ်လုပ် သိကွာ" တဲ့...

တစ်ခွန်းတည်းပဲ မိန့်ပြီး နောက်ထပ်ဘာမှကို မမိန့်တော့ဘူး။

"ဘာပဲလုပ်လုပ် သိကွာ" တဲ့။ ဒီစကားရဲ့ အဓိပ္ပါယ် အကျယ်အဝန်းကို ငါးနှစ်လောက်ကြာမှ သိတော့တယ်!

ဘာပဲလုပ်လုပ် သိနေရမှာတွေကတော့ မနက် အိပ်ယာက နိုးတာနဲ့ တစ်နေကုန် မြင်သမျှ၊ ကြားသမျှ အာရုံခြောက်ပါးနဲ့ ထိတွေ့သမျှ စိတ်တွေနဲ့ ပတ်သက်ပြီး ဘာကိုသိနေလဲ? ဆိုတာ သိပေးနေရမယ်။

ဘယ်လောက်ကြာကြာ သိနိုင်လဲ ?ဆိုတာ သိပေးနေရမယ်။

သိမှုအပေါ်မှာ ဘယ်လိုတုံ့ပြန်နေလဲ? ဆိုတာ သိပေးနေရမယ်။

ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ နဲ့ ဆွေးနွေးတုန်းကတော့ ဆရာတော် အမိန့်ရှိတာ...

" ဘောလုံးကစားတဲ့လူ ရှိတယ်။ လက်တစ်ဘက်ဆီမှာ ဆယ်လုံးကစားတယ်ဆိုရင် အလုံးနှစ်ဆယ်နဲ့ ဘောလုံး ကစားတဲ့လူတစ်ယောက်၊ ဆပ်ကပ်မှာ လေထဲမြှောက်ပြီး ဖမ်းပြတယ်။ တစ်လုံးမှ မလွတ်စေရဘူး။ သူ့လက်ထဲမှာလည်း တစ်လုံးမှ မရှိဘူး။ "

အဲဒီ ဘောလုံးကစားတဲ့ ဥပမာပေးပြီး ဆရာတော်က ဆုံးမတယ်။

အာရုံခြောက်ပါးနဲ့ ပတ်သက်ပြီး အဆက်မပြတ် ဝင်လာသမျှ စိတ်တွေ ဝင်လိုက် ထွက်လိုက် ဖြစ်နေပေမယ့် အဝင်အထွက် အကုန်လုံးကို သိရုံလေး သိနေတာကလွဲပြီး စိတ်ထဲမှာ ဘယ်လို စိတ်မျိုးမှ လက်ကျန် ကျန်နေခဲ့တာမျိုး မရှိစေရဘူး။ အဲဒီ အဓိပ္ပါယ်။

ဘာပဲလုပ်လုပ် သိနေတာဟာ မိမိစိတ်ကို မိမိ စောင့်ကြည့်နေတာပဲ။

လက်ရှိ အချိန်မှာပဲ မိမိစိတ်ကို တင်ပေးထားတာပဲ။

စိတ်-စေတသိက်တွေက နိုင်းလို့ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေက လုပ်ပေးနေကြရတာ။

ဘာပဲလုပ်လုပ် တကယ်သိနေဖို့က သိခြင်းကိစ္စကို ထဲထဲဝင်ဝင် စူးစူးနစ်နစ် သိအောင် ကိုယ်တိုင် ကိုယ်ကျ လက်တွေ့အားထုတ်နေမှ ဖြစ်မှာ။

သိတယ်လို့ထင်ပြီး ဘာပဲလုပ်လုပ် မသိရင် ကိုယ်တိုင် လက်တွေ့ သိခြင်းအဓိပ္ပါယ်အရ ကွဲပြား ခြားနားနေတယ်။

သိသလိုလိုဆိုတာ သိခြင်းသဘောထဲမှာ ဘယ်လိုမှစာရင်းမဝင်အောင် အလှမ်းကွာလွန်းနေတယ်။

မိမိသိတယ်ဆိုတာ အမှန်အတိုင်း သိရမယ့် သိစရာတွေကို ကိုယ်တိုင် လက်တွေ့ သိတာဟုတ်ရဲ့လား?

စာထဲမှာ ရေးထားတာတွေ အဖတ်များပြီး သိတယ်ထင်နေတာလား ?

သူများပြောတာတွေ နားထောင်ရတာများပြီး ကြားဖူးနားဝ ဖြစ်နေတာကို သိတယ်လို့ ထင်နေတာလား ?

လက်တွေ့သိကြည့်တဲ့နေရာမှာ အခက်အခဲဖြစ်နေတဲ့ အသိမှားတစ်ခုက အနှောင့်အယှက်လို ဖြစ်နေပြီး သိကြည့်လို့ မရတော့တာကို သိသလိုလို လုပ်ပစ်လိုက်တာလား ?

တကယ်သိအောင် ကိုယ်တိုင်လက်တွေ့ သိကြည့်ပါ။

သိစရာရှိတာတွေကို သိနိုင်ခဲ့ရင်လည်း သိမှုအပေါ်မှာ မသာယာပါနဲ့။

သိခြင်းဆိုတာ သိကြည့်နေတုန်းသာ သိနေတာ မသိကြည့်ရင် သိခြင်းဆိုတာ မရှိတော့ဘူး။

သိခြင်းကို အကျင့်စရိုက်တစ်ခု ဖြစ်သွားအောင် အကြိမ်ကြိမ် အခါခါ ထပ်တလဲလဲ သတိနဲ့ပေါင်းပြီး လေ့ကျင့်ပါ၊ မသိရင် သိအောင်မေးပါ။

ရွှေတစ်ပတ်ဆက်ရန်

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.com တွင် သွားရောက်လေ့လာနိုင်ပါသည်။

# Special Wireless Network Course (အမှတ်စဉ်-၃) သင်တန်းဖွင့်လှစ်မည်

မင်းခန့်


Image Credit: www1.plymouth.ac.uk

ရန်ကုန်တိုင်းဒေသကြီး၊ ကွန်ပျူတာပညာရှင်များအသင်းမှ ကြီးမှူးဖွင့်လှစ်မည့် Special Wireless Network Course (အမှတ်စဉ်-၃) သင်တန်းအား မတ်လ ၂၅ ရက်နေ့မှစတင်၍ MICT Park၊ အဆောင်(၁) တွင် သင်ကြားသွားမည်ဖြစ်ကြောင်းသိရပါသည်။ သင်တန်းတွင် အလုပ်အမှုဆောင် ဦးဇော်ဝင်းထွန်းမှ Cover to jobs experience for wireless local areas network and WLAN configuration, WLAN(points to point, point to multi-points, Repeater, using outdoor antena for long range), Wi-fi hotspot enterprise, using Wi-fi IP Camera, Zental server and radius Wi-fi, Basic Wi-fi mobile network စသည့် ခေါင်းစဉ်များအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရပါသည်။ သင်တန်းကာလမှာ မတ်လ ၂၅ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိဖြစ်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် မနက် ၉ နာရီမှ နေ့လည် ၁ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းသားဦးရေ (၁၇)ဦးသာ လက်ခံသွားမည်ဖြစ်ကြောင်းသိရပါသည်။ သင်တန်းဝင်ကြေးမှာ ကျပ် (၇၅,၀၀၀) ကျပ်ဖြစ်ပြီး၊ ကွန်ပျူတာပညာရှင် အသင်းဝင်များအနေဖြင့် သင်တန်းဝင်ကြေး ငါးဆယ်ရာခိုင်နှုန်း သက်သာမည်ဖြစ်ပြီး သင်တန်းကြေး (၃၇,၅၀၀) ကျပ်သာ ပေးသွင်းရမည်ဖြစ်ကြောင်းသိရပါသည်။

CARTOON BY

စမ်းချောင်း
ကိုကိုအောင်



# ဂျပန်နူကလီးယားစက်ရုံ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရဲ့ တရားခံ "ကြွက်"

ညီညီနိုင်


Image Credit: uabnews.blogspot.com

ပြီးခဲ့တဲ့ အပတ်အတွင်းက Japanနိုင်ငံရှိ Fukushima Daiichi နူကလီးယားစက်ရုံမှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ခဲ့ပါတယ်။ စက်ရုံရဲ့ Operatorတွေကတော့ ဒီလို ပြတ်တောက်မှုဟာ ကြွက်ကဲ့သို့သော သတ္တဝါတစ်ကောင်ကောင်ရဲ့ နှောင့်ယှက်ဖျက်ဆီးမှုကြောင့်လို့ သံသယရှိခဲ့ပါတယ်။ ကြွက်ဟာ Switchboardထဲ ဝင်ပြီး Ciruit ပတ်လမ်းတွေက ဖျက်ဆီးခဲ့တယ်လို့ ဂျပန်နိုင်ငံရဲ့ Kyodo သတင်းဌာနက တင်ပြခဲ့ပါတယ်။ Fukushima Diichi နူကလီးယားစက်ရုံဟာ ၂၀၁၁ခုနှစ် မတ်လမှာဖြစ်ပွားခဲ့တဲ့ ဆူနာမီဒဏ်ကို အကြီးအကျယ် ခံခဲ့ရတာဖြစ်ပြီး ရေဒီယို သတ္တိကြွမှု ဖြစ်ပွားမှာကို စိုးရိမ်ခဲ့ရပါတယ်။ ယခု လျှပ်စစ်ဓာတ်အား အဝင်အထွက်ကို ထိန်းညှိပေးတဲ့ Switchboardဟာ ဆူနာမီ ဖြစ်ပွားချိန်ကတည်းက စက်ရုံရဲ့ နောက်ဘက်မှာ ရှိခဲ့တာလို့ သိရပါတယ်။ ဒီလိုမျိုး နူကလီးယားစက်ရုံမှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဟာ အန္တရာယ်ရှိတဲ့ အခြေအနေတစ်ခုဖြစ်ပေမယ့် Tokyo Electric Power Companyက ဓာတ်အား ပြတ်တောက်ပြီး အချိန်ခဏအတွင်းမှာပဲ လုပ်ငန်းဆက်လက် လည်ပတ်နိုင်ဖို့ အထူးသဖြင့် ဓာတ်ပေါင်းဖိုတွေရဲ့ အပူချိန်ကို ထိန်းချုပ်နိုင်ဖို့ အသုံးပြုတဲ့ ရေတွေထဲက ရေဒီယို သတ္တိကြွနိုင်မယ့် ဒြပ်ပြုပစ္စည်းများကို ဖယ်ရှားဖို့ လုပ်ဆောင်ပေးခဲ့တယ်လို့ Kyodo သတင်းဌာနမှ ပြောကြားခဲ့ပါတယ်။

Ref: edition.cnn.com

# ပြိုင်ဆိုင်မှု ပြင်းထန်လာတဲ့ Design တိုက်ပွဲထဲမှာ Appleကို အမီလိုက်မည့် Samsung




ပြီးခဲ့တဲ့နှစ်က နာမည်ကျော်ကြားမှုနဲ့ လူကြိုက်များမှုမှာ Appleရဲ့ နောက်ကို ရောက်ခဲ့တဲ့ Samsungဟာ San Franciscoမှာ Design Studioကြီးတစ်ခုကို အမြန်ဆုံး တည်ဆောက်ခဲ့ပါတယ်။ တောင်ကိုရီးယားရဲ့ အကြီးဆုံး နည်းပညာ ကုမ္ပဏီကြီးတစ်ခုဖြစ်ဖို့ USDသန်းတစ်ထောင်ခန့် သုံးစွဲခဲ့ပြီး အဲဒီ Studioကို User Experience Specialsstတစ်ယောက်ဖြစ်တဲ့ Dennis Miloseskiက ဦးဆောင်လုပ်ကိုင်နေပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုဟာ Tablet အပါအဝင် Mobile Deviceတွေ အသုံးပြုတဲ့ Userတွေရဲ့ လိုအပ်ချက်ကို အနီးကပ်လေ့လာပြီး နည်းပညာနဲ့ ပတ်သက်တဲ့ စိတ်ကူးယဉ်မှုတွေကို လက်တွေ့ဖြစ်လာဖို့အတွက် ဖြစ်တယ်လို့ သိရပါတယ်။ သက်တမ်းနုသေးတဲ့ ဒီ Studioက Product အသစ် ထွက်ပေါ်လာခြင်းတော့ မရှိသေးပေမယ့် Samsungဟာ ဘယ်လိုနေရာတွေမှာ ဘာအတွက် သူတို့ရဲ့ ငွေကြေးတွေကို ရင်းနှီးမြှုပ်နှံနေတယ် ဆိုတာကိုတော့ မြင်တွေ့နိုင်ပါတယ်။ ပြီးခဲ့တဲ့ အပတ်အတွင်းမှာ Samsung Galaxy S4ကို မိတ်ဆက်ပြသလိုက်ခြင်းနဲ့ ပတ်သက်ပြီး လူအများစုက Appleအပေါ် သက်ရောက်မှု ရှိမယ်လို့ ထင်ကြပေမယ့် ကျွမ်းကျင်သူများကတော့ Appleအပေါ် သက်ရောက်မှုထက် Samsungဟာ နည်းပညာ လက်ဦးမှု အချို့ကို ရခဲ့တယ်လို့ပဲ သုံးသပ်ခဲ့ကြပါတယ်။ ဒါ့အပြင် Designပိုင်းမှာ Appleထက်သာလွန်ဖို့ Samsungရဲ့ ကြိုးပမ်းအားထုတ်မှုတွေ ရှိပါသေးတယ်။ အဲဒါကတော့ BMW ကားကုမ္ပဏီမှာ ၁၇နှစ်ကြာ Design ရေးဆွဲခဲ့တဲ့ Designer Chris Bangleနဲ့ ပြီးခဲ့တဲ့နှစ်အတွင်းမှာ ချိတ်ဆက်ခဲ့တာပါပဲ။ Chris Bangleဟာ Appleအတွက် Steve Jobs အလုပ်လုပ်ခဲ့တဲ့ ပုံစံမျိုး BMWအတွက် ဆောင်ရွက်ခဲ့တဲ့ သူဖြစ်ပြီး Samsungအနေနဲ့ သူနဲ့ လက်တွဲဖို့ တရားဝင် ကမ်းလှမ်းခဲ့ပါတယ်။ Chris Bangleကို Master Designerအဖြစ် အပြည့်အဝ လက်တွဲဖို့ကတော့ အသေးစိတ် ညှိနှိုင်းရမှာ ဖြစ်ပြီး ညှိနှိုင်းမှုနဲ့ ပတ်သက်တဲ့ အသေးစိတ် အချက်အလက်တွေကိုတော့ ထုတ်ပြန်ကြေညာခြင်း မရှိသေးပါဘူး။ Chris Bangleအနေနဲ့ Samsungနဲ့ အပြည့်အဝ လက်တွဲသွားမလား (သို့မဟုတ်) တစ်စိတ်တစ်ဒေသ ပူးပေါင်း လုပ်ဆောင်သွားမလား ဆိုတာကို ရှင်းရှင်းလင်းလင်း မသိရသေးပေမယ့် လေ့လာသူအချို့ကတော့ ပြီးခဲ့တဲ့နှစ်က San Franciscoမှာ ဖွင့်ခဲ့တဲ့ Design Studioဟာ Chris Bangleရဲ့ အကြံပြုချက်ကြောင့် ဖွင့်လှစ်ခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။ Designပိုင်းမှာ ဆရာကြီးတစ်ဆူ ဖြစ်တဲ့ Appleဟာ လတ်တလောမှာ သွေးအေးနေပေမယ့် Samsungကတော့ သွက်လက်တဲ့ ခြေလှမ်း တွေနဲ့ Appleကို အမှီလိုက်ဖို့ ကြိုးစားနေပြီး သူတို့ရဲ့ Salaxy S4ဟာ Smart Phone လောကအတွက် ထင်ရှားမြင်သာတဲ့ တီထွင်ဆန်းသစ်ချက် ဖြစ်တယ်လို့ပြောခဲ့ပါတယ်။

Ref: www.forbes.com






အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

How-to

# Auto Playကို ဘယ်လိုပိတ်မလဲ

ညီညီနိုင်




USB Portမှာ Media Drive တစ်ခုခု တပ်ဆင်လိုက်ရင် အလိုအလျောက် Play လုပ်စေဖို့ ခွင့်မပြုသင့်ပါဘူး။ အကြောင်းပြချက်ကတော့ Media Driveတွေကနေတစ်ဆင့် ပြင်ပက ဝင်လာမယ့် Virus Fileတွေကို ဖောင်းနင်မယ့် autorun.inf Fileတွေကို အလိုအလျောက် သွားဖွင့်မိမှာစိုးလို့ ဖြစ်ပါတယ်။ အဲဒီလို ဆိုးကျိုးတွေ မဖြစ်စေဖို့ Auto Playကို ပိတ်ထားမယ်ဆိုရင်တော့ CDခွေတွေ ထည့်လိုက်တဲ့အခါမှာလည်း autorun.inf Fileတွေ မပွင့်လာအောင် ကာကွယ်ပေးပါတယ်။ ပြုလုပ်ပုံအဆင့်ဆင့်ကို တင်ပြရမယ်ဆိုရင်တော့ ပထမဦးဆုံး Windows Keyနဲ့ R Keyကို တွဲနှိပ်လိုက်ရင် Run Box ပွင့်လာပါလိမ့်မယ်။ Run Boxထဲမှာ gpedit.mscလို့ ရိုက်ပြီး Enter ခေါက်လိုက်ရင် Local Group Policy Editor Window ကျလာပါလိမ့်မယ်။ ဒီအဆင့်ကို ရောက်ပြီဆိုရင်တော့ ဘယ်ဘက်အပေါ်ထောင့်ရဲ့ အောက်ဆုံးစာတန်းဖြစ်တဲ့ User Configurationဆိုတဲ့ စာတန်းရှေ့က မြှားခေါင်းလေးကို နှိပ်လိုက်ပါ။ Software Settings, Windows Settingsနဲ့ Administrative Templatesဆိုပြီး သုံးခုတွေ့ရပါလိမ့်မယ်။ Administrative Templatesကို ရွေးလိုက်ပါ။ Administrative Templatesကို ရွေးပြီးရင်တော့ ထပ်တွေ့ရမယ့် Sub-Folderတွေထဲမှာ အောက်ဆုံးက All Settingsကို နှိပ်လိုက်ပါ။ All Settingsကို ရွေးလိုက်ရင်တော့ ရွေးချယ်စရာ Settingတွေ ညာဘက်ဘေးမှာ အများကြီး ပေါ်လာပါလိမ့်မယ်။ အဲဒါတွေထဲက Prevent Access to Registry Editing Toolsဆိုတာကို တွေ့အောင်ရှာပါ။ တွေ့ပြီဆိုရင်တော့ Double Clickနှိပ်ပြီး ဖွင့်လိုက်ပါ။ Prevent Access to Registry Editing Tools Windows ပွင့်လာပါလိမ့်မယ်။ အဲဒီနေရာမှာ ရွေးချယ်စရာ သုံးခုရှိပါတယ်။ တစ်ကြိမ်မှ Edit မလုပ်ဖူးရင် Not Configuredကို ရွေးချယ်ထားမှာ ဖြစ်ပြီး Enabledနဲ့ Disabledလည်း ရှိပါတယ်။ ရွေးချယ်ရမှာကတော့ Enabledကို ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။ Enabledကို ရွေးချယ်ပြီးရင်တော့ Apply, Ok Buttomတွေကို နှိပ်ပေးလိုက်ရင်တော့ Virus Fileတွေကို အလိုအလျောက် သွားဖွင့်မိမှာ မစိုးရိမ်ရတော့ပါဘူး။

# မိမိဖုန်းရဲ့ Ringtone အသံတိုးလို့ Missed Call ဖြစ်ဖြစ်သွားတဲ့အခါ




မိမိဖုန်းရဲ့ Ringtone အသံတိုးလို့ Missed Call ဖြစ်ဖြစ်သွားတဲ့အခါ အရေးကြီးတဲ့ ဖုန်းဖြစ်နေရင် ကိုယ့်အတွက် ထိခိုက်ပါတယ်။ အဲ့လို Missed Callတွေ မဖြစ်စေဖို့ Flash Alertsက ကူညီပေးမှာပါ။ ဘယ်လို ကူညီပေးမှာလဲဆိုရင် ဖုန်းလာတဲ့အခါ မီးလင်းပြီး အချက်ပြ ပေးနေမှာပါ။ ဒါဆိုရင် Missed Call မဖြစ်နိုင်တော့ပါဘူး။ Flash Alertsကို အသုံးပြုဖို့အတွက် ဖုန်းမှာ Flashမီး ပါမှ ရမှာပါ။ Flash Alerts Applicationလေးက Phone အဝင် Callတွေအပြင် Massage ဝင်လာတဲ့အခါလဲ အချက်ပြနေမှာပါ။ Flash Alertsရဲ့ Settingထဲမှာ မီးလင်းဖို့ စက္ကန့် ဘယ်လောက်ထားမယ်၊ မီးလင်းတဲ့ အချက်တိုင်းကို ဘယ်လောက်ကြာမလဲ ဆိုတာတွေပါ ချိန်ပေးလို့ရပါတယ်။ http://uploaded.net/file/8xv7gxskမှာ Download လုပ်နိုင်ပါသည်။

# Facebook Pages Manager Application




Android ဖုန်းတွေက Laptop တစ်လုံးလို အသုံးပြုနိုင်တဲ့အတွက် နစ်သက်သူတွေ ပိုများလာပါတယ်။ ဖုန်းတစ်လုံးနဲ့ အင်တာနက်သုံးမယ်၊ ဖုန်းတစ်လုံးနဲ့ အပျင်းပြေ ဂိမ်းဆော့မယ် စတဲ့ တစ်ကိုယ်ရေ ကိစ္စတော်တော်များများကို အလုပ်လုပ်ပေးနိုင်ပါတယ်။ Android Developerတွေကလည်း အသုံးဝင်တဲ့ Applicationတွေ ထုတ်ပေးနေဆဲပါ။ အခုဆို လူငယ်တွေ အသုံးပြုတဲ့ ဖုန်းတိုင်းမှာ Facebook Application ရှိနေကြပါတယ်။Facebookက Android ဖုန်းထဲမှာ Facebookသုံးတာအပြင် Facebookမှာ Pageလုပ်ထားတဲ့သူတွေ အတွက်ပါ Facebook Pages Manager Applicationကို ထုတ်ပေးထားပါတယ်။ ဒီ Applicationက Page လုပ်ထားတဲ့သူတွေအတွက် အဆင်ပြေပါတယ်။ ဖုန်းထဲကနေ ကိုယ့်Pageကို ဖုန်းထဲကနေ ကွန်ပျူတာပေါ်မှာ အသုံးပြုတဲ့အတိုင်း Manage လုပ်ပေးနိုင်ပါတယ်။ Facebookရဲ့ Pages Manager Applicationကို 1 Mobile Marketမှာ Download ရယူနိုင်ပါတယ်။

# Laptopနဲ့ Android ဖုန်း Wi-Fi Internet ချိတ်ဆက် အသုံးပြုချင်တယ်ဆိုရင်



Laptop တစ်လုံးနဲ့ Android ဖုန်းတစ်လုံး Wi-Fi Internet ချိတ်ဆက် အသုံးပြုချင်တယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ။ ဒီလို ချိတ်ဆက် အသုံးပြုတာကို သိပြီးတဲ့ လူတွေရှိချင် ရှိပါလိမ့်မယ်။ ကျွန်တော် ပြောပြချင်တာက ဖုန်းကတ်အသစ်တွေ ထွက်လာတဲ့အခါ Androidဖုန်းကို အသုံးပြုတော့မယ့် အသစ်စက်စက် Userတွေအတွက် သိစေချင်လို့ပါ။ Laptop တစ်လုံးနဲ့ Internet အသုံးပြုချင်တယ်၊ ဖုန်းနဲ့ Laptopနဲ့ Wi-Fi Internet ချိတ်တော့မယ်ဆိုရင် ဖုန်းမှာ Internet Service ရှိနေရပါမယ်။ အသုံးပြုမယ့် ဖုန်းက Wi-Fi Tethering Setting ပါရပါမယ်၊ Laptopက Wi-Fi ချိတ်ဆက်နိုင်ရပါမယ်။ ဒါဆိုရင် စတင် ချိတ်ဆက်လို့ရပါပြီ။ အရင်ဆုံး ဖုန်းကို Internet ဖွင့်ပေးပါ၊ ပြီးရင် Settingထဲကို ဝင်ပါ၊ Wireless & Networkထဲက Tethering & Portable Hostpotကို နှိပ်ပါ။ Portable WALAN Hostpotကို အမှန်ခြစ်၊ Configure WALAN Hostpotထဲ ဝင်ပါ၊ Network SSIdဆိုတာ တွေ့ပါလိမ့်မယ်။ Network SSIdဆိုတာ Portable WALAN Hostpot လုပ်မယ့် နာမည်ကို ပြောတာပါ။ Network SSIdကို ကြိုက်တဲ့နာမည် ပေးလို့ရပါတယ်။

နောက်တစ်ဆင့်က Passwordကို စိတ်ကြိုက်ရိုက်ပေးပါ။ Password ပေးတယ်ဆိုတာ ကိုယ်လုပ်ထားတဲ့ Wi-Fi Hostpotကို တခြားလူတွေ အသုံးမပြုစေချင်ဘူး ဆိုတဲ့အတွက်ပါ။ တကယ်လို့ ဖုန်းထဲက အင်တာနက်ကို Share သုံးချင်တယ်ဆိုရင် Password မပေးထားလည်း ရပါတယ်။ အဲ့ဒီလို Shareပြီး သုံးချင်တယ်ဆိုရင် အလုံးရေ စထိပဲ အသုံးပြုလို့ ရနိုင်ပါတယ်။ ကျော်သွားရင် Connection အရမ်းနှေးသွားနိုင်ပါတယ်။ ဒါဆိုရင် Wi-Fi Hostpotကို ဖုန်းထဲမှာ ထောင်ပြီးသွားပါပြီ။ Laptopကို Wi-Fi ဖွင့်ပေးပါ၊ လုပ်ထားတဲ့ Wi-Fi Hostpotကို တွေ့အောင်ရှာပြီး ပေးထားတဲ့ Password ရိုက်ထည့်ပေးပါ။ Internet Accessဖြစ်သွားရင် Internet စတင် အသုံးပြုလို့ရပါပြီ။ ဒီလိုနည်းတွေနဲ့ ကိုယ်တိုင် Laptop တစ်လုံးနဲ့ Android ဖုန်းတစ်လုံး Wi-Fi Internet ချိတ်ဆက် အသုံးပြုနိုင်ပါတယ်။

# Bluetoothကို စွန့်လွှတ်လိုက်ဖို့ Zapyaတော့ လိုလိမ့်မယ်

ညီညီနိုင်



အရင်တုန်းကတော့ Fileတွေ၊ Applicationတွေ၊ ဓာတ်ပုံတွေ Share လုပ်ဖို့ Bluetoothကို သုံးကြပါတယ်။ ဒါပေမယ့် အခု အချိန်မှာတော့ Android Deviceတွေအပေါ်မှာ File Sharingလုပ်ဖို့ ဆိုရင် Zapyaကိုပဲ ပိုမို အသုံးပြုလာကြပါပြီ။ Zapyaကို အသုံးပြုမှု ကျယ်ပြန့်လာတဲ့ အဓိက အချက်ကတော့ File Sharing Speed အလွန်ကို မြန်ဆန်တဲ့အတွက်ပဲ ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၂ခုနှစ် နှောင်းပိုင်းလောက်မှာ စတင် လူသိများလာတဲ့ Zapyaဟာ အခုဆိုရင် Android သမားများအတွက် မရှိမဖြစ် APK တစ်ခု ဖြစ်လာပါပြီ။ သူ့ရဲ့ File Transfer Speedက တစ်မိနစ်မှာ 2MBအထိ ရှိပြီး ဒီအမြန်နှုန်းဟာ တစ်မိနစ်ကို ဓာတ်ပုံ ပုံ ၁၂၀လောက် (သို့မဟုတ်) သီချင်းအပုဒ် ၃၀လောက် (သို့မဟုတ်) HD ဗီဒီယို ၁ကားစာလောက် ပို့လို့ရတဲ့ အနေအထားပဲ ဖြစ်ပါတယ်။ Zapyaနဲ့ ပတ်သက်ပြီး Androidသမားတွေကိုပဲ ဦးတည်ပြီး ရေးနေပေမယ့် Androidပေါ်မှာပဲ သုံးလို့ရတယ်လို့ မဆိုလိုပါဘူး။ iOSမှာလည်း သုံးလို့ရပါတယ်။ သူက Bluetoothနဲ့ အလုပ်လုပ်ပုံချင်း ဆင်ပေမယ့် Bluetooth Networkကို သုံးတာ မဟုတ်ပါဘူး။ Wi-Fi Networkကို သုံးပြီး လုပ်ဆောင်တာ ဖြစ်ပါတယ်။ အသုံးပြုရတာကလည်း အရမ်းကြီး မရှုပ်ထွေးပါဘူး။ File Transferလုပ်မယ့် Deviceနှစ်ခုမှာ Zapya ရှိဖို့ပဲ လိုပါတယ်။ မိမိရဲ့ Profile Nameအပြင် Profile Picပါ တင်ထားလို့ ရပြီး အသုံးပြုတော့မယ် ဆိုရင်တော့ Connect to Friendကို နှိပ်ပေးရပါမယ်။ ပြီးရင်တော့ တစ်ယောက်က Create Network လုပ်ပေးရပြီး ကျန်တဲ့သူတွေတော့ Search Networkနဲ့ ချိတ်ဆက်ပေးရပါမယ်။ Fileတွေ Share လုပ်တော့မယ် ဆိုရင်တော့ ကိုယ်ပို့ချင်တဲ့သူရဲ့ Logoထဲကို ပို့ချင်တဲ့ File/ Applicationကို Dragဆွဲပြီး ပို့လိုက်ရုံပါပဲ။ ဒါ့အပြင် Installer File မရှိတဲ့ Install လုပ်ပြီးသား Applicationတွေနဲ့ Gameတွေကိုပါ Share လုပ်ပြီး သုံးလို့ရပါတယ်။ အသုံးပြုလိုတယ် ဆိုရင်တော့ Google Store (play.google.com)မှာ အခမဲ့ Download ရယူနိုင်ပါတယ်။ Zapyaရဲ့ Developer Siteကို သွားရောက် လေ့လာချင်တယ်ဆိုရင်တော့ www.kuaiya.comမှာ သွားရောက် လေ့လာလို့ ရပါတယ်။

Ref: play.google.com

Web Guide

## သရဲ စံအိမ်



http://www.ghostvideos.ws

ရှာဖွေလေလေ တွေ့ရှိလေလေ ဆိုတဲ့စကားအတိုင်း ဘယ်ပညာပဲဖြစ်ဖြစ်၊ ဘယ်အရာပဲဖြစ်ဖြစ် သတိပြု လေ့လာ စူးစမ်း နေမယ်ဆိုရင် ထူးခြား တိုးတက်မှုတွေကတော့ ရှိစမြဲပါ။ ဒီဝက်ဘ်ဆိုက်မှာ ပရလောကထဲက တစ္ဆေ၊ သရဲတွေကို မထင်မှတ်ပဲ ရိုက်ကူး တွေ့ရှိထားတဲ့ ဗီဒီယို မှတ်တမ်းဖိုင်တွေ ကြည့်ရှုရမှာ ဖြစ်ပါတယ်။ ဗီဒီယို တစ်ခုချင်းစီမှာ ဖြစ်စဉ်ကို ရှင်းလင်း တင်ပြပေးထားပြီး ချောင်ထဲမှာ ငိုနေတဲ့ သရဲမလေး၊ ချောင်းကြည့်နေတဲ့ အိမ်ထဲက သရဲ၊ ခွဲစိတ်ခန်းထဲက ကင်မရာမှာ ပေါ်တဲ့ သရဲ၊ ဓာတ်လှေကား စီးတဲ့သရဲ၊ မီးဖိုချောင်ထဲက ထူးဆန်းစရာများ၊ ယာဉ်တိုက်မှုကြောင့် သေပြီး အသုဘလုပ်တဲ့ရက်မှာ အိမ်ပေါ် ပြန်ရောက်နေတဲ့ သရဲ၊ အခန်းထဲ လိုက်ဝင်လာတဲ့ နောက်က အရိပ်၊ မှန်ထဲမှာ ပေါ်လာတဲ့ ကလေးသရဲ စတဲ့ ဗီဒီယိုတွေ ကြည့်ရှုရမှာ ဖြစ်ပြီး တစ္ဆေ၊ သရဲ အတွေ့အကြုံတွေ၊ မှတ်တမ်း ဓာတ်ပုံတွေ တင်ပြပေးထားပါတယ်။

## သဘာဝနဲ့ သက်ရှိဖြစ်စဉ်




http://www.nationalgeographic.com

သဘာဝနဲ့ သက်ရှိ ဖြစ်စဉ်၊ ဂြိုဟ်တွေနဲ့ ပတ်သက်တဲ့ ပထဝီဆိုင်ရာ သဘောတရားတွေကို ရှာဖွေ လေ့လာ တင်ပြပေးနေတဲ့ နာမည်ကျော် National Geographicရဲ့ ဝက်ဘ်ဆိုက်ပါ။ (Website Traffic ဖြစ်နေလို့ ယင်းဝက်ဘ်ဆိုက်ရဲ့ www.facebook.com/natgeo စာမျက်နှာကိုသာ ဖော်ပြထားခြင်း ဖြစ်ပါတယ်) ယင်းအဖွဲ့အစည်းကို ၁၈၈၈ခုနှစ် ကတည်းက တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သက်ရှိနဲ့ ရှေးဟောင်းမြို့တော်၊ သဘာဝနဲ့ စွမ်းအင်၊ ယဉ်ကျေးမှု၊ နည်းပညာ၊ ရေ၊ ဓာတ်ပုံ ဗီဒီယို သတင်းတွေကို နေ့စဉ် ရေးသား တင်ဆက် ပေးထားပါတယ်။ ဒါတင်မက ပညာရေး၊ မိုဘိုင်းဖုန်း၊ ဂိမ်းနဲ့ သီချင်းကဏ္ဍတွေ ထည့်သွင်း ပေးထားတဲ့အပြင် ခရီးသွား ဓာတ်ပုံပြိုင်ပွဲတွေ ပါဝင်တဲ့ ဓာတ်ပုံကဏ္ဍ၊ တီဗီအစီအစဉ်၊ အကောင်ပလောင်မျိုးစုံရဲ့ အချက်အလက်တွေ၊ Panoramas ဓာတ်ပုံတွေ ပါဝင်တဲ့ တိရစ္ဆာန်ကဏ္ဍ၊ ကမ္ဘာကြီးပူနွေးမှု၊ သဘာဝ ဘေးအန္တရာယ်တွေ ပါဝင်တဲ့ ဂန်းကျင်ကဏ္ဍ၊ စွန့်စားမှု ကဏ္ဍတွေလည်း ထည့်သွင်း တင်ပြထားပါတယ်။

## အနုပညာ သုခမလွင်ပြင်




http://www.art.com

အနုပညာရပ် အမျိုးမျိုးအတွက် အကျုံးဝင် အရေးပါလှတဲ့ မြင်မှုဆိုင်ရာ အနုပညာရပ်မှာ တစ်ခု အပါအဝင်ဖြစ်တဲ့ ပန်းချီ ပညာရပ်တွေ ကြည့်ရှုရမယ့် ဝက်ဘ်ဆိုက်ပါ။ ပန်းချီပညာရှင်တွေ ဖြစ်တဲ့ An Gogh, Picasso, Warhol, Monet, Klimt, Daliတို့ရဲ့ ပန်းချီကားတွေကို ခံစားကြည့်ရှုရမှာ ဖြစ်ပြီး ပန်းချီကားရဲ့ အရွယ်အစား၊ ဈေးနှုန်းနဲ့ အသေးစိတ် အချက်အလက် တင်ပြထားလို့ ကြိုက်နှစ်သက်တာတွေကို အွန်လိုင်း ပေါ်မှာတင် ဝယ်ယူနိုင်ပါတယ်။ Fine Art, Decorative Art, Vintage Art, Photographyစတဲ့ ပန်းချီပုံစံ အမျိုးအစားအလိုက် သိန်းချီရှိတဲ့ ပန်းချီကားပေါင်းများစွာ ကြည့်ရှု ကူးယူထားနိုင်မှာ ဖြစ်ပါတယ်။ ဓာတ်ပုံ ပန်းချီတွေ၊ အရောင်းရဆုံး ပန်းချီကားတွေ၊ ပိုစတာတွေလည်း ထည့်သွင်းပေးထားပြီး National Geographic, Lonely Planet, Panoramic Images, Exclusive Productsနဲ့ Life Collection Posterတွေကိုလည်း ထည့်သွင်း ပေးထားပါတယ်။

## သိလိုရာမေး တိကျတဲ့ အဖြေပေး




http://www.wisegeek.com

သိလိုသမျှ အကြောင်းအရာတွေနဲ့ ပတ်သက်လို့ မေးသမျှ မေးခွန်းတိုင်းအတွက် တိကျစွာ ဖြေဆိုပေးနေတဲ့ ဝက်ဘ်ဆိုက်ပါ။ မေးမြန်းလိုသူတွေအနေနဲ့ သက်ဆိုင်ရာ ဘာသာရပ် အကြောင်းအရာ ခေါင်းစဉ်အောက်မှာ မေးချင်တဲ့ မေးခွန်းများ ဖြည့်စွက်ကာ ပေးပို့ရမှာ ဖြစ်ပြီး ပညာရှင်များမှ ဖြေဆိုပြီးသော အဖြေများကို ဝက်ဘ်ဆိုက်တွင် ရေးသား လွှင့်တင်ကာ မေးမြန်းသူရဲ့ အီးမေးလ် လိပ်စာဆီသို့လည်း ပေးပို့ပေးမှာ ဖြစ်ပါတယ်။ နည်းပညာ၊ စီးပွားရေး၊ အင်တာနက်နှင့် ကွန်ပျူတာ၊ ပညာရေး၊ ချက်ရေးပြုတ်ရေး၊ အလှအပ၊ ဘာသာစကား၊ သိပ္ပံ၊ စိတ်ပညာ၊ ကျန်းမာရေး၊ ဥယျာဉ်ခြံမြေ၊ ခရီးသွားလာရေးယာဉ်၊ ရင်းနှီးမြှုပ်နှံမှု ငွေကြေး၊ အာဟာရ၊ ဖက်ရှင်၊ ဂီတ၊ လူမှုရေး၊ သမိုင်းရေးရာ၊ ဥပဒေ၊ အားကစားဆိုင်ရာ အကြောင်းအရာ အချက်အလက်တွေ စူးစမ်း ရှာဖွေ မေးမြန်းနိုင်မှာ ဖြစ်ပါတယ်။

## နည်းပညာ စစ်တုရင်




http://www.spacewar.com

မတရား ရယူပိုင်ဆိုင်ချင်မှု၊ သူတစ်ပါး ပျက်စီးစေဖို့ အထိန်းအကွပ်မဲ့ ပရမ်းပတာ ကြမ်းတမ်းစွာ ထွက်လာတဲ့ ဒေါသ၊ စေ့စပ် ညှိနှိုင်းမှု မရှိဘဲ အသိဉာဏ်မဲ့ ကိုယ်ထင်ရာ ကိုယ်လုပ်တဲ့ အပြုအမူစတဲ့ ပဋိပက္ခ ဖြစ်ရပ်တွေဟာ အဖွဲ့အစည်းကြားမှာ ပြဿနာ အရပ်ရပ် ဖြစ်ပွားရုံမျှမက ကမ္ဘာမှာ စစ်ပွဲတွေ ဖြစ်လာစေတဲ့ အကြောင်းအရင်း တွေပါပဲ။ ဒီဝက်ဘ်ဆိုက်မှာ စစ်ရေးစစ်ရာ၊ နျူကလီးယား လက်နက်တွေ အကြောင်း၊ အမေရိကန် လက်ချက်နဲ့ အသက်ပျောက်ရတဲ့ အိုစမာဘင်လာဒင် သတင်းအပါအဝင် ကွန်ပျူတာ ကွန်ရက်တွေကြားထဲက ဆိုက်ဘာ စစ်ပွဲ၊ ပါကစ္စတန်၊ အီရတ်၊ လစ်ဗျားနိုင်ငံတွေမှာ ဖြစ်ပွားတဲ့ အကြမ်းဖက် တိုက်ခိုက်မှုတွေ၊ မြောက်ကိုရီးယား အရေး၊ ဘင်လာဒင် သေဆုံးမှုကို ကောင်းမွန်တဲ့ ရလာဒ်အဖြစ် ရှုမြင်တဲ့ တရုတ်နဲ့ ဂျပန်၊ နေတိုးယာဉ် ခြောက်စီးကို ဒုံးကျည်စာ ကျွေးလိုက်တဲ့ ပါကစ္စတန် လက်နက်ကိုင်စတဲ့ နောက်ဆုံးရ သတင်းတွေ ဖတ်ရှုရမှာ ဖြစ်ပါတယ်။

## အချိန်ခါသင့်လုပ်ဆောင်တတ်ဖို့




http://www.time-management-guide.com

အချိန်ကို သူ့နေရာနဲ့သူ အကျိုးရှိအောင် စီစစ် အသုံးချဖူးပါသလား။ ဒီဝဘ်ဆိုက်မှာ အလုပ်ချိန်၊ စာကြည့်ချိန်၊ အားလပ်ချိန်၊ လေလွင့်ချိန် စတဲ့ ဟာဟီရ ကိစ္စမျိုးစုံ လုပ်ဆောင်နေတဲ့ အချိန်တွေကို စီမံခန့်ခွဲ အသုံးပြုတတ်အောင်၊ အချိန်ကို ရွှေလို တန်ဖိုးထား စုဆောင်းတတ်စေဖို့ အသေးစိတ် ညွှန်ပြထားပါတယ်။ အောင်မြင်တဲ့ သူတစ်ယောက် ဖြစ်လာစေခြင်းရဲ့ အခြေခံအုတ်မြစ်ဟာလည်း အချိန်ကို ကောင်းစွာ အသုံးချနိုင်ခြင်းပဲ ဖြစ်တာမို့ ဝက်ဘ်ဆိုက် စာမျက်နှာ တစ်ခုစီမှာပါတဲ့ အကြောင်းအရာတွေကို ဖတ်ရှုခြင်းအားဖြင့် သင့်ရဲ့ စွမ်းရည် တိုးတက်လာပါလိမ့်မယ်လို့ ဆိုပါတယ်။ အချိန်ကို စီမံ၊ ပန်းတိုင်ကို သတ်မှတ်၊ နေ့စဉ်လုပ်ဆောင်မှုကို ထိရောက်စွာ မှတ်သား၊ ခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို လျင်မြန်စွာချ၊ အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင် စတဲ့ နည်းလမ်းအသွယ်သွယ် တင်ပြထားတဲ့အတွက် အောင်မြင်မှု ရရှိဖို့ ကြိုးပမ်းနေသူ အားလုံး ဝင်ရောက် ကြည့်သင့်ပါတယ်။

APT တင်ဆက်သည်။

# Amazonမှ 8.9inches Kindle Fire HDကို ဈေးလျှော့ရောင်းမည်

ညီညီနိုင်




Image Credit: www.wired.com

Amazonမှ 8.9inches Kindle Fire HDကို အရင်ကထက် သက်သာတဲ့ ဈေးနှုန်းဖြင့် ဥရောပနဲ့ ဂျပန်ဈေးကွက်တို့မှာ ပထမဦးဆုံး ဖြန့်ချိမှာ ဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့ USD 269နဲ့ ဖြန့်ချိမှာ ဖြစ်တယ်လို့ သိရပြီး အရင်ကထက် USD 30 လျှော့ချပေးလိုက်ခြင်း ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ 4G Versionကိုတော့ USD 499ကနေ USD 399ကို လျှော့ချလိုက်တယ်လို့ သိရပါတယ်။ ဒီလို လျှော့ချလိုက်တဲ့ ဈေးနှုန်းတွေနဲ့ Kindle Fireကို ဂျပန်၊ UK၊ ဂျာမနီ၊ ပြင်သစ်နဲ့ အီတလီတို့မှာ စတင်ရောင်းချပြီဖြစ်ပါတယ်။ Amazonရဲ့ Vice President ဖြစ်သူ Dave Limpကတော့ ကုမ္ပဏီရဲ့ ထုတ်လုပ်မှု စရိတ်တွေကို လျှော့ချပြီး Customerတွေကို ကုန်ကျစရိတ် သက်သာအောင် ပြုလုပ်ပေးမယ်လို့ ပြောခဲ့ပါတယ်။ ဒါ့အပြင် ဥရောပနဲ့ ဂျပန်ဈေးကွက်မှာ 8.9inches Kindle Fire HDကို ရောင်းအားချဲ့ထွင်ပြီး ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရင် ဈေးနှုန်းကိုလည်း လျှော့ချနိုင်မှာ ဖြစ်တယ်လို့ သိရပြီး Amazonဟာ သူတို့ရဲ့ ထုတ်ကုန်တွေကို Customerတွေ တတ်နိုင်တဲ့ ဈေးနှုန်းနဲ့ ရောင်းချဖို့ အမြဲဆန္ဒရှိတယ်လို့လည်း ပြောခဲ့ပါသေး တယ်။ ဒီလို ဈေးလျှော့ချမှုဟာ USD 729 တန်ဖိုးရှိတဲ့ Appleရဲ့ 32GB 4G LTE Tablet တစ်လုံးဝယ်ယူမယ့် Customer တစ်ယောက်ကို ကောင်းကောင်း ဆွဲဆောင်နိုင်မယ့် ဈေးနှုန်းဖြစ်တယ်လို့ သိရပါတယ်။

Ref: www.wired.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 12
MYANMAR ICT JOURNAL

# CIAနှင့် Amazonတို့ Cloud Systemနှင့် ပက်သက်သော စာချုပ်တစ်ခုချုပ်ဆို

မင်းဆန်း



Image Credit: http://www.forbes.com

CIA ရဲ့နောက်ဆုံး အစီရင်ခံစာအရ Cloud ဟာ လုံခြုံစိတ်ချရမှု မရှိပေမဲ့၊ CIA သည် Amazonနှင့် ဒေါ်လာ သန်း ၆၀၀ တန်ကြေးရှိ စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ပြီး၊ လာမည့် ၁၀နှစ်အတွင်း အဆင့် မြှင့်တင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရပါသည်။ "Amazon ဟာ သင်ထောက်ကူပြု Site တစ်ခုအဖြစ် အသုံးဝင်တဲ့ Web တစ်ခုဖြစ်ပြီး၊ Cloudကတော့ နည်းပညာဖွံ့ဖြိုးမှုကို အထောက်အကူပေးနိုင်မယ့် System တစ်ခုပါ၊ CIAဟာ Cloud ရဲ့အကူအညီနဲ့ ကုန်ကျစရိတ်သက်သာစွာနဲ့ Dataတွေကို ရရှိနိုင်မှာပါ" ဟု FCW မှ ဆောင်းပါးတစ်ခုတွင် ဖော်ပြ ထားသည်ကိုတွေ့ရပါသည်။ Central Intelligence Agency Chief Informationမှ တာဝန်ရှိသူ Jeanne Tisingerက မတ်လ ၁၂ ရက်နေ့ Nothern Virginia Technology Council ဒါရိုက်တာ အဖွဲ့အစည်းအဝေးတွင် "CIA၏ စီးပွားရေးအပိုင်းကဏ္ဍတွင် ဩဇာသက်ရောက်မှုတွေ၊ ကုန်ကျစရိတ် သက်သာသော သတင်းနှင့်နည်းပညာများ လေ့လာစူးစမ်းမှုတွေ၊ Software အသုံးချ အဖြေရှာမှုများစွာ ရှိနေပါတယ်"ဟု ပြောကြားခဲ့ပါသည်။ Amazonဘက်မှ တာဝန်ရှိသူများမှ စာချုပ်နှင့် ပက်သက်၍ ကြေညာမှု တစ်စုံတစ်ရာ မရှိခဲ့ကြောင်းနှင့် စာချုပ်နှင့်ပက်သက်သော သတင်းများအား CIA ဘက်မှသာ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

# Appleနှင့် Samsung ကြားက Smart Watches တိုက်ပွဲ

မင်းဆန်း



Image Credit: http://www.forbes.com

Samsungဟာ မကြာသေးခင်ကမှ Active Smart Watchတွေ ထုတ်လုပ်ဖို့အတွက် ကိုရီးယားလူမျိုး တီထွင်သူတွေကို တာဝန်ပေးလိုက်သလို၊ Apple ကလည်း သူရဲ့ပညာရှင် ၁၀၀ကျော် ပါတဲ့အဖွဲ့ကို ဖန်တီးမှုအသစ်တွေ ပြုလုပ်လေ့လာသွားဖို့ ပြောလိုက်ပါပြီ။ Samsung ဟာ သူ့ရဲ့စမ်းသပ်မှု အင်ဂျင်နီယာတွေကို တီထွင်ဖန်တီးမှုနှင့် ပတ်သက်လို့ အချိန် အကန့်အသတ်မရှိ စမ်းသပ်ခွင့် ပေးလိုက်ပါတယ်။ Smart Watchများနဲ့ ပတ်သက်ပြီး လတ်တလော ဈေးကွက်မှာ ကြုံတွေ့နေရတဲ့ ပြဿနာတစ်ခုက Smart Watchတွေဟာ လက်ရှိအသုံးပြုနေတဲ့ ပုံမှန်နာရီတွေထက် လူကြိုက် နည်းနေတာပါပဲ။ ကမ္ဘာ့အကြီးဆုံး နာရီကုမ္ပဏီကြီး တစ်ခုဖြစ်တဲ့ Citigroupဟာ ဈေးကွက်အတွင်း ဒေါ်လာ ဘီလီယံပေါင်း ၆၀ လောက်အထိ ဖြန့်ကျက်ထားပေမယ့် မကြာခင် အချိန်အတွင်းမှာတော့ Smart Watchတွေအနေနဲ့ လူကြိုက်များလာမယ်လို့ Samsungက မျှော်လင့်နေပါတယ်။ ဒါ့အပြင် Smart Watch ဈေးကွက် အောင်မြင်လာခဲ့ရင် နောက်ဆက်တွဲအနေနဲ့ Kickstarter Start-up Pebble Watchကိုပါ ဈေးကွက်တင်ဖို့ ကြိုးစားလာမယ်လို့လည်း သိရပါတယ်။ Smart Watch ဈေးကွက် စမ်းသပ်မှုအနေနဲ့ ပထမလအတွင်း နာရီပေါင်း ၂၅,၀၀၀ကို ဈေးကွက် တင်ခဲ့ပြီး၊ အောင်မြင်အောင် ရောင်းချနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဈေးကွက် သဘောတရားအရ Smart Watchတွေ ဖန်တီးထုတ်လုပ်ဖို့အတွက် Appleနဲ့ Samsungတို့ အပြိုင် ကြိုးပမ်းလာခဲ့ကြတာ ဖြစ်ပါတယ်။

Ref: www.forbes.com

# Cyber Warfareအတွက် NATOမှ ဥပဒေများ ပုံနှိပ်ထုတ်ဝေသွားမည်

မင်းဆန်း


Image Credit: gkphilippines.com

Cyber Warfareနှင့် ပတ်သက်သော ဥပဒေများ ထုတ်ပြန်ထားပြီးဖြစ်သော်လည်း လိုက်နာမှု မရှိသည့် အဖွဲ့များ ရှိနေခြင်းကြောင့် NATOမှ ၎င်းနှင့် ပတ်သက်သော ဥပဒေများအား ပုံနှိပ်ထုတ်ဝေသွားမည် ဖြစ်ကြောင်း သိရပါသည်။ သတင်းအချက်အလက်နှင့် ပတ်သက်သော အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုတို့၏ တိုက်ခိုက်မှုများတွင် အချင်းချင်း အပြန်အလှန်နားလည် လိုက်နာရမည့် လက်စွဲဥပဒေ လုပ်ထုံးအဖြစ် ထုတ်ဝေသွားမည်ဖြစ်သည်။ U.S Naval War College ပါမောက္ခ Michael Schmitt မှ "Internet အသုံးပြုသူတွေဟာ သူတို့ဘာတွေ လိုက်နာသင့်တယ်၊ စောင့်ထိန်းသင့်တယ် ဆိုတာတွေကို မေ့နေကြပါတယ်၊ ဒီတော့ Cyber Warfareဟာ တခြားအဖွဲ့အစည်းတစ်ခုကို တိုက်ခိုက်ရတဲ့ လက်နက်တစ်ခုဆန်ဆန် ဖြစ်လာပါတယ်" ဟုပြောပါသည်။ လန်ဒန်တက္ကသိုလ်မှ နိုင်ငံတကာ ဥပဒေပညာရှင် Marco Roscini၏ ထင်မြင်ချက်မှာ NATOသည် ၁၉ရာစုနှစ်အတွင်း စစ်ရေးဆိုင်ရာ စည်းကမ်းများနှင့် ဆင်တူသော ဥပဒေကို ထုတ်ပြန်ခြင်းမျိုးဖြစ်ပြီး၊ Internet ရှုပ်ထွေးမှုများအပေါ် ဘယ်လောက်ထိ ဖြေရှင်းပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရန်လိုကြောင်း ပြောပါသည်။ ဥပဒေစာမျက်နှာ ၂၈၂ တွင် ဖော်ပြချက်များအရ တိုက်ခိုက်မှု တစ်ခုခုအတွက် ဘယ်လိုအရပ်ဘက် အဖွဲ့အစည်းကမှ ပါဝင် ဖြေရှင်းပေးမှာ မဟုတ်ပဲ၊ စစ်ဘက်ဆိုင်ရာမှသာ တာဝန်ယူဖြေရှင်းမှာ ဖြစ်တာကြောင့် ဒီဥပဒေဟာ ခဏချင်း အသက်ဝင်ပါလိမ့်မယ်ဟုလည်း သုံးသပ်ထားပါသည်။ Serverမှ တိုက်ခိုက်မှုများအပြင် တိုက်ခိုက်မှုနှင့် သက်ဆိုင်သော Dataများအား စုဆောင်း သိမ်းဆည်းထားပါကလည်း တိုက်ခိုက်မှု တစ်မျိုးအဖြစ် အပြစ်ရှိမည်ဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် Cyber Warfareသည် မှုခင်းဖြစ်ပေါ်မှုအား အထောက်အကူ ဖြစ်စေမည့် Serverတစ်ခု ဖြစ်လာနိုင်ကြောင်းလည်း သတိပေးထားပါသည်။ ကြိုတင်ကာကွယ်မှုအနေဖြင့် တိုက်ခိုက်မှု တစ်ခုခုပေါ်ပေါက်လာပါက Internet အသုံးပြုမှုများအား ချက်ချင်း ပိတ်ပစ်မည်ဖြစ်ကြောင်းနှင့် ကာကွယ်ရေးစနစ်များ လည်ပတ်ပြီးမှသာ စနစ်အား ပြန်လည် ဖွင့်ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။ ဥပဒေ ရေးဆွဲမှုတွင် အဓိကသုံးသပ်ရေးဆွဲသူ ၂၄ဦးခန့်ရှိပြီး၊ ၎င်းတို့မှာ NATOမှ တာဝန်ရှိသူများ၊ လေ့လာသူများနှင့် စည်းကမ်း ထိန်းသိမ်းရေးမှူးများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ဥပဒေနှင့် ပတ်သက်၍ ပြင်ဆင်ချက်များ၊ ဥပဒေ အသစ်များကိုလည်း ရေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။ "စစ်သားတွေဟာ သူတို့ရဲ့ ယူနီဖောင်းတွေ အမြဲတမ်းဝတ်ဆင်ထားသင့်ပြီး၊ လက်နက်တွေကိုလည်း အမြဲကိုင်ဆောင်ထားသင့်သလို၊ ကျွန်တော်တို့ အနေနဲ့လည်း တိုက်ခိုက်လာမှုတွေအတွက် အမြဲတမ်းကြိုတင်ပြင်ဆင်ထားသင့်ပါတယ်" ဟုလည်း အကြံပေး ပြောကြားသွားပါသည်။

Ref:www.forbes.com

# Googleက သူ့ရဲ့ မြန်နှုန်းမြင့် Google Fiber Serviceကို စတင် သုံးစွဲခွင့်ပြု

မင်းဆန်း


Image Credit: news.cnet.com

Googleဟာ Green light အမည်ရှိ Fiber ဖြန့်ကျက်စနစ်ကို အကောင်အထည် ဖော်ပြီးတဲ့နောက် ယခုအခါ Olatheနဲ့ Kansas City နှစ်မြို့စလုံးမှာ Internetနဲ့ Video service the Webတွေကို Fiber စနစ်မှတဆင့် သုံးစွဲနိုင်နေပြီဖြစ်ပါတယ်။ Olathe မြို့တော်ဝန်က မတ်လ ၁၉ ရက်နေ့မှာ Olathe နဲ့ Kansas နှစ်မြို့မှာ ရှိတဲ့ လူဦးရေပေါင်း ၁၂၅,၀၀၀ တို့အား မြန်နှုန်းမြင့် Internet Access သုံးစွဲနိုင်ပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ Google ကတော့ Fiber စနစ်နဲ့ ပတ်သက်ပြီး အကောင်းဆုံးကြိုးစားဆောင်ရွက်ထားကြောင်းနဲ့ ဒီစနစ်ရဲ့ အောင်မြင်မှုအပေါ် စောင့်ကြည့်ပြီး အခြားနေရာတွေမှာလည်း Fiber ကွန်ယက်တွေ အကောင်အထည်ဖော်သွားမယ်လို့ ပြောပါတယ်။ " ဒီလို Fiber ကွန်ယက်တွေ အကောင်အထည်ဖော်မှုတွေက ဒေသတွင်း ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးပွားလာမယ်၊ ဒေသတွင်း စီးပွားရေး လုပ်ငန်းတွေ တိုးတက်လာမယ်၊ Olathe ကိုလည်း အချက်အခြာကျတဲ့ မြို့တစ်မြို့ ဖြစ်လာစေမှာပါ" ဟု Google Fiber စနစ်မှ မန်နေဂျာ Rachel Hack ကပြောပါတယ်။ Fiber ကွန်ယက် စတင် အသုံးပြုပြီး ၉လ အတွင်းမှာ တစ်စက္ကန့်ကို 1 Gigabitနှုန်းအထိ မြန်ဆန်အောင် လည်ပတ်နိုင်မယ်လို့ မျှော်လင့်ထားကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် အဆိုပါ ကွန်ယက်အောင်မြင်ခဲ့ပါက Goggle Fiber TV စနစ်ကိုပါ ဆက်လက် အကောင်အထည် ဖော်သွားမှာ ဖြစ်ပါတယ်။ Google Fiber စနစ်မှာ အသုံးပြုနိုင်မည့် Packages လိုင်းအမျိုးအစား သုံးမျိုးပါရှိပြီး၊ တစ်လအတွက် ပေးဆောင်ရမယ့် နှုန်းထားတွေကတော့ Gigabit and Fiber TV service အတွက် ဒေါ်လာ ၁၂၀၊ 1 Gbps Broadband အတွက် ဒေါ်လာ ၇၀ ဖြစ်ပြီး၊ နောက်ဆုံး Packageကတော့ အခမဲ့အသုံးပြုခွင့်ရရှိမှာဖြစ်ပြီး အချိန်ဖြင့်သာ ကန့်သတ် သုံးစွဲနိုင်မည့် 5 Mbps Download and 1 Mbps Upload များ ပါဝင်ပါတယ်။

Ref:news.cnet.com

# Android Deviceတွေအတွက် Gmailရဲ့ Feature အသစ်

ညီညီနိုင်



Image Credit: gmailblog.blogspot.com

Android Deviceတွေမှာ Gmailကို Notification Windowကနေ တိုက်ရိုက် Reply လုပ်နိုင်ဖို့ Googleမှ Update ပြုလုပ်လိုက်ပါတယ်။ Mailတွေ ရှာဖွေဖို့ Archive ပြုလုပ်ဖို့နဲ့ Reply လုပ်ဖို့ကို Notification Window တစ်နေရာတည်းမှာ ပြုလုပ်နိုင်ဖို့ Gmail Android Application အသစ်ကို Launch လုပ်လိုက်တာ ဖြစ်ပြီး Andriod 4.1နဲ့ အထက်မှာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ Gmailရဲ့ Notification Featureတွေလည်း ဆက်လက်ပါဝင်လာဦးမှာ ဖြစ်ပြီး Update ပြုလုပ်လိုက်တဲ့ Feature အသစ်နဲ့လည်း တွဲဖက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Mailအတွက် Notification ပြပေးဖို့ ပမာဏကို Limit လုပ်ထားလို့ ရတယ်ဆိုတဲ့ အချက်ကိုလည်း Googleမှ သူတို့ရဲ့ Customer တွေကို အကြံပြုထားပါတယ်။ ဒါ့အပြင် မိမိဆီ Mail ပို့မယ့် Mail လိပ်စာတွေကို Lable သီးသန့် တပ်ထားနိုင်ပြီး Notification တက်လာရင် သိနိုင်ဖို့ Ringtoneကိုလည်း ခွဲခြား သတ်မှတ်ထားလို့ ရပါတယ်။ ဒီလို နောက်ဆုံး Update လုပ်လိုက်တဲ့ Gmail Android Applicationဟာ Inboxထဲက Mailတွေကို ရှာဖွေတဲ့နေရာမှာ လျင်မြန်ဖို့ အထူးဆောင်ရွက်ထားတာဖြစ်ပြီး play.google.comမှာ Download ရယူနိုင်ပါတယ်။

Ref: gmailblog.blogspot.com

# Jailbreak Block စနစ်အတွင်း ဝင်ရောက် တိုက်ခိုက်မှုများ ရှိနိုင်သောကြောင့် Appleမှ ၎င်းBlockအား အသုံးမပြုရန် ပိတ်ပင်

မင်းခန့်



Image Credit: http://www.forbes.com

Jailbreak Blockအား သုံးစွဲခွင့်ပြုပြီး ၄ရက်မှာပင် Apple မှ အဆိုပါ စနစ်အတွင်း ဝင်ရောက်တိုက်ခိုက်မှုများ ရှိနိုင်ကြောင်း ကြေညာခဲ့ပြီး၊ Userများအား ဆက်လက်အသုံးမပြုရန် ပိတ်ပင်လိုက်ကြောင်းသိရပါသည်။ Hacker များ၏ တိုက်ခိုက်မှုကာကွယ်ရေး Upate version 6.1.3ကို ပြီးခဲ့သော အင်္ဂါနေ့က အသုံးပြုခွင့်ပေးခဲ့ပြီး၊ အဆိုပါစနစ်တွင် Hackingများနှင့် ပတ်သက်သော ကာကွယ်နည်းများကို ထည့်သွင်းပေးထားကြောင်း၊ ထို့အပြင် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်၍ Appleထုတ် Phoneများနှင့် Tabletများတွင် အသုံးပြုနေသော Jailbreak စနစ်များ သတိပြု အသုံးချသွားရန် ညွှန်ကြားခဲ့ကြောင်းလည်း သိရပါသည်။ အဆိုပါ စနစ်အား အဓိကတိုက်ခိုက်နေသူဟု ယူဆရသော Hacker လေးဦးရှိပြီး၊ Apple အနေဖြင့် ၎င်းတို့လေးဦးအား သတိပြုမိလာစေရန် ပြုလုပ်နေခြင်းမျိုးဖြစ်ကြောင်း သိရသည်။ Jailbreaking စနစ်များနှင့် ပက်သက်၍ အုပ်ချုပ်ရေးဆိုင်ရာ Cydia appမှ အုပ်ချုပ်သူ Jay Freeman၏ အဆိုအရ Jailbreaking ဟာ လက်ရှိအချိန်အထိ အသုံးပြုနေသူပေါင်း ၁၈.၂ သန်းရှိနေပြီး၊ စနစ်စတင်လည်ပတ်ခဲ့ပြီး ၆ ပတ်အကြာတွင် ယခုလို တိုက်ခိုက်လာခြင်းဖြစ်ကြောင်းနှင့် သုံးစွဲသူ ၁၈.၂ သန်းအနက် iPhonesနှင့် သုံးစွဲသူပေါင်း ၁၃.၈သန်း၊ iPadsနှင့် သုံးစွဲသူ ၃.၄သန်း၊ iPods Touchနှင့် သုံးစွဲသူပေါင်း ၁.၁ သန်းရှိနေပြီး၊ ၂၀၁၁ ခုနှစ်အတွင်းကလည်း ယခုလိုတိုက်ခိုက်မှုမျိုးရှိခဲ့သဖြင့် ၂ သန်းခန့်သော စက်များတွင် သက်ရောက်မှုရှိခဲ့ကြောင်းသိရပါသည်။ အခုနောက်ဆုံး Appleမှ ဖြန့်ချိလိုက်သည့် Hacking ကာကွယ်ရေး စနစ်သည် User ၏ စနစ်အတွင်း ဝင်ရောက်တိုက်ခိုက်ခံနေရချိန်မှာပင် ဖုန်းခေါ် ဆိုမှုနှင့် Private Data အသုံးပြုမှုများ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်းလည်း သိရပါသည်။ အဓိက Virus ကူးစက်နိုင်တဲ့နည်းလမ်းက Userရဲ့ စက်နဲ့ Virus ရှိနေတဲ့ PC တစ်ခုခုကို တိုက်ရိုက်ချိတ်ဆက်မှုကြောင့် ဖြစ်နိုင်ကြောင်းလည်း သိရပါသည်။ ယခုအသစ်ထုတ်လိုက်သည့် iOS 6.1.3 တွင် Bugs အရေအတွက်ပေါင်း ၆ ခုရှိပြီး၊ " ကျွန်တော်တို့ အခုချိန်မှာ စနစ်အတွင်း Bugs ဘယ်နှစ်ခုဖန်တီးရမယ်ဆိုတာ မသိသေးပါဘူး၊ အကောင်းဆုံးကတော့ နောက်ထပ် စနစ် အသစ်တခု ထွက်သည်အထိ စောင့်ဖို့ပါပဲ "ဟု Hacker တစ်ဦးဖြစ်သူ David Wangမှ ပြောပါသည်။ ထို့အပြင် iOS 6.1.3အား ချက်ချင်း Updates ပြုလုပ်မည်ဆိုပါကလည်း Jailbreak၏ စွမ်းဆောင်ရည်များကို ရရှိနိုင်ဦးမည် မဟုတ်ဘဲ၊ နောက်ထပ် Version အသစ်မထွက်မီအချိန်အထိ လပိုင်းမှ၊ နှစ်ပိုင်းအထိအချိန် ကြာမြင့်လိမ့်မည် ဖြစ်ကြောင်းလည်း သိရပါသည်။

## Soft Guide



### My Paint

အရွယ်အစား - 8.58 MB
ဝက်ဘ်ဆိုက် - http://mypaint.intilinux.com
တွဲသုံးနိုင်သည့်စနစ် - Win 98/2000/XP/Vista/7

ဒီဂျစ်တယ် ကွန်ပျူတာနဲ့ ပန်းချီ ရေးဆွဲတဲ့ သူတွေအတွက် အသုံးဝင်မယ့် ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ ခဲဆွဲပန်းချီ၊ မင်ပန်းချီတွေ ပါဝင်တဲ့ ဆေးသုတ်တံ အမျိုးအစား အစုံအလင် ပါရှိပြီး လူမှုဆက်သွယ်ရေး ကြားခံ မီဒီယာစနစ်ကို ပိုမို အသက်ဝင်၊ ကောင်းမွန်စေရန် လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ မတူညီတဲ့ ဝင်းဒိုးစနစ်၊ Touch Screen နည်းပညာသုံး Tablet တွေမှာလည်း အသုံးပြုနိုင်မှာဖြစ်ပြီး ပန်းချီဆွဲဖို့ရာ သုံးတဲ့ ပတ္တူစတွေကို အကန့်အသတ်မရှိ၊ အရွယ်အစား ပြောင်းလဲစရာ မလိုဘဲ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။



### Earth Alerts

အရွယ်အစား - 2.82 MB
ဝက်ဘ်ဆိုက် - http://earthalerts.manyjourneys.com
တွဲသုံးနိုင်သည့်စနစ် - Windows 2000/ XP/Vista/7

ရာသီဥတု အခြေအနေ၊ မြေငလျင်၊ မီးတောင်အန္တရာယ်စတဲ့ သတိပေး ကြေညာချက်တွေ ထုတ်ပြန် သိရှိနိုင်မယ့် ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ တစ်သီးတခြား တည်ရှိနေတဲ့ ကျွန်းတွေ အပါအဝင် အမေရိကန် ပြည်ထောင်စု အတွင်းမှာရှိတဲ့ အခြေအနေတွေကိုသာ ဖော်ပြပေးမှာဖြစ်ပြီး ကြောက်ရွံ့မှုနဲ့ ဘေးကင်းလိုမှုဆန္ဒကြောင့် သိချင်စိတ် ပြင်းပြတဲ့ လူသားတွေအတွက် အထောက်အကူ ပြုစေမှာ ဖြစ်ပါတယ်။ ရာသီဥတုဆိုင်ရာ ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတွေ၊ စိတ်ဝင်စားစရာတွေ ပြည့်နှက်နေတဲ့ ကမ္ဘာမြေကို ဘူမိဗေဒဆိုင်ရာ ဆန်းစစ် လေ့လာတဲ့ အဖွဲ့အစည်းတွေကြောင့် ကမ္ဘာကြီး ဖောက်ပြန် ဆိုးသွမ်းတော့မယ်ဆိုရင် အချိန်မီ သိနိုင်တဲ့အတွက် ကံကောင်းတယ် ဆိုရမယ်လို့ ဆော့ဖ်ဝဲ ထုတ်လုပ်သူက ဆိုပါတယ်။




### Eyeball Chat

အရွယ်အစား - 6.72 MB
ဝက်ဘ်ဆိုက် - http://www.eyeballchat.com
တွဲသုံးနိုင်သည့်စနစ် - Windows XP/Vista

